ကြေးမုံ
The Mirror
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ (25-6-2014) (၇၈၈၂)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆလိုဗေးနီးယားနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဇွန် ၂၅

၂၀၁၄ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် ကျရောက်သည့် ဆလိုဗေးနီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆလိုဗေးနီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘိုရွတ် ပါဟော် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၄ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် ကျရောက်သည့် ဆလိုဗေးနီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆလိုဗေးနီးယားသမ္မတ နိုင်ငံ ဝန်ကြီးချုပ် မစ္စ အာလန်ကာ ဘရာတုဆက် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၂၄

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် (၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ စတင်ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လှည့်လည်ကြည့်ရှုအားပေးသည်။ **(ဓါတ်ပုံ)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နံနက် ၈နာရီတွင် ပြပွဲကျင်းပရာ မဏိရတနာ ကျောက်စိမ်းခန်းမသို့ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်၊ ဦးဉာဏ်ထွန်းအောင်၊ ဦးဌေးအောင်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးတေဇ၊ ပြပွဲကျင်းပရေးဗဟိုကော်မတီဝင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် (၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု ဗီဒီယိုမှတ်တမ်းကို လည်းကောင်း၊ ခန်းမအတွင်း၌ ဇရိယာအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာအတုံးများကို လည်းကောင်း၊ ကျောက်စိမ်းနှင့် ကျောက်မျက်အချောထည်များကိုလည်းကောင်း၊ ပွဲလိုက ကျောက်မျက်ရတနာအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ပြပွဲတွင် သက်နိုင်အောင်တုမ္ပဏီတ နိုင်ငံတော်နှင့်အကျိုးတူ တူးဖော်ရရှိသည့် အလေးချိန် ၄ ဒသမ ၆၃ ကီလိုရှိ ဂဲကပ်ပတ္တမြားရိုင်းတစ်ပွင့်ကို နိုင်ငံတော်သို့ပေးအပ်လှူဒါန်းရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က လက်ခံရယူခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

စစ်ကိုင်းတိုင်းဒေသကြီး နာဂတောင်တန်းဒေသတွင် မိုးစပါးစိုက်ဧက ၁၇၀၀၀ ကျော်စိုက်ပျိုးပြီးစီး

မုံရွာ ဇွန် ၂၄

ယခုနှစ် မိုးဦးရာသီတွင် ချင်းတွင်းမြစ်အထက်ပိုင်းတွင် မိုးသည်ထန်းစွာ ရွာသွန်းခဲ့မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး နာဂတောင်တန်းတောင်ပေါ်ဒေသ လှေတားထစ်စိုက်ပျိုးရေးစနစ်ဖြင့် မိုးစပါးစိုက်ဧက ၁၇၀၀၀ ကျော်ကို ဇွန်လဆန်းပိုင်းမှ ဇွန် ၂၀ ရက်အထိ စာရင်းအရ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

"ဒီနှစ် မိုးဦးကာလမှာချင်းတွင်းမြစ်အထက်ပိုင်းမှာ မိုးကောင်းတဲ့အတွက် တောင်ပေါ်ဒေသမှာ လှေကားထစ်စိုက်ပျိုးရေးစနစ်နဲ့ မိုးစပါးကို စိုက်ပျိုးလို့ပြီးပါပြီ။ ဇွန်လပိုင်းကနေ ဇွန် ၂၀ ရက်အထိ စာရင်းအရ နာဂတောင်တန်းဒေသမှာ စိုက်ဧကတစ်သောင်းခုနစ်ထောင်ကျော် စိုက်ပျိုးပြီးပါပြီ" ဟုစစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးဦးရာသီတွင် စတင်စိုက်ပျိုးသော မိုးစပါးစိုက်ဧကမှာ နာဂတောင်တန်းဒေသ တွင် ၁၇၃၆၅ ဧက၊ ရွှေတိုခရိုင်တွင် ဧက ၃၅၁၀၊ ခန္တီးခရိုင်တွင် ၃၀၈၃ ဧက၊ ကသာခရိုင်တွင် ၁၂၇၆ ဧက၊ ကလေးခရိုင်တွင် ဧက ၁၀၈၀၊ ယင်းမာပင်ခရိုင်တွင် ၅၁၃ ဧက၊ မုံရွာခရိုင်တွင် ၃၈ ဧကရှိကြောင်း သိရသည်။ ဇွန်လဆန်းပိုင်းတ မိုးစပါးစိုက်ဧကစာရင်းများအရ ယခင်နှစ်က ၂၄၇၄၃ ဧက ယခုနှစ်တွင် ၂၆၉၆၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုနှစ်နွေစပါးရာသီတွင် ဧက ၅၀၁၀၅၀ စိုက်ပိုးရန် လျာထားခဲ့သော်လည်း ရာသီဥတုပြောင်းလဲမှုနှင့် ဆည်ရေရရှိမှုအပေါ် မူတည်၍ နွေစပါးစိုက်ဧက ၃၈၀၀၀ ဝန်းကျင်အထိ စိုက်ပျိုးနိုင်ခဲ့သည်။ မိုးစပါးစိုက်ပျိုးရာသီတွင် ဧက ၁၈၆၃၂၀၀ စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

မိတ္ထီလာကန်ရေဖြင့် စိုက်ပျိုးသည့် နွေနှမ်း ဧက ၁၀၀ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

မိတ္ထီလာ ဇွန် ၂၄

မိတ္ထီလာမြို့ တောမကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာတွင် ကန်ရေဖြင့်စိုက်ပျိုးသည့် နွေနှမ်း ဧက ၀၀၀ စံပြစိုက်ခင်းမှာ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစန်းလွင်က ပြောသည်။

စာမျက်နှာ ၃ ကော်လံ ၃ သို့ ✳

ကြေးမုံစာတည်းရှုထောင့် ၂၅-၆-၂၀၁၄၊ ဗုဒ္ဓဟူးနေ့

သန့်ရှင်းကာကွယ် ရန်သွေးငယ်

ယနေ့ကမ္ဘာတွင် ဆေးသိပ္ပံပညာရှင်တို့က ရောဂါကာကွယ်ဆေးများ၊ ရောဂါဖြစ်လျှင် ပျောက်ကင်းစေသည့် ဆေးဝါးများကို တထင်ဆန်းသစ ထုတ်လုပ်နေကြသည်။ လူသားများ ကျန်းမာကြံ့ခိုင်ပြီး လူ့သက်တမ်းရှည် နေထိုင်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ ယင်းအကျိုးဆက်ကြောင့် ရောဂါကြီးများဖြစ်ပွားနှုန်း လျော့နည်းလာသကဲ့သို့ သေဆုံးမနှုန်းများ ကျဆင်းလာသည်ကို တွေ့ရသည်။ သို့သော် ရောဂါအသစ်အဆန်းများနှင့် ကူးစက်ရောဂါများ၏ [illegible] လက်ရှိရင်ဆိုင်နေကြရဆဲဖြစ်သည်။

အထူးသဖြင့် ကူးစက်ရောဂါများကြောင့် သေဆုံးရသူများအထဲတွင် ခံနိုင်စွမ်းအားနည်းသည့် (၅)နှစ်အောက် ကလေးငယ် သန်းပေါင်းများစွာ ပါဝင်နေသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် (၅)နှစ်အောက်ကလေး နှစ်စဉ် ၆ ဒသမ ၉ [illegible] သေဆုံးလျက်ရှိသည်။ ၎င်းသေဆုံးသူကလေးငယ်များအနက် သုံးပုံနှစ်ပုံမှာ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် နမိုးနီးယားရောဂါကြောင့် သေဆုံးနေကြရသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် စက္ကန့် ၃၀ လျှင် ကလေးတစ်ဦး သေဆုံးနေကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၏ ခန့်မှန်းချက်အရ သိရှိရသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် သေဆုံးရခြင်း၏ အဓိကအကြောင်းအရင်းအဖြစ် တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် လက်သန့်ရှင်းမှုမရှိခြင်းဟု ဆိုရမည်ဖြစ်သည်။ လက်သန့်ရှင်းခြင်းသည် အနာဂတ်ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသည့်လုပ်ငန်းစဉ်တစ်ရပ်ဟု ဆိုချင်ပါသည်။ လက်ဆေးခြင်းသည် ရိုးစင်းလွယ်ကူပြီး ငွေကုန်ကြေးကျမရှိသည့်အပြင် ရောဂါမဖြစ်စေရန် ကြိုတင်ကာကွယ်သည့်နည်းလမ်းတစ်ရပ်ဖြစ်သဖြင့် ကျောင်းနေအရွယ်ကလေးငယ်များအတွင်း စနစ်တကျ လက်ဆေးခြင်းအမူအကျင့်ကို မိသားစုဝင်တိုင်း၊ မူကြိုနှင့် အခြေခံပညာကျောင်းများမှ ကျောင်းဆရာဆရာမများက သွန်သင်ဆုံးမပြုမူလုပ်ဆောင်ခြင်းများမှ အစပြု၍ လိုက်နာကျင့်သုံးရန် လိုအပ်ပေသည်။

အနာဂတ်တွင် ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများဖြစ်စေရန် မြန်မာနိုင်ငံ၌ နေထိုင်ကြသည့်မိသားစုဝင်များအတွင်း စနစ်တကျလက်ဆေးခြင်း အလေ့အကျင့် ဆက်သွယ်ပညာပေးခြင်းဆိုင်ရာလုပ်ငန်းကို စတင်ဆွေးနွေး လုပ်ဆောင်နေပြီဖြစ်သည်။ လူထုဆက်သွယ်ပညာပေးမပြုလုပ်ရာတွင် မြို့နေလူထု ပညာပေးမထက် ဝေးလံခေါင်သီသည့် ကျေးလက်ဒေသရှိပြည်သူများ၏ ကျန်းမာရေးအသိများကို တိုးမြှင့်လုပ်ဆောင်သွားကြရမည်။ ပြည်သူလူထုအကြား ကျန်းမာရေးအသိ၊ စနစ်တကျလက်ဆေးခြင်းအမူအကျင့်များရရှိစေရန် ဆက်သွယ်ပညာပေးရာတွင် ဗဟုသုတနည်းပါးသည့် အောက်ခြေလူတန်းစားအဆင့်အထိရောက်အောင် ရေဒီယို၊ ရုပ်သံ၊ ပညာပေးဆိုင်းဘုတ်များ၊ သတင်းစာ၊ ဂျာနယ်များတွင်သာမက သက်ဆိုင်ရာဌာနများက ကွင်းဆင်းဟောပြောပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ပညာပေးလှုံ့ဆော်မှုများ လုပ်ဆောင်သွားကြရမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်က ကျန်းမာရေးအသုံးစရိတ်အဖြစ် ဘဏ္ဍာငွေများ တိုးမြှင့်ချထားပေးခဲ့ပြီး ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဝန်ထမ်းများကို တိုးမြှင့်ချထားပေးကာ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကြီး(၄)ရပ်ကို အရှိန်အဟုန်မြှင့် လုပ်ဆောင်လျက်ရှိသည်။ ထိုကဲ့သို့ လုပ်ဆောင်နေချိန်တွင် ပြည်သူများဘက်ကလည်း ရောဂါဖြစ်မှ ကုသခြင်းထက် မဖြစ်ခင်ကြိုတင်ကာကွယ်ခြင်းသည်သာ အကောင်းဆုံးနည်းလမ်းဖြစ်သဖြင့် ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိရန် လိုအပ်ပေသည်။ သိရှိပြီးပါကလည်း လိုက်နာရန် အရေးကြီးပါသည်။

လူမဝန်းကျင်အတွင်း အိမ်သာသန့်၊ အစာသန့်၊ ရေသန့်၊ လက်သန့်ဟူသည့် သန့်(၄)သန့် အခြေခံပြည့်စုံနေစေရန် လိုအပ်ပေသည်။ ပတ်ဝန်းကျင်သန့်ရှင်းရေးသည်လည်း လူတစ်ဦးနှင့်ဆက်စပ်နီးနွယ်နေသဖြင့် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ရှားမှုအဖြစ် အလေးထားလုပ်ဆောင်ကြရပေမည်။ ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့်အတူ တစ်ကိုယ်ရေသန့်ရှင်းရေးအဖြစ် စနစ်တကျ လက်ဆေးခြင်းအမူအကျင့်များပါ ပြည်သူများအတွင်း ပျံ့နှံ့ရောက်ရှိသွားပါက ကလေးငယ်များ၏ သေဆုံးနှုန်းလည်း လျော့နည်းသွားကာ ကျန်းမာပျော်ရွှင်သော မိသားစုဘဝများကို ပိုင်ဆိုင်နိုင်ကြမည်ဟု ရှုမြင်မိပါသည်။ ။

အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၄

လဝက်မကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေး ပြောင်းလဲမှုရှေ့ဆောင်အဖွဲ့ ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ဇွန် ၂၃ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ရွှေရဲယကမဒြာဟိုတယ်၌ ကျင်းပရာ လဝက်မကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ တက်ရောက်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရသစ်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ယခုအခါ တတိယအဆင့် (Third Wave)အဖြစ် ကြိုးပမ်းဖော်ဆောင်လျက်ရှိပါကြောင်း၊ ယင်းသို့ဖော်ဆောင်ရာတွင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ကဏ္ဍများစွာအနက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသော ကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲသည်လည်း မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများအား အရည်အသွေးတိုးတက်မြင့်မားစေရေးအတွက် ဆောင်ရွက်ချက်တစ်ခုပင်ဖြစ်ပါကြောင်း၊ ယင်းဆောင်ရွက်ချက်ကြောင့် ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများတွင် များစွာအထောက်အကူပြုပါကြောင်း၊ မိမိတို့ဌာနသည် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံဆောင်ရွက်ရသည့် ဌာနဖြစ်သည်နှင့်အညီ ပြည်သူအပေါ် ယဉ်ကျေးပျူငှာစွာဖြင့် ဝန်ဆောင်မှုအပြည့်အဝပေးရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် အလုပ်ရုံဆွေးနွေးပွဲမှ ရရှိသည့် အတွေ့အကြုံ ဗဟုသုတများကို သေချာလေ့လာမှတ်သား၍ အသိဉာဏ်နှင့် ဆင်ခြင်တုံတရားတို့အပေါ် အခြေခံကာ မိမိအကျိုး၊ ဌာနအကျိုး၊ နိုင်ငံတော်အကျိုးအတွက် ဆက်လက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် စကားဝါ့ဖွံ့ဖြိုးတိုးတက်မှု အတိုင်ပင်ခံ လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ချောစုဝင်းက အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းအစီအစဉ်များနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး လဝက်မကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ခေါင်းစဉ်များနှင့် စီမံခန့်ခွဲမှုစာအုပ် ၁၀၀ ကိုပေးအပ်လှူဒါန်းသည်။

အဆိုပါ အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ပထမအကြိမ်ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပခဲ့ပြီး ယခု ဒုတိယအကြိမ်အဖြစ်ကျင်းပရာ စကားဝါ ဖွံ့ဖြိုးတိုးတက်ရေးအတိုင်ပင်ခံ အဖွဲ့ဝင်များက အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေး ပညာရပ်ဆိုင်ရာများ၊ အဖွဲ့အစည်းအတွင်း တိုးတက်ပြောင်းလဲမှုများအား စီမံခန့်ခွဲခြင်းနှင့် ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်ခြင်း၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ မြင့်မားသော စွမ်းဆောင်ရည်လုပ်ငန်းလုပ်နည်းများ အသားပြုခြင်းစသည်တို့ကို နှစ်ရက်ကြာ နီးနှောဖလှယ်ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငါးရစ်ငါးသန်ဘေးမဲ့ချန် ပုမှန်စားသုံးမျိုးမသုဉ်း

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ဇွန် ၂၄

ရန်ကုန်	ရွှေဈေး	၆၇၄၃၀၀	-	၆၇၅၃၀
မန္တလေး	ရွှေဈေး	၆၇၄၃၀၀	-	၆၇၅၃၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၄၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၄၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၉၇၂. ၀၀
( )	ဥရောပ	တစ်ယူရို	-	၁၃၂၂. ၀
( )	တရုတ်	တစ်ယွမ်	-	၁၅၆. ၁၃
(ဃ)	[illegible]	တစ်ဘတ်	-	၂၉. ၉၅
(င)	[illegible]ရှား	တစ်ရင်းဂစ်	-	၃၀၂. ၄၃
(စ)	အိန္ဒိယ	တစ်ရူပီး	-	၁၆. ၁၇၆
( )	ဂျပန်	တစ်ရာယန်း	-	၉၅၄. ၂၅
( )	တောင်ကိုရီးယား	တစ်ရာဝမ်	-	၉၅. ၄၉၅
( )	သြစတြေးလျ	တစ်ဒေါ်လာ	-	၉၁၆. ၁၆
( )	စင်ကာပူ	တစ်ဒေါ်လာ	-	၇၇၈. ၅၇

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပြည်တွင်းရေးရာ

ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်း(နောင်ချို) ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၄

သဘာဝဓာတ်ငွေ့ပိုက်လိုင်းလုံခြုံရေးနှင့် ပိုက်လိုင်းစခန်းများ၌ ထားရှိသော ဒေသခံဝန်ထမ်းများ၏ အပ်ချုပ်မှုနှင့် သက်သာချောင်ချိရေးကိစ္စရပ်များအား အလေးထားဆောင်ရွက်သွားရန် လိုကြောင်းဖြင့် စမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က ဇွန် ၂၂ ရက်တွင် အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း (နောင်ချို) သဘာဝဓာတ်ငွေ့ ဖိအားမြှင့်စခန်းသို့ ရောက်ရှိစစ်ဆေးစဉ် **(ယာပ)**တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ယင်းနောက် တာဝန်ရှိသူများက ထိန်းချုပ်ရေးစခန်းနှင့် ပတ်သက်၍ လုပ်ငန်း ဆောင်ရွက်နေမှုများ၊ ဒေသခံဝန်ထမ်းများအတွက် အုပ်ချုပ်မှုကိစ္စနှင့် သက်သာချောင်ချိရေး ဆောင်ရွက်ပေးထားမှုအခြေအနေများအား ရှင်းလင်းတင်ပြကြရာ [illegible]ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂၅

၂၀၁၄ ခုနှစ် ဇွန် ၂၅ ရက်တွင် ကျရောက်သည့် ဆလိုဗေးနီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဆလိုဗေးနီးယားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကာလ် ဗစ်တာ အာရ်ဂျဗက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

☆ ဒုတိယသမ္မတမှ

မြန်မာကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှစတင်၍ ရောင်းချခဲ့ရာ ယခုကျင်းပသည့် (၅၁)ကြိမ်မြောက် မြန်မာကျောက်မျက်ရတနာပြပွဲအပါအဝင် ပြပွဲပေါင်း(၈၇)ကြိမ် ကျင်းပခဲ့ပြီးဖြစ်သည်။

(၅၁)ကြိမ်မြောက် မြန်မာကျောက်မျက်ရတနာပြပွဲကို ယနေ့မှ ဇူလိုင် ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ကျောက်စိမ်းအတွဲပေါင်း ၇၄၅၄ တွဲ၊ ကျောက်မျက်ရတနာအတွဲပေါင်း ၄၃၆ တွဲနှင့် ပုလဲအတွဲပေါင်း ၃၄၂ တွဲတို့ကို ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။

ကျောက်စိမ်းအတွဲပေါင်း ၇၁၆၀ တွဲကို ဇွန် ၂၈ ရက်မှ ဇူလိုင် ၃ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ အတွဲပေါင်း ၂၉၄ တွဲကို ဇူလိုင် ၄ ရက်မှ ၆ ရက်အထိ ဈေးပြိုင်စနစ်ဖြင့် လည်းကောင်း ရောင်းချသွားမည်ဖြစ်သည်။

ယင်းသို့ရောင်းချရာတွင် ကြမ်းခင်းဈေး ယူရိုတစ်သန်းနှင့်အထက် ကျောက်စိမ်းအတွဲပေါင်း ၆၉ တွဲပါဝင်ပြီး အမြင့်ဆုံးကြမ်းခင်းဈေးအနေဖြင့် သာယာကြည်နူးဖွယ်ကျောက်မျက်ကုမ္ပဏီက တင်ပြရောင်းချမည့် ကြမ်းခင်းဈေး ယူရိုငွေသန်း ၆၀ သတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲဖြစ်သည်။ ယင်းကျောက်စိမ်းအတွဲကို လုံးခင်း၊ ဖားကန့်ရတနာမြေ စဗျ်ဝမော်မှ တူးဖော်ရရှိခြင်းဖြစ်ပြီး အလေးချိန် ၂၃၃ ကီလိုရှိသည်။

ထိုအတူ ကျောက်မျက်ရတနာအတွဲများကို ဇွန် ၂၇ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ၂၇၁ တွဲကိုလည်းကောင်း၊ ဈေးပြိုင်စနစ်ဖြင့် ၁၆၅ တွဲကိုလည်းကောင်း ရောင်းချသွားမည်ဖြစ်ပြီး ယင်းသို့ ရောင်းချရာတွင် အမြင့်ဆုံးကြမ်းခင်းဈေးအနေဖြင့် တစ်ပိုင်တစ်နိုင်လုပ်ကိုင်သူ ဦးဌေးအောင်က ယူရို ၁၀၀၈၈၈၈ တန် မြပြာရိုင်းတစ်ပွင့်၊ နီလာနဂါးကုမ္ပဏီက ယူရို သုံးသန်းတန် ပတ္တမြားရိုင်းတစ်ပင်၊ Excellent Ruby & Sapphire ကုမ္ပဏီက သုံးသိန်းတန် ပတ္တမြားဂေါ်ကြိုးထစ်ပင့်၊ Ruby Dragon ကုမ္ပဏီက ယူရို သုံးသန်းတန် ပတ္တမြားရိုင်းတစ်ပင့်၊ ပုဂ္ဂလိကလုပ်ငန်းရှင် ဦးကျော်စိုးဝင်းက ယူရို ၈၅၀၀၀ တန် ရွှေဝါရောင်ထုပ်တစ်ရာရိုင်းတစ်ပင့်နှင့် လက်ဝတ်ရတနာအချောထည်များအနေဖြင့် မြသီအစကီများကုမ္ပဏီက ယူရို ၉၀၀၀၀ တန် ပတ္တမြားလုံးချော လက်စွပ်တစ်ကွင်းနှင့် ယူရို ၄၀၀၀၀ တန် ပတ္တမြားလုံးချော လည်ဆွဲတစ်ကုံးတို့ကို တင်ပြရောင်းချသွားမည်ဟု သိရသည်။

အဆုပ၊ ကျောက်စိမ်းအတွဲများနှင့် ကျောက်မျက်ရတနာအတွဲများကို မဏိရတနာကျောက်စိမ်းခန်းမ၌ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။

ပုလဲအတွဲများကို မြန်မာကျောက်မျက်ရတနာပြတိုက် ရတနာဈေးအထပ်တွင် ခင်းကျင်းပြသ ရောင်းပေးသွားမည်ဖြစ်ပြီး မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ နိုင်ငံပိုင်ပုလဲအတွဲပေါင်း ၂၀၄ တွဲနှင့် ကုမ္ပဏီပိုင်ပုလဲအတွဲပေါင်း ၁၃၈ တွဲ စုစုပေါင်းပုလဲအတွဲ ၃၄၂ တွဲအနက် ပုလဲအတွဲပေါင်း ၃၁၂ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ပုလဲအတွဲပေါင်း ၃၀ တွဲကို ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း ဇွန် ၂၅ ရက်မှ ၂၇ ရက်အထိ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။

မြန်မာကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီအနေဖြင့် ပြပွဲသို့လာရောက်ကြသည့် ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ တည်းခိုရေး၊ စားသောက်ရေး၊ သွားလာရေး၊ ဆက်သွယ်ရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးစသည်တို့ အဆင်ပြေချောမွေ့စေရေးအတွက် သက်ဆိုင်ရာကော်မတီအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိပြီး ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ ဇူလိုင် ၆ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၆ နာရီအတွင်း ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်၏ ပြန်တမ်းဝင်အမှတ် ပြင်ဆင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၂၂/၂၀၁၄)

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်
(၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်)

ရန်ကုန်တိုင်းဒေသကြီး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏ ပြန်တမ်းဝင်အမှတ် ပြင်ဆင်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၆-၂၀၁၄ ရက်စွဲပါ ကြေညာချက်အမှတ်(၂၀/၂၀၁၄) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော ကိုယ်စားလှယ်ခြောက်ဦး အစားထိုးပြောင်းလဲခြင်း ကြေညာချက်၏ အမှတ်စဉ်(၄)တွင် ပါရှိသော ရန်ကုန်တိုင်းဒေသကြီး တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်၏ ပြန်တမ်းဝင်အမှတ်အား အောက်ပါအတိုင်း ပြင်ဆင်လိုက်သည်-

ကြည်း ၃၅၁၃၂	(အစား)	ကြည်း ၂၇၇၆၉
ဗိုလ်ကြီးခင်မောင်ဝင်း		ဗိုလ်ကြီးခင်မောင်ဝင်း

အမိန့်အရ

(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

✱ မိတ္ထီလာမှ

"တောမကျေးရွာအုပ်စု တောမ၊ ဥယျာဉ ကျေးရွာနှစ်ရွာက တောင်သူ ၅၃ ဦး စပေါင်းပြီး မတ္တီလာကန်ရေနဲ့ စိုက်ပျိုးတဲ့ နေ့နမ်း ဧက ၁၀၀ စပြစ်ကခင်းမှာ သီးနှတွေအောင်မြင်ဖြစ်ထွန်းနေပါတယ်။ ဆင်းရတနာ(၃)နဲ့ ကံရှိမျိုးတွေဖြစ်ပြီး သိပ္ပံနည်းကျ GAP စနစ်နဲ့ စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနက ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးတဲ့ နှမ်းစိုက်ခင်းဖြစ်ပါတယ်။ တချို့စိုက်ကွက်တွေက နှမ်းသီးနှံတွေကို ရိတ်သိမ်းနေပြီး ဆင်းရတနာက တစ်ဧက ၁၄ တင်းနဲ့ ၁၅ တင်းအကြားထွက်ရှိပါတယ်။ ကံရှိမျိုး နှမ်းကတော့ တစ်ဧက ၁၁ တင်းနဲ့ ၁၂ တင်းအကြားထွက်ရှိပါတယ်"ဟု ၎င်းက ပြောသည်။

မိတ္ထီလာတွင် စိုက်ပျိုးသည့် နှမ်းဧက ၁၀၀ စက်ခင်းအား ယခုနှစ်တွင် ပထမဆုံးအကြိမ် စိုက်ပျိုးခြင်းဖြစ်ပြီး ယခင်နှစ်က နွေစပါးစိုက်ပျိုးသည့် လယ်ယာများတွင် စိုက်ပျိုးခြင်းဖြစ်သည်။ ခုနှစ် စိုက်ပျိုးရေးရရှိမှုအခြေအနေအရ စိုက်ပျိုးရေးပညာရှင်များစွာအသုံးပြုရသည့် သီးနှံများနေရာတွင် စိုက်ပျိုးရေးပညာနည်းနည်းဖြင့် အောင်မြင်ဖြစ်ထွန်းနိုင်သည့် သီးနှံများကို အစားထိုးစိုက်ပျိုးခြင်းဖြစ်သည်အတွက် နွေနှမ်းများကို စတင်စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။ မတ္တီလာအနောက် လက်ရေဝင်၊ မန်တိုင်နှင့် စံပြဥယျာဉ်၊ ညောင်ဇောက်၊ ရေချို စသည်ကျေးရွာများရှိ မိုးကောင်းသောက် ယာမြေများတွင် တောင်သူများစိုက်ပျိုးသည့် မိုးဦးနှမ်းသီးနှံများမှာမူ မိုးဦးရွာသွန်းမှုနည်းပါးခြင်းကြောင့် ဖြစ်ထွန်းအောင်မြင်ခြင်းမရှိကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန

[illegible]

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်နှင့် မန္တလေး၌ ၂၀၁၅ ပညာသင်နှစ်တွင်ဖွင့်လှစ်မည့် ဆေးဝါးသိပ္ပံဆိုင်ရာပါရဂူဘွဲ့သင်တန်းများသို့ သတ်မှတ်အရည်အချင်းပြည့်စုံသူများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဆေးဝါးသိပ္ပံဆိုင်ရာပါရဂူဘွဲ့ (Ph.D)သင်တန်းများ

စဉ်	သင်တန်းအမည်	သင်တန်းကာလ	ဖွင့်လှစ်မည့်မြို့
၁။	ပါရဂူဘွဲ့(ပရဆေးဗေဒ)	(၃)နှစ်	ရန်ကုန်
၂။	ပါရဂူဘွဲ့(ဆေးဝါးဘက်ဆိုင်ရာဓာတုဗေဒ)	॥	ရန်ကုန်
၃။	ပါရဂူဘွဲ့(ဆေးဝါးဖော်စပ်ရေးဗေဒ)	॥	ရန်ကုန်/မန္တလေး
၄။	ပါရဂူဘွဲ့(ဆေးလက်တွေ့ဆေးဝါးသိပ္ပံ)		ရန်ကုန်/မန္တလေး

၂။ လိုအပ်သောအရည်အချင်း
(၁) ဆေးဝါးမဟာသိပ္ပံဘွဲ့ရရှိထားသူဖြစ်ရမည်။
(၂) ဆေးဝါးမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် ခရက်မပါ လုပ်သက်(၂)နှစ်ပြည့်ပြီးသူ အမှုထမ်းဝန်ထမ်းဖြစ်ရမည်။
(၃) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)နှစ်ထက် မကြီးသူဖြစ်ရမည်။
(၄) လျှောက်လွှာပိတ်သည့်ရက်တွင် အခြေခံဝန်ထမ်းလောင်းသင်တန်း(ဇေယျ) (သို့မဟုတ်) အရာထမ်းအခြေခံသင်တန်း (သို့မဟုတ်) အခြေခံဝန်ထမ်းလောင်း (အငယ်တန်း)သင်တန်း (သို့မဟုတ်) အရာထမ်းငယ်အခြေခံသင်တန်းတက်ပြီးသူဖြစ်ရမည်။
(ခြွင်းချက်။ လျှောက်လွှာပိတ်သည့်ရက်တင် ဝန်ထမ်းလောင်းသင်တန်း တက်ရောက်နေသူဖြစ်ပါက ရေးဖြေဖြေဆိုမည့်ရက်တွင် သင်တန်းဆင်းလက်မှတ် တင်ပြနိုင်သူဖြစ်ရမည်။)

၃။ လျှောက်လွှာပိတ်ရက်မှာ ၁၅-၈-၂၀၁၄ရက် (သောကြာနေ့)ဖြစ်ပါသည်။

၄။ ကြိုတင်လျှောက်လွှာများကို ဆေးသိပ္ပံပညာဦးစီးဌာန၊ နေပြည်တော်သို့ ပေးပို့လျှောက်ထားရမည်။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ ၁၇-၉-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဆေးဝါးသိပ္ပံဆိုင်ရာပါရဂူဘွဲ့သင်တန်း ဝင်ခွင့်စာမေးပွဲကြေး ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ကို နေပြည်တော်၊ မြန်မာစီးပွားရေးဘဏ်တွင် ဆေးသိပ္ပံပညာဦးစီးဌာန၊ ငွေစာရင်းအမှတ် MD-၀၁၀၉၂၅သို့ ပေးသွင်းရမည်။
(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် နေပြည်တော်၊ မြန်မာစီးပွားရေးဘဏ်ရှိ ဆေးသိပ္ပံပညာဦးစီးဌာန၊ ငွေစာရင်းအမှတ် MD-၀၁၀၉၂၅သို့ လွှဲပြောင်းငွေလွှဲစနစ်ဖြင့်လည်း ပေးပို့နိုင်ပါသည်။)

၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ ပြည်နယ်/တိုင်းဒေသကြီး/ခရိုင် ကျန်းမာရေး ဦးစီးဌာနမှူးရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန

အီရတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကာဒစ္စတန်သို့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ရောက်ရှိ

ဇွန် ၂၄ရက်က အီရတ် ကာဒစ္စတန် ဒေသ ခေါင်းဆောင်နှင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံကြစဉ်။

အာဘီးလ် ဇွန် ၂၄

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် ကြိုတင်ကြေညာထားခြင်းမရှိဘဲ အီရတ်နိုင်ငံ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသပြစ်သော ကာဒစ္စတန်ဒေသသို ဇွန် ၂၄ ရကတွင် ရောကရိလာသည်။ အီရတ်နိုင်ငံ၌ ဂဏားဂဏာ တကာခက မများကြောင့် နိုင်ငံပြုကရမည့်အခြေအနေဖြစ်ပေါ်ခြင်းမ တားဆီးနိုင်ရန်ရည်ရွယ်လျက် အမေရကနအစိုးရက သံတမန်ရေးအရကြုးပမးနေချ်န်တွင် ကာဒစတန်ဒေသသိ ဂျန်ကယ်ရိ ရောကရလာခြင်းဖြစ်သည်။

ဂျွန်ကယရီသည အီရတ်နိုင်ငံ မြို့တောဘဂဒက၌ အာရပခေါင်းဆောင်များနင့် တွေ့ဆုဆွေးနွေးခမြီးနောက တစရက အကြာတင် ကာဒစတန်ဒေသရှိ အာဘီးလ်မြို့သိ ရောက်ရှိလာသည်။ အီရတ်နိုင်ငံ၌ ဆွန်နီစစ်သေးကြများက မြို့များကို သိမ်းပိုက်နိုင်ရန် တိက်ခိက်နေခြင်းနှင့်ပတ်သက်၍ ဂျွန်ကယ်ရီက အာရပ်ခေါင်းဆောင်များနှင့် ဆွေးနွေးခဲ့သည်။

အီရတ်ပြည်သူများအားလုံး၏ အကျိုးစီးပွားအလိုငှာ စိန်ခေါ်မအရပ်ရပ်ကို ဗဟိုအစိုးရအဖွဲ့က ကိုင်တွယ်ဖြေရှင်းနိုင်စေရေးအတက ကာဒီများတ အကအညပေးစေလိကြောင်း နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျန်ပဆာကက ပြောကြားသည်။ အီရတ်နိုင်ငံ၌ ဆွန်နီစစ်သေးကြများက ထိုးစစ်ဆင် တိက်ခိက်မများကြောင့် ကာဒ်လုံခြုံရေးတပ်ဖွဲ့က ပိုင်နက်နယ်မြေ အငြင်းပွားနေသော နယ်မြေတစ်ရပ်ကိုထိန်းချုပ်နိုင်ရန် လမ်းပင့်သွားခဲ့သည်။ တစ်ချိန်တစ်ခါက အာဏာရင် ဆကဒမဟူစန၏ ဖိနိပမကခံရသော ကာဒတသည ၎င်းတ၏ ကယပငအုပချုပခွင့်ရဒေသအတင်းသို ယင်းနယ်မြေက် ထည်သွင်းရန် ယခင်ကပင်မျှော်မှန်းခသည။

ကာဒီလုံခြုံရေးတပ်ဖွဲ့များသည် ယခုအခါ ရေနံမြေ တည်ရှိရာ ကယ်ကတ်မြို့က် ထိန်းချုပ်ထားနိုင်ပြီဖြစ်သည်။ ကယ်ကတ်မြို့သည် ပိုင်နက်နယ်မြေ အငြင်းပွားနေသော နယ်မြေ၏ အချက်အချာမြို့ကြီးဖြစ်သည်။ **ရိုက်တာ။**

မြို့တော်ဗန်ကောက်ရှိ ကြည်းတပ်ဌာနချုပ်အနီး တင်းလုံစောင့်ကြပ်နေသော စစ်သည်များကို တွေ့ရစဉ်။

ထိုင်းဝန်ကြီးဟောင်း ပြည်ပြေးတစ်ဦးက အာဏာသိမ်းမှု ဆန့်ကျင်ရေးအဖွဲ့ တည်ထောင်

ဗန်ကောက် ဇွန် ၂၄

လန်ခဲ့သည်လအတင်းက ထိင်းတပ်မတော်၏ အာဏာသိမ်းခဲပြီးနောက် ပြည်ပြေးတစ်ဦးအဖြစ် ပြည်ပသို ထွက်ပြေးတိမ်းရောင်ခဲ့သူ ယခင် ထိင်းအစိုးအဖွဲ ဝင်ဝန်ကြီးဟောင်းတစ်ဦးက စစ်အစိုးရဆန့်ကျင်ရေးလပ်ရှားမ အဖွဲ့တစ်ရပ်ကို ထူထောင်လိက်ကြောင်း ယနေ့ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

ယခင်ဝန်ကြးအစွဲ့မှ ဝန်ကြီးဟောင်းများအနက် ပြည်ပသိထက်ပြေးသွားသည် တစ်ဦးတည်းသော ဝန်ကြီးဟောင်းမာ ချာယပေါင်ရိအန်ဆူဝမဖြစ်သည်။

ယခင် ထိင်းအစိုးရလကထက်က လပေါင်းများစာ အစိုးရဆန့်ကျင်ရေး ဆန္ဒပြမှုများ ဖြစ်ပားခဲပြီးနောက် စစီဘက်က အာဏာသိမ်းခဲခြင်းသည် လက်သင့်ခံနိုင်ဖွယ်မရှိသည်အပြင် ဥပဒေနင့်ညီညွတ်မမရှိသည် လပရပဖြစကြောင်း ၎င်းက စပစ္စပြောကြားသည်။

ထိင်းစစ်အာဏာပိင်များက ပြည်သူတို့၏အချုပ်အခြာအာဏာပိင်စိးမက် မတရားရယူခဲကြောင်း၊ ရွေးကောကတင်မြှောကထားခြင်းခံရသော အရပဘကအစိုးရတစ်ရပ်ထံမ အာဏာကိသိမ်းယူခဲ့ခြင်းဖြစ်ကြောင်း ပေ့ထိင်းပါတီ၏ခေါင်းဆောင်ဟောင်းနှင့် ပြည်ထဲရေးဝန်ကြီးဟောင်း ချာယပေါင်က စပ်စဲပြောကြားသည်။

ထိင်းတပ်မတော်ခေါင်းဆောင်များက ထိင်းနိုင်ငံတွင် ဒီမိကရေစီပြန်လည်ဖော်ဆောင်မည်ဟ ကတိဖြုခဲ့သော်လည်း နိုင်ငံရေးစနစ်ကို အောတ်ခြေသိမ်းပြုပြင်ပြောင်းလဲမပြုပြီးမသာ ယင်းသိဆောင်ရွက်မည်တဆုသည်။ **ဘီဘီစီ။**

မါဗက်ဇ်မုရှာရက်ဖ် နိုင်ငံမှထွက်ခွာခွင့် တရားရုံးချုပ်က ဆိုင်းငံ့ထား

အစ္စလမ္မာဘတ် ဇွန် ၂၄

ပါတစတန်နိုင်ငံ၏ စစ်အာဏာရင်ဟောင်း ပါဗက်ဇ်မူရှာရက်ဖ်အား နိုင်ငံမှထွကခွာခွင့်ပေးမည့် ဆံးပြတ်ချက်တစ်ရပ် အတည်ပြုခြင်းက် တရားရုံးချုပက ဆုင်းငံ့ထားကြောင်း ဒေသဆုင်ရာသတင်းဌာနများက ဇွန် ၂၄ ရကတင် သတင်းထတ်ဖြန်သည်။

ဗိုလိချုပ်ကြးဟောင်း မူရာရက်ဖ်သည် ရွေးကောက်ပဲ၌ ပါဝင်ယှဉ်ပြိုင်နိုင်ရန် လန်ခဲသည်နစ်တ ပါတစတန်နိုင်ငံသိ ပြန်လာခဲပြီးနောတ် တရားစွဲဆိုခံရခြင်းပြစ်သည်။

မူရှာရကဖ်အား ခရီးသွားလာခွင့် ပတ်ပင်ထားသည အမိန့်က ပြန်လည်ပယ်ဖျက်ပေးရန် အောကတရားရုံးက ဆူးပြတ်ခဲသည်။ သို့ရာတင်မူရှာရကဖ၏ ပြိုင်ဘကဝန်ကြီးချုပ် နာဝပရှရစ်ဖ်က အောကတရားရုံး၏ ဆုံးဖြတချကက ပယ်ဖျကပေးရန် တရားရုံးချုပ်သို ဥးတ်ကလျှောကထားခဲသည။

အသက်(၇၀)အရွယ် မူရှာရက်ဖ်သည် နိုင်ငံမှ ထကပြေးနိုင်ရန် ကြိုးပမ်းနေသည်ဟ ထင်ကြေးပေးပြောဆိုနေမူများ ပေါ်ပေါကနေချန်တင် နာဝပရှရစ်ဖ်က ကန့်ကကလာ တင်သွင်းခဲ့ခြင်းပြစ်သည်။

တရားရုံးချုပသည် မူရာရကဖအား နိုင်ငံမှ ထက်ခွာရန် ခွင့်ပြုပေးနိုင်ခြင်း ရိ၊ မရိ ကြားနာစစ်ဆေးမူကို ရက်သတ္တလေးပတ်အတွင်း ဆုံးဖြက်ပေးမည်ဖြစ်ကြောင်း တရားရုံးချုပ် ပြောရေးဆိခွင့်ရိသူ ရာဟာစ်ကမ်ဘိက ပြောကြားသည်။

နာမကျန်းဖြစ်နေသော မိမိ၏ မိခင်ကြီးနေထိင်ရာ ဒုဘိုင်းမြို့သို့ သွားရောကလိသဖြင့် ခရီးသွားလာခွင့် ပိတ်ပင်ထားခြင်းတိ ရုပ်သိမ်းပေးရန် မူရှာရက်ဖ်တလလားသည။ သိရာတွင် မူရှာရက်ဖ်သည် တရားစွဲဆိုခံရခြင်းမ ရှောင်လနိုင်ရေးအတွက ပြည်ပသို့ထက်ပြေးနိုင်ရန် ကြိုးပမ်းနေသည်ဟု အတိုက်အခံများက ပြောကြားကြသည်။ **ရိုက်တာ။**

ယူကရိန်းနယ်မြေအတွင်း စစ်အင်အားသုံးစွဲခွင့် ပြန်လည်ပယ်ဖျက်ပေးရန် သမ္မတပူတင် မေတ္တာရပ်ခံ

မော်စကို ဇွန် ၂၄

ယူကရိန်းနိုင်ငံ အရှေ့ပင်းဒေသ၌ စစအင်အားအသုံးပြုခြင်းကို သမ္မတပူတင်အား ပါလီမန်က ခွင့်ပြုပေးသည ဆံးဖြတချကတစ်ရပ်က် ပြန်လည်ပယ်ဖျက်ပေးရန ၎င်းက ဇွန ၂၄ ရကတင် မေတ္တာရပခလိကကြောင်း ဒေသဆုင်ရာသတင်းဌာနများက သတင်းထုတပြန်သည်။

ယူကရိန်းသမ္မတ ပီထရိုပိုရိုရန်ကိုက ထတ်ပြန်ကြေညာသော အပစ်အခတရပစဲရေးအစီအစဉ်ကို လေးစားလိကနာမညဟု နိုင်ငံအရှေ့ပင်းရှိ ခဲထက်ရေးဝါဒီများက ဇွန် ၂၃ ရကတင် ပြောကြားခဲ့ပြီးနောက် သမ္မတပူတငက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ယူကရိန်းနိုင်ငံ အရှေ့ပိုင်းတင် အပစ်အခတ် ရပစဲခြင်းဖြင့် လပေါင်းအတနကြာမျ ဖြစ်ပွားလာခဲ့သော တိက်ခိက်မများ အဆုံးသတ်မည မျော်လင့်ချက်များ ဖြစ်ပေါ်လာသည်။ တိုက်ခိုက်မများကြောင့် လူရာပေါင်းများစွာ သေဆုံးခရပြီး လထောင်ပေါင်းများစွာမှာ ၎င်းတို၏နေအိမ်များက် စွန့်ခွာ၍ ထွကပြေးခဲကြသည်။

ယူကရိန်း ပိုကနကနယ်မြေအတင်း စစအင်အားသုံးစွဲခွင့်ကို ရုရှားအထကလွှတတော်က မတ် ၁ ရကတွင် ဆုံးဖြတခဲ့သည်။

ရုရှားပါလမန်သည ယင်းကစနင့် ပတသက၍ ဇွန် ၂၅ ရက်တင် မဲခွဲဆုံးဖြတ်မည်ဖြစ်ကြောင်း ပါလီမန် အမတတစ်ဦးက ပြောကြားသည်။ **ရိုက်တာ။**

ပြင်သစ်လေကြောင်းထိန်းသိမ်းရေးမှူးများ သပိတ်မှောက် လေကြောင်းခရီးစဉ် အများအပြား ဖျက်သိမ်းလိုက်ရ

ပါရီ ဇွန် ၂၄

ပြင်သစ်နိုင်ငံ၌ လေကြောင်းထိန်းသိမ်းရေးမှူးများက ကြာက်ရက်ကြာ သပိတ်မှောက်လျက်ရှိရာ မြို့တော်ပါရီရှိ အဓိကလေဆိပ်များနှင့် နိုင်ငံတောင်ပိုင်းရှိ မြို့ကြီးများ၏ လေဆပများ၌ လေကြောင်းခရီးစဉ အများအပြားက် ဖျက်သိမ်းလိက်ရကြောင်း ဒေသဆုင်ရာသတင်းဌာနများက သတင်းထုတပြန်သည်။

ပြင်သစ်နိုင်ငံ၏ ကမ္ဘာလည့်ခရီးသွားရာသီအတင်း လေကြောင်း ထိန်းသိမ်းရေးမှူးများ သပိတ်မှောက်ဆန္ဒပြကြခြင်းဖြစ်သည်။ ပုမှန်အားဖြင့် ခရီးသွားရာသီအတွင်း ပြင်သစ်နိုင်ငံသိ ကမ္ဘာလည့်ခရီးသည် အမြောကအမြား လာရောက်လေ့ရှိသည်။

ပြင်သစ်နိုင်ငံ၌ ရထားလုပ်သားများ၏ ဆန္ဒပြမှု ပေါ်ပေါက်ခဲ့ပြီးနောက် လေကြောင်းထိန်းသိမ်းရေးမှူးများက ဆန္ဒပြကြခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံတောင်ပိုင်း မြို့ကြီးများရှိ လေဆိပ်များသို့ဝင်ထက်သော လေယာဉ်များ၏ခရီးစဉ် ၂၀ ရာခိုင်နှုန်းခန့်ကို ဖျက်သိမ်းလိုက်ရကြောင်း၊ ပြင်သစ်နိုင်ငံပါရီမြို့မှ စပိန်၊ ပေါ်တဂီ၊ မော်ရိုကို၊ တနီးရှားနှင့် အယ်လ်ဂျီးရီးယားနိုင်ငံတိုသို့ပျံသန်းသော သို့မဟုတ် ယင်းနိုင်ငံများမှ ပြင်သစ်နိုင်ငံသို ပျံသန်းသော လေကြောင်းခရီးစဉ်များ ထိခိက်ရကြောင်း မြို့ပြလေကြောင်း တာဝန်ရှသူများက ပြောကြားကြသည်။

ပီတီအိုင်။

ပြင်သစ်နိုင်ငံ မာဆေးမြို့ရှိလေဆိပ်၌ ခရီးသည်များ သောင်တင်လျက်ရှိသည်ကို တွေ့ရစဉ်။

ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ
ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၆ ။)
၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်
(၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေတွင်ပါရှိသော"ခွင့်ပြုမိန့်"ဆိုသည့် စကားရပ်ကို "ခွင့်ပြုချက်" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ)၌ ပါရှိသော "ကိုယ်ရေးအချက်အလက်" ဆိုသည့် စကားရပ်ကို "အမည်နှင့်ဆက်သွယ်ရမည့် နေရပ်လိပ်စာ အပြည့်အစုံ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေအခန်း(၄)တွင်-

(က) အခန်းခေါင်းစဉ်၌ ပါရှိသော "နှင့် ငြင်းပယ်ခြင်း" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅။ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးသည် နိုင်ငံသားတစ်ဦးက ဖြစ်စေ၊ နိုင်ငံသားအများကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် ခွင့်ပြုချက်ထုတ်ပေးရမည်။"

(ဂ) ပုဒ်မ ၆ ၌ ပါရှိသော "သို့မဟုတ် ထုတ်ပေးရန်ငြင်းပယ်ခြင်းတို့" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မ ၇၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၉ တို့ကို ပယ်ဖျက်ရမည်။

(င) ပုဒ်မ ၈၊ ပုဒ်မခွဲ (င)၏ နောက်တွင် ပုဒ်မခွဲ (စ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(စ) ဟောပြောခွင့်ပြုသည့် အကြောင်းအရာနှင့်ကြွေးကြော်ခွင့်ပြုသည့် စကားရပ်များ။"

၅။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဋ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ဋ) ပုဒ်မခွဲ (က)မှ ပုဒ်မခွဲ (ည)အထိပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာခြင်းမရှိဘဲ ခွင့်ပြုချက်ရပ်သိမ်းခြင်းခံရပါက ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ လူစုခွဲရမည်။"

၆။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ ၁၇ တွင် ပါရှိသော"နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်"ဆိုသည့် စကားရပ်ကို "တစ်နှစ်ထက်မပိုသော ထောင်ဒဏ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ ၁၈ တွင် ပါရှိသော" တစ်နှစ်ထက်မပိုသော ထောင်ဒဏ်"ဆိုသည် စကားရပ်ကို "ခြောက်လထက်မပိုသော ထောင်ဒဏ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ ၁၉ တွင်ပါရှိသော "ခြောက်လထက်မပိုသော ထောင်ဒဏ်" ဆိုသည့် စကားရပ်ကို "သုံးလထက်မပိုသော ထောင်ဒဏ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အောက်ဆိပ်ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်

နေပြည်တော် ဇွန် ၂၄

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်ရှိ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားစေရေး၊ ဆင်းရဲနွမ်းပါးမှုလျော့ကျစေရေးတို့အတွက် ရည်ရွယ်ကာ ကျေးလက်ဒေသများတွင် အခြေခံကျသည့် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုကို လူတိုင်းလက်လှမ်းမီ ရရှိရေးအတွက် အထူးဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း ကျန်းမာ[illegible] ဒေါက်တာဖေသက်ခင်က ဇွန် ၂၃ ရက် နနက် ၁၀ နာရီတွင် မကွေးတိုင်း [illegible] ကျေးရွာ၌ ကျင်းပသော မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ ကျန်းမာရေး အခြေခံအဆောက်အအုံနှင့် ဆက်စပ်ပစ္စည်းများ အဆင့်မြှင့်တင်ရေး စီမံ[illegible] အောက်ဆိပ်ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ်နှင့် ပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားတွင် ပြောကြားသည်။

ကျန်းမာရေး စောင့်ရှောက်မှု လွှမ်းခြုံမှု တိုးတက်စေရေးအတွက် ကျေးလက်ကျန်းမာရေးဌာနများနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများကို နှစ်စဉ်တိုးချဲ့ဖွင့်လှစ်ခွင့်ပြုခဲ့သည်နှင့်အတူ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံများ ဆောက်လုပ်ရေး၊ အခြေခံ ဆေးဝါးနှင့် ဆေးပစ္စည်းများ ပံ့ပိုးရန်လည်း လိုအပ်လာကြောင်း၊ ဂျပန်နိုင်ငံအစိုးရမှ အကူအညီပေးသော ယခုစီမံကိန်းသည် ကျေးလက်ကျန်းမာရေးဖွံ့ဖြိုးမှုအတွက် အရေးကြီးသော လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းဖြစ်သဖြင့် ဂျပန်နိုင်ငံအစိုးရကို ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ယခုစီမံကိန်းသည် ပြည်သူလူထု ဖွံ့[illegible] သဖြင့် ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံပစ္စည်းများ ရေရှည်တည်တံ့ရေးအတွက် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ဒေသခံပြည်သူလူထုမှ ပူးပေါင်းပါဝင်ရန် အထူးလိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E.Mr. Tateshi HIGUCHI က ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ပစ္စည်းများ လွှဲပြောင်းပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဂျပန်သံအမတ်ကြီးက ကျေးလက် ကျန်းမာရေးဌာန အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဂျပန်သံအမတ်ကြီးတို့က ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** ကမည်းမော်ကွန်းကို အမှတ်တရ ဖွင့်ပေးကာ ကျေးလက်ကျန်းမာရေးဌာနကို ကြည့်ရှုကြသည်။

အဆိုပါ ကျေးလက်ကျန်းမာရေးဌာနတွင် လူနာစမ်းသပ်ခန်း၊ မွေးလူနာခန်း၊ သားဖွားခန်း၊ မွေးဖွားပြီး လူနာခန်းများနှင့် ဆေးရုံဆေးခန်းသုံး ပစ္စည်းကိရိယာများပါဝင်၍ မြန်မာနိုင်ငံအလယ်ပိုင်းဒေသ ကျန်းမာရေး အခြေခံအဆောက် အအုံနှင့် ဆက်စပ်ပစ္စည်းများ အဆင့်မြှင့်တင်ရေး စီမံကိန်းမှ မကွေးတိုင်းဒေသကြီး မြို့နယ်ကိုးမြို့နယ်၌ ဆောက်လုပလျက်ရှိသည့် ကျေးလက်ကျန်းမာရေးဌာန ၃၂ ခုအနက် ပထမဦးဆုံး ဆောက်လုပ်ပြီးစီးသည့် အောက်ဆိပ်ကျေးလက်ကျန်းမာရေးဌာနကို ဂျပန်နိုင်ငံအစိုးရအကူအညီဖြင့် ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)မှ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနသို့ လှူဒါန်းခြင်းဖြစ်သည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

[illegible] (Open Tender) [illegible]

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာနများရှိယာဉ်/ယန္တရားများ အသုံးပြုရန်အတွက် ရိုးရိုးဒီဇယ်ဆီ(၁၉၀၀၀၀) (တစ်သိန်းကိုးသောင်း)ဂါလန်နှင့် ပရီမီယံဒီဇယ်ဆီ (၁၀၀၀၀) (တစ်သောင်းဂါလန်)တို့အား အိတ်ဖွင့်တင်ဒါ (Open Tender)ဖြင့် တင်သွင်းနိုင်ပါသည်။

(က) အိတ်ဖွင့်တင်ဒါတင်သွင်းရက် - ၂၅-၆-၂၀၁၄ ရက်မှ ၂-၇-၂၀၁၄ရက်ထိ
(ခ) အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန် - ၂-၇-၂၀၁၄ ရက်၊ မွန်းတည့် ၁၂:၀၀ နာရီ
(ဂ) အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ - ၂-၇-၂၀၁၄ ရက်၊ ၁၃:၀၀ နာရီ

မှတ်ချက်။ တင်ဒါတင်သွင်းသူများ အစည်းအဝေးခန်းမ(၂)၊ မြို့တော်ခန်းမ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တက်ရောက်ပါရန်။

၂။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ထုတ်ယူနိုင်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
စက်ရှင်နှင့်မော်တော်ယာဉ်ဌာန
အမှတ်(၃၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၆၀၈၃၃

အမျိုးမျိုးကျစေသည့်အဆိပ်ပန်း မနမ်းမိပါစေ

လွန်းလွန်းဝင်း (ဖျည်းမနား)

ယနေ့ကမ္ဘာတွင် ကျွန် ... ခမ်းခြောက် လျက်ရှိသည့် အကြီးမားဆုံးသော အန္တရာယ်မှာ မူးယစ်ဆေးဝါးအန္တရာယ်ပင်ဖြစ်သည်။ မူးယစ်ဆေးဝါး အန္တရာယ်သည် အလွန်ပြင်းထန်အစွမ်းထက်သော နျူကလီးယားဗုံးများ၊ ဟိုက်ဒရိုဂျင်ဗုံးများ၏ ... အဆပေါင်းများစွာ ကြီးမားပြင်းထန်ပြီး လူသားမျိုးနွယ်စုတစ်ခုလုံးက ခြိမ်းခြောက်လျက်ရှိသည်။

မူးယစ်ဆေးဝါးတွင် ဘိန်း၊ ဘင်း၊ ကဆော၊ လှော်စာ၊ အရက်မှသည် ပက်သဒင်း၊ မော်ဖီးယား၊ ဟီးရိုးအင်းအထိပါဝင်သည့်။ မူးယစ်ဆေးဝါး ထုတ်ယနိုင်သော အရင်းခံအပင်လေးမျိုးရှိသည်ဟု ဆိုပါသည်။ ၎င်းတို့မှာ ကင်နာဘစ်ခေါ် ဆေးခြောက်ပင်၊ ကိုကာပင်၊ ပေါ်ပီခေါ် ဘိန်းပင်၊ ပီးယုတ်ဟု ခေါ်သော ရှားစောင်းပင်တို့ဖြစ်ပါသည်။ ပေါ်ပီခေါ် ဘိန်းပင်မှာ ရိုးရိုးဘိန်းမည်း၊ ဟီးရိုးအင်း ဘိန်းဖြူများကို ထုတ်လုပ်နိုင်သည့်အတက် ဘိန်းပင်ကို အများအပြားစိုက်ပျိုးလာကြသည်။ ထိုကြောင့် ဘိန်းရှူသူ၊ မော်ဖီးယား ထိုးသွင်းသူ၊ ဟီးရိုးအင်းသုံးစွဲသူများလည်း အမြောက်အမြား ပေါ်ပေါက်လာသည်။

ထိုအခါ ဘိန်းစိုက်နယ်မြေများလည်း ကျယ်ပြန့်လာကာ တရုတ်၊ ပါကစ္စတန်၊ နီပေါ၊ လာအိုနိုင်ငံများတွင် အများအပြား စိုက်ပျိုးလာကြသည်။ ကမာပေါ်တွင် မူးယစ်ဆေးဝါးသုံးသူ သန်း ၆၀ မက ရှိနိုင်သည်။ ကမ္ဘာ့လူဦးရေသည် သန်း ၆၀၀၀ ရှိရာ မူးယစ်ဆေးစွဲသူ သန်း ၆၀ ဆိုလျှင်ပင် လူတစ်ရာလျှင် တစ်ယောက်နှုန်း ဖြစ်နေပေလိမ့်မည်။ ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ ဗီယက်နမ်၊ ထိုင်း၊ မြန်မာ၊ ကမ္ဘောဒီးယား စသည့် အာရှနိုင်ငံများနှင့် အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်၊ ကနေဒါ၊ ရုရှား စသော ဥရောပနိုင်ငံကြီးများသို့ ပျံ့နှံ့သွားရာ လူငယ်များ၏ စာရိတ္တ၊ ပြည်သူများ၏ လူမှုရေး၊ စီးပွားရေးတို့ကိုပါ ထိခိုက်ကျဆင်းစေခဲ့သည်။

မူးယစ်ဆေး၏စရိုက်ဖြစ်သော စွဲလမ်းစေတတ်သည့်သဘောကြောင့် သုံးမိသူသည်မသုံးရမနေနိုင်ဖြစ်လာသည်။ မရလျှင် ရသည့်နည်းကို အသုံးပြုရာမှ လူကောင်းဘဝမှလျက်ကာ လူဆိုးသူခိုးဘဝသို့ ရောက်ရှိသွားတော့သည်။ ဆေးစွဲသူသည် မိမိအိမ်မှ ပစ္စည်းခိုး၍လည်းကောင်း၊ သူတစ်ပါး၏ ပစ္စည်းကိုခိုး၍လည်းကောင်း ဆေးသုံးစွဲသည်။ သူတစ်ပါး၏ အသက် တစ်ချောင်းကို သတ်ဖြတ်ရန်ပင် ဝန်မလေးတော့ပေ။ ကံကောင်းထောက်မ၍ အသက်မသေမီ အသိတရားရ၍ မူးယစ်ဆေးဖြတ်သည်ဆိုလျှင်ပင် ... ဖြတ်ရန် အကုအသခံယူနေစဉ် ဘိန်းဖြူကို တမ်းတ၍ လန့်ကာ လူးကာ၊ တွန့်ကာ လိမ်ကာ အော်ဟစ်နေရပုံမှာ ငရဲသားတမျှပင်ဖြစ်ချေသည်။ ဖြတ်ပြီးသောအခါတွင်လည်း ပတ်ဝန်းကျင်၏ အထင်သေး၊ အမြင်သေးသော အကြည့်များကို ခံရပေမည်။

လူထုတစ်ရပ်လုံးကို အန္တရာယပေးနေသော မူးယစ်ဆေးဝါးကို ကမ္ဘာ့နိုင်ငံအသီးသီးက ဆန့်ကျင်တားဆီးတိုက်ဖျက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ဥပဒေကို ၁၉၇၄ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်သူ၊ ရောင်းဝယ်သူ၊ သုံးစွဲသူ၊ ဖြန့်ဖြူးသူ၊ လက်ဝယ်ထားရှိသူတို့ကို ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ပြည်သူနှင့် တပ်မတော် လက်တွဲပူးပေါင်း၍ ဘိန်းပင်တို ခုတ်၊ ဘိန်းမြစ်တိုတူး၍ ဘိန်းခင်းတို ဖျက်ဆီးလျက်ရှိသည်။ ဘိန်းအစားထိုး နေကြာအပါအဝင် အစားထိုးသီးနှံစိုက်ပျိုးလျက်ရှိသည်။ တစ်ဖက်မလည်း မူးယစ်ဆေးဝါးသုံးစွဲသူများအား ဆေးကုသပေးခြင်း၊ ပညာပေးခြင်း၊ ကိုယ်ကာယနှင့် စိတ်ဓာတ်တို့ကို ပျိုးထောင်မြင့်တင်ပေးလျက်ရှိသည်။

လအင်အားကောင်းလသော တရုတ်ပြည်ကြီးပင်လျှင် မူးယစ်ဆေးဒဏ်ကြောင့် ဗန်းဗန်းလဲခဲ့ရဖူးပေသည်။ နယ်ချဲ့တို့သည် တရုတ်ပြည်ကြီးကို မူးယစ်ဆေးဟူသော လက်နက်ထူးဖြင့် ဖြိုဖျက်ခဲ့ကြသည်။ ဘိန်းရှူ၍ အင်အားကုန်ခန်း၊ ကိုယ်စိတ်နွမ်းကာမ ခွေခြား၍ ကျန်ပြုခဲ့သည်တို မျိုးဆက်သစ်လူငယ်များအနေဖြင့် သတိမှသင့်ပေသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းကြီးကို ၁၉၉၄ ခုနှစ် ဇွန် ၂၆ ရက်တွင် ဖွဲ့စည်းခဲ့ကြသည်။ ၁၉၉၄ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် အသင်းအဖွဲ့မှတ်ပုံတင် အမှတ်(၁၇၇၀)ဖြင့် ဖွဲ့စည်းခွင့်ရခဲ့ပါသည်။ ယင်းအဖွဲ့ကြီးဖွဲ့စည်းခိုန်မှစ၍ မူးယစ်ဆေးကာကွယ်ရေးလုပ်ငန်း ... ဖြစ် ကျောင်းသားနှင့် လူငယ်အပါအဝင် လူထုအတွင်း မူးယစ်ဆေးအန္တရာယ် အသိပညာပေးလုပ်ငန်းများ၊ ဆင့်ပွားအသိပညာပေးသင်တန်းများ၊ ပညာပေးပြခန်းများ၊ အန္တရာယ်လျော့ကျမှုဆိုင်ရာလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများကို ရည်ရွယ်ချက်တူ အသင်းအဖွဲ့များဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တော်လှန်ရေးကောင်စီလက်ထက် ၁၉၆၁ ခုနှစ်တွင် မူးယစ်ဆိုင်ရာ စာချုပ်ကို ကမာကုလသမဂ္ဂ လက်မှတ်ရေးထိုးခဲ့ကြသည်။ ၁၉၇၄ ခုနှစ်၌ မူးယစ်ကာကွယ်ရေးဆိုင်ရာစာချုပ်ကို နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး စာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်၌ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးရေးစာချုပ်ကို ပြဋ္ဌာန်းခဲ့သည်။

နိုင်ငံတော်အစိုးရဘက်မှလည်း ပြစ်မှုကျူးလွန်သူများအား အရေးယူဆောင်ရွက်နေသကဲ့သို့ တစ်ဖက်မှလည်း မူးဟိုန်း၊ ငရုပ်န်း၊ ဇင်နှး၊ တောင်ထိပ်ပန်း အစရှိသော စစ်ဆင်ရေးများစွာကို ပြုလုပ်၍ မူးယစ်ဆေးဝါး ရောင်းဝယ်မှု၊ စိုက်ပျိုးထုတ်လုပ်မှုတို့ကို အရေးယူဆောင်ရွက်လျက်ရှိသည်။

မိမိတို့နိုင်ငံတော် မူးယစ်ကင်းစင်သော မြန်မာနိုင်ငံတော်အဖြစ် ရောက်ရှိစေရန် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ပြည်သူလူထုတစ်ရပ်လုံးကလည်း အရှိန်အဟုန်မြှင့် ပါဝင်ဆောင်ရွက်ကြရပေမည်။ မူးယစ်ဆေးဝါးတားဆီးတိုက်ဖျက်ရေးကို အမျိုးသားရေးအမြင်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရပေမည်ဖြစ်သည်။ မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ စိုက်ပျိုးထုတ်လုပ်မှုတို့ကို တာဝန်ရှိသူများနှင့် လက်တွဲပူးပေါင်းပါဝင်ကာ ပညာပေးဖော်ထုတ်၍ သုံးစွဲမှုလျှော့ချရေး၊ သုံးစွဲမှုမပြုရေးအတွက် တတ်နိုင်သမျှ ဆောင်ရွက်ကြရမည်ဖြစ်သည်။ အနာဂတ်မြန်မာနိုင်ငံတော်ကြီး မူးယစ်ကင်းစင်ရေးအတွက် မြန်မာနိုင်ငံမူးယစ်ဆန့်ကျင်ရေးအသင်းကြီးနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံမူးယစ်ဆန့်ကျင်ရေးအသင်းကြီး၏ လုပ်ငန်းရည်မှန်းချက် ငါးရပ်အနေဖြင့် (၁) မူးယစ်ဆေးဝါး သုံးစွဲမှုလျှော့ချရေး၊ (၂) မူးယစ်အန္တရာယ်ဖြစ်ပေါ်မှုလျော့နည်းစေရေး၊ (၃) စီမံကိန်းများကို ဘက်ပေါင်းစုံ ပူးပေါင်းပါဝင်စည်းရုံး၍ ဟောပြောခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုရရှိရေး၊ (၄) သုတေသနလုပ်ငန်းများပြုလုပ်၍ တွေ့ရှိမှုများကို အကဲဖြတ်သုံးသပ်ရေးနှင့် ဖြန့်ဝေရေး၊ (၅) စီမံခန့်ခွဲမှု၊ စီမံကိန်းချမှတ်မှုနှင့်ဝန်ထမ်းအရည်အချင်း တိုးတက်အောင် ပြုလုပ်ရေးတို့ဖြစ်သည်။

လူငယ်များသည် နိုင်ငံတစ်နိုင်ငံ၏ အလေးထားရသော၊ အားကိုးအားထားရသော အဖိုးတန်သားကောင်းရတနာလေးများဖြစ်ကြပြီး နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြရမည့်သူများပင်ဖြစ်ကြသည်။ ထို့ကြောင့် **“ယနေ့ ခေတ်မီ၊ မြန်ပြည်အတွင်း ဘိန်းမျိုးကင်းရန်၊ ရှင်းလင်းကြစ်မတ် ဘိန်းစေအပ်နှံ၊ တစ်ရံမလပ်၊ ... သစ်ဖြင့်၊ တားမြစ်ဖယ်ရှားဆေးဝါးမူးယစ်၊ တို့ခေတ်ရန်စွယ်ဝိုင်းကာကွယ်၊ တို့ခေတ်လူငယ် ထွန်းတောက်ကြယ်”** ဟူသည့်အတိုင်း လူငယ်များအနေဖြင့် ကောင်းကျိုးမပေးသည့် မူးယစဆေးကို ဝေးဝေးကနေရှောင်ရှားသင့်ပေသည်။

အချုပ်အားဖြင့်ဆိုသော် **“တစ်ယောက်အားနှင့် ယသော် မရ၊ တစ်သိန်းအားနှင့်ယသော်ရ၏”** ... မူးယစ်ဆေးဝါးအန္တရာယ တိုက်ဖျက်ရေးသည် တစ်ဦးကောင်း တစ်ယောက်ကောင်း လုပ်ဆောင်၍ မရနိုင်သည့် တိစ္ဆမျိုးဖြစ်သဖြင့် ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်လုပ်ဆောင်သင့်ပေသည်။ **“မူးယစ်ဆေးဝါး ကမ္ဘာအမိုက်သံသရာ၌ ... နေသူတို့သည် ပိုးဖလံမျိုးမီးကိုတိုးသကဲ့သို့”** နှင့်မခြားဖြစ်ပေသည်။

ထို့ကြောင့် လသားတိုင်းသည် သတိနှင့်ယှဉ်၊ အသိနှင့်ဆင်ခြင်ကာ ကောင်းကျိုးမပေးသည် မူးယစ်ဆေးတို ဝေးဝေးတနေ ရှောင်ကြဉ်ကြပါဟု သတိပေးတိုက်တွန်းရင်းလာမည့် ၂၀၁၄ ခုနှစ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် **“အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့”** ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါကြောင်း။ ။

အဆိပ်ပန်း

(လေးချိုး)

❈ မစမ်းချင်စမ်းပါနှင
ပြန်လမ်းဘယ်မမြင်ဘ
ငယ်ရွယ်စဉ်ဘဝဆုံးမှာမ
...

❈ တံထျပ်ရေထင်လို
ရွှေသမင်အလှထိမားတာကြောင့်
ငမိုထ်သား မြားသငထးထိထ
နားစွင် နလးမ။

❈ တစ်စတစ်စရယ်နှင်
ခနေငွေအိမ်မှာပြောင်တော့
ဘိန်းရအောင် လတောင်သတ်နေကြ
အရိုင်းဇာတ် လူ့ရန်သူ
သောကရှုသတိုင်း သွေးသားခန်း။

❈ နယ်ချဲ့အမွေ
ကျွန်သက်ရှည်စေဖို
ရောက်လေရာဘိန်းကနသွင်းတာကြောင့်
ဘိန်းခင်းတွေ တို့မြေရောက်လာရ
နောက်ကာလရည်မျှော်လို
ညီစေနော် ခုတ်ထွင်ရင်းကြမယ်
ဘိန်းခင်းအဆိပ်ပန်း။ ။

(အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်)

မောင်ကျေးရူး

ဝေန်ရေကာတာ (သခွတ်ချောင်း) ၌ ရေဘေးအန္တရာယ် ကာကွယ်ရေးသရုပ်ပြပွဲကျင်းပ

လေးမျက်နှာ ... ၂၄ ဧရာဝတီတိုင်းဒေသကြီး ဟသာတခရိုင် လေးမျက်နှာမြို့နယ် ဝေန်တာတာမင် (၂၆/၂) သခွတ်ချောင်း ကျေးရွာအနီး၌ ဇွန် ၂၃ ရက်နံနက် ၉ နာရီက ဆည်မြောင်းဦးစီးဌာနမှ ကြီးကြပ်၍ ရေဘေးအန္တရာယ ကာကွယ်ရေးသရုပ်ပြခြင်းကို ပြုလုပ်ရာ ဟသာတခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြား ရေးမှူး ဦးဝေလင်းက ရေဘေး အန္တရာယ်ကာကွယ်ရေးလုပ်ငန်းများတု အကျယ်တဝင ရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် ဝေန်တာမင် (၂၆/၂) သခွတ်ချောင်းတွင် တာထိပ်ပေါ် ရေကျော်ခြင်း၊ ရေပေါက်(တူးပေါက်) ပေါက်ခြင်း၊ တာအိတာလျောခြင်း၊ သဲဗွတ်တခြင်း၊ လှိုင်းပုတ်ခြင်းများ ... ကာကွယ်ရန်အတွက် ... ချောင်းဦးစီးဌာနမှ ... ထမ်းများ ... လက်တွေ့သရုပ်ပြခြင်း များက ပြသခဲ့ကြောင်း သိရသည်။ **(အေးထွန်း)**

တကၠသိုလ်ဝင်တန်းအောင် ... ပြီးသူများ
ကျောင်းပိတ်ရက်မှာ အကျိုးရှိစေဖို့နှင့်
အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

ဆရာအာသာ SUCCESS Language Academy

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W C.A ဘိုကလေးဈေးလမ်း
Ph: 202046, 392048

BASIC ENGLISH SPEAKING		
7:30-10:30	(Sat + Sun)	21 Jun
7:30 - 9	(Mon ~ Thurs)	30 Jun
3:30 - 5	(Mon ~ Thurs)	30 Jun
1 - 4:00	(Sat + Sun)	5 July
7:30 - 9	(Mon ~ Thurs)	7 July

BASIC FOUR SKILLS ENGLISH		
7:30-10:30	(Sat + Sun)	28 Jun
10 - 11:30	(Mon ~ Thurs)	30 Jun
6 - 7:30	(Mon ~ Thurs)	30 Jun
7:30 - 9	(Mon ~ Thurs)	1 July
1 - 4:00	(Sat + Sun)	5,12 July
1 - 2:30	(Mon ~ Thurs)	7 July

BASIC WRITING		
10 - 11:30	(Mon ~ Thurs)	7 July

PRE-INTERMEDIATE (4-SKILL ENGLISH)		
12 - 3:00	(Sat + Sun)	5 July
3:30 - 5	(Mon ~ Thurs)	14 July
7:30-10:30	(Sat + Sun)	20 July

INTERMEDIATE (ACADEMIC ENGLISH)		
1 - 2:30	(Mon ~ Thurs)	30 Jun
7:30 - 9	(Mon ~ Thurs)	8 July

VOCAB ENRICHMENT		
1 - 4:00	(Sat + Sun)	12 July
10-11:30	(Mon ~ Thurs)	14 July
7:30 - 9	(Mon ~ Thurs)	21 July

BASIC GRAMMAR		
10 - 12:00	(Sat + Sun)	28 Jun
10 - 12:00	(Sat + Sun)	12 July

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453 တွင် ဖွင့်လှစ်မည့်သင်တန်းများ

BASIC ENGLISH SPEAKING		
7:30 - 9	(Mon ~ Thurs)	30 Jun
7:30-10:30	(Sat + Sun)	6,20 July
12 - 3:00	(Sat + Sun)	13 July
7:30-10:30	(Sat + Sun)	20 July

BASIC FOUR SKILLS ENGLISH		
12 - 3:00	(Sat + Sun)	6 July
1 - 2:30	(Mon ~ Thurs)	8,21 July
10-11:30	(Mon ~ Thurs)	14 July
3:30 - 5	(Mon ~ Thurs)	21 July

BASIC GRAMMAR		
7:30 - 9	(Mon ~ Thurs)	1 July
11 - 1:00	(Sat + Sun)	27 July

PRE-INTERMEDIATE (4-SKILL ENGLISH)		
7:30 - 9	(Mon ~ Thurs)	8 July
10-11:30	(Mon ~ Thurs)	14 July

IELTS (Preparation)		
1 - 3:30	(Mon ~ Thurs)	23 Jun
1 - 4:30	(Sat + Sun)	20 July

IELTS Exam Practice		
3:30 - 5	(Mon ~ Thurs)	14 July

IELTS (Speaking)		
1 - 2:30	(Mon ~ Thurs)	30 Jun

IELTS (Reading)		
7:30-9:30	(Mon ~ Thurs)	23 Jun

IELTS (Writing)		
11 - 1:00	(Sat + Sun)	28 Jun

... ဂါး
ချောင်းသာ / ငွေဆောင်
နံနက် / ည
Ph : 703790,09-861-9008
707062,09-861-7770

RUBY ကားစီးလိုးဒေးသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ... ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ... ငှားနိုင်ပါသည်။ ... ည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

မမြေကွက်များဝယ်လိုသည်
ရန်ကုန်မြို့ ဒဂုံမြို့သစ်
(အရှေ့ပိုင်း၊ဆိပ်ကမ်း
တောင်ပိုင်း၊ မြောက်ပိုင်း)
မြို့နယ်များရှိ မြေကွက်များ
ဝယ်လိုသည်။
-၀၉-၄၄၈၀၂၅၇၄၂
၀၉-၄၂၀၁၀၇၀၂၁
၀၉-၇၃၂၃၄၆၅၆

သချာ ဦးအောင်သောင်း
၂တန်း မှ ၁၀တန်းအထိ သချာ တစ်ဘာသာတည်း သန့်သန့်
(...) တ-ထပ် ၊ဗိုလ်ဆန်ပက်လမ်း ၊ ပန်းဘဲတန်း။
ဖုန်း – 09 5192923 ၊ 01 246108

လွှတ်တော်ရေးရာ

❋ ပြည်သူ့လွှတ်တော်မှ

မတ် ၂၆ ရက်တွင် လက်မှတ်ရေး [illegible] အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ ဖြင့် ထုတ်ပြန်ခဲ့သည့် နေ့မှစ၍ အာဏာတည်ပါကြောင်း။

အာဏာသက်ရောက်သည့် ၂၀၁၄ ခုနှစ် မတ် ၂၆ ရက်နောက်ပိုင်းမှာ မီးဖွားခွင့် (၃)လသာရရှိထားသော ဝန်ထမ်းများအတွက်နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများသည် ၂၀၁၄ ခုနှစ် မတ် ၂၆ ရက်မှ စတင်၍ အာဏာ သက်ရောက်ပြီးဖြစ်သည့်အတွက် ယင်းနေ့နောက်ပိုင်း မီးဖွားခွင့်ခံစားလျှင် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၁၀၁) ပါပြဋ္ဌာန်းချက်များနှင့်အညီ ခံစားခွင့်ရှိပါကြောင်း။

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ စတင် အာဏာသက်ရောက်စေရန လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ၊ လွှတ်တော်ရုံးများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသို့ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများစာအုပ်ကို ၂၀၁၄ခုနှစ် ဧပြီ ၂ ရက်တွင် အခမဲ့ဖြန့်ဝေပေးပို့ခဲ့ပြီးဖြစ်သည့်အပြင် နိုင်ငံတော်သမ္မတကြီးက နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို အစိုးရဌာနများမှ ဝယ်ယူ၍ ဝန်ထမ်းများအား ရာထူးအဆင့်အတန်းတစ်ခုအထိ ဖြန့်ဝေပေးပြီး အဆိုပါဝန်ထမ်းများမှတစ်ဆင့် ဌာနတွင်း၌ ပြန်လည်ရှင်းလင်းဆွေးနွေးရန်ဟူ၍ လမ်းညွှန်မှုပြုခဲ့သဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ စာအုပ်များကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း၊ ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေထားခဲ့ပြီး ရုံးလုပ်ငန်းစည်းမျဉ်း(SD)နှင့်လည်းညီညွတ်မှုမရှိသည့်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်း [illegible]ကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ စီမံကွပ်ကဲမှုအောက်ရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာအသီးသီးသို့ သီးခြားအမိန့်ညွှန်ကြားချက်များ ထုတ်ဖြန့်ညွှန်ကြားသွားရန် မရှိ[illegible]ကြောင်း။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ

ယနေ့အစည်းအဝေးတွင် မီးဖွားခွင့်နှင့်ဆက်စပ်၍ အနည်းငယ်ဖြည့်စွက်တင်ပြလိုပါကြောင်း၊ ယခုပြဋ္ဌာန်းခဲ့သည့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများမှ မီးဖွားခွင့်ကို ယခင်ကရက်ပေါင်း (၉၀)၊ တစ်နည်းအားဖြင့် (၃)လ သတ်မှတ်ထားရာမှ ယခု(၆)လအထိ တိုးမြှင့်သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အာဆီယံ(၁၀)နိုင်ငံအနက် မြန်မာနိုင်ငံသည် မီးဖွားခွင့်ကာလအများဆုံးခွင့်ပြုပေးထားခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် မွေးဖွားသူဝန်ထမ်းမအမြွှာပူးမွေးသည့်အခါ မီးဖွားခွင့်(၆)[illegible]ဖြင့် ခွင့်ထပ်မံ(၁၄)ရက်ရရှိမည် ဖြစ်ပါကြောင်း၊ ထို့မျှသာမက မီးဖွားသူ ဇနီးသည်နှင့် မွေးကင်းစကလေးကို ပြုစုစောင့်ရှောက်နိုင်ရန်အတွက် ခင်ပွန်းဖြစ်သူသည်လည်း ဝန်ထမ်းဖြစ်ခဲ့ပါလျှင် ၎င်းကိုလည်း လစာနှင့်[illegible] ရက်သတ္တပတ (၂)ပတ် ခွင့်ခြုပေးထားပါကြောင်း၊ ယခုလ ဝန်ထမ်းအမျိုးသမီး မီးဖွား၍ဝန်ထမ်းခင်ပွန်းသည်ကို ခွင့်ပေးခြင်းမှာ အာဆီယံ (၁၀)နိုင်ငံတွင် မြန်မာနှင့် စင်ကာပူ(၂)နိုင်ငံသာရှိပါကြောင်း၊ ယင်းကထောက်ရှုခြင်းအားဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများသည် မိမိတို၏ဝန်ထမ်းများအပေါ် များစာထောက်ထားသက်ညှာသော အခွင့်အရေးများ ပေးထားပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ ဖြေကြားချက်နှင့် စပ်လျဉ်း၍ မေးခွန်းရှင် ဦးကျော်ခိုင်ဝင်းက "မိမိအနေနဲ့ ဒမေးခွန်း မမေးခင်မှာ ဝန်ကြီးဌာနတစ်ခုက ခင်မင်ရင်းနှီးတဲ့ တာဝန်ရှိသူတစ်ဦးကို ဖုန်းနဲ့လှမ်းမေးပါတယ်။ ဒီဥပဒေစာအုပ်တွေ ဌာနကိုရောက်ရှိခြင်း ရှိ/မရှိ မေးတဲ့အခါ သူတို့အနေနဲ့ မရောက်ရှိသေးကြောင်း ပြောပါတယ်။ တချို့ ပညာရေးဝန်ထမ်းတွေဆိုရင် ဒဥပဒေစာအုပ်ကြီးပြပြီးတော့ ခွင့်တင်တာတောင်မရတဲ့ဟာတွေရှိပါတယ်။ ဥပဒေထွက်ပြီးတဲ့နောက်ပိုင်းမှာ ကျနော်တို့နယ်ဘက်က ကျောင်းဆရာမတွေဆိုရင် မီးဖွားခွင့် အပြည့်အဝမရရှိဘူးဆိုတဲ့အကြောင်းတွေ ပြောကြားလာမှုရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး [illegible]ဌာန[illegible]ကို အဲဒီဥပဒေစာအုပ်တွေ [illegible]ဝေပေးဖို့လအပ်သလို ဝန်ထမ်းတွေအခွင့်အရေး[illegible] ကျကျဆောင်ရွက်ပေးစေချင်ပါတယ်" ဟု ဖြည့်စွက်ဖြေကြားခဲ့သည်။

ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး၏ **ဖွားသေစာရင်း မှန်ကန်စွာရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး [illegible] ရေရှည်မျှော်မှန်းချက်၊ ပြည်သူများအတွက် အထိပညာပေး ဟောပြောရေး ကာလတစ်ခုသတ်မှတ်ပေးရန်နှင့် ဥပဒေပြဋ္ဌာန်းရန် အစီ[illegible]ဉ်** ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ လဝင်မကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက မြန်မာနိုင်ငံ၏ ဖွားသေမှတ်ပုံတင်ခြင်းစနစ်ပိုမိုအားကောင်းလာစေရန်နှင့် နိုင်ငံတကာအဆင့်အတန်းမီသော စနစ်ဖြစ်လာစေရန်ရည်ရွယ်၍ [illegible] သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ဗဟိုအဆင့်၊ နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်ဟူ၍ အဆင့်(၅)ဆင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း။

မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း။

မေးဖွား/သေဆုံးစာရင်းများကောက်ယူ၍ ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၄ ခုနှစ် ဧပြီ ၃၀ ရက်ထိ မွေးဖွားသူနှင့် သေဆုံးသူစာရင်းများကို မြို့နယ်/မြို့နယ်ခွဲအလိုက်ကောက်ယူပြီး အဆင့်ဆင့်ပြုစုတင်ပြခဲ့ပါကြောင်း။

(၄/၂၀၁၄)လအတွက် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုချင်းအလိုက် တင်ပြလာသော မွေးဖွားသူနှင့်သေဆုံးသူစာရင်းများအား တစ်နှစ်ပျမ်းမျှလဦးရေတိုးနှုန်းပေါ် အခြေခံတွက်ချက်မှုဖြင့် နှိုင်းယှဉ်ကာ သတ်မှတ်အရေအတွက်ထက လျော့နည်းသောတိုင်းဒေသကြီး/ပြည်နယ်များအားစာရင်းများ မှန်ကန်စာရရှိရေးအတွက် ရပ်ကွက်/ ကျေးရွာအုပ်စုတစ်ခုချင်းအလိုက မွေးဖွားသူ၊ သေဆုံးသူစာရင်းပြည့်စုံစာမှတ်ပုံတင်ထားရရေး အလေးထားကြပ်မတ် ဆောင်ရွက်ကြရန် လမ်းညွှန်ထားရှိခဲ့ပြီးဖြစ်ပါကြောင်း။

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပုဒ်မ-၉အရ နိုင်ငံတော်အတွင်း မွေးဖွားသော နိုင်ငံသားတစ်ဦးအတွက အသက်တစ်ဆယ်နှစ်ပြည့်သည့်နေ့မှစ၍ တစ်နှစ်အတွင်း လဝင်မကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ သတ်မှတ်သော အဖွဲ့အစည်းများ၌ သတ်မှတ်သည့်နည်းလမ်းနှင့်အညီ မိဘ သို့မဟုတ် အုပ်ထိန်းသူက မှတ်ပုံတင်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသကဲ့သို့ နိုင်ငံတော်ပြင်ပတွင် မွေးဖွားသော နိုင်ငံသားတစ်ဦးအတွက် ထိုသူမွေးဖွား[illegible]ကြောင်းကို မွေးဖွားသည်နေ့မှစ၍ တစ်နှစ်အတွင်း မြန်မာနိုင်ငံသံရုံး၊ ကောင်စစ်ဝန်ရုံးသို့ မိဘ သို့မဟုတ အုပ်ထိန်းသူက မှတ်ပုံတင်ရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း။

မွေးဖွားသည့်ကလေးငယ်တိုင်းအတွက် မွေးစာရင်းရေးသွင်းရေး၊ နိုင်ငံတကာအသိအမှတ်ပြုသည့် မွေးဖွားကြောင်း အထောက်အထား လက်မှတ်(မွေးစာရင်းလက်မှတ်) ရရှိရေးကို မိဘပြည်သူတိုင်း သိရှိနားလည်ပြီး အလေးထားဆောင်ရကြမှသာ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကနဗင်းရှင်းနှင့် မြန်မာနိုင်ငံကလေးသူငယ်ဥပဒေက လေးစားလိုက်နာရာရောက်မည်ဖြစ်သဖြင့် ယခုအခါ UNICEF နှင့်ပူးပေါင်း၍ ၎င်းတို့၏ပံ့ပိုးမှုဖြင့် [illegible]ယနှင့် တိုင်းဒေသကြီးအချို့[illegible] မွေးဖွားသည့် ကလေးငယ်များအတွက် မွေးဖွားကြောင်းမှတ်ပုံတင်ပြီး အသိပညာပေး ရေ့ပြေးစီမံချက်က စတင်အကောင်အထည်ဖော်လျက် ရှိနေပြီဖြစ်ပါကြောင်း။

မွေးဖွားမှု မှတ်ပုံတင်ခြင်းကို ကျယ်ကျယ်ပြန့်ပြန့်သိရှိရန် မွေးသည့်ကလေးတိုင်း မွေးမှတ်ပုံတင် ရရှိနိုင်ရေးအတွက် အသိပေးဆွေးနွေးခြင်း၊ သတင်းမီဒီယာများမှ အသိပညာပေး အစီအစဉ်များ ထုတ်လွှင့်ခြင်း၊ ကျေးလက်ဒေသများတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် အသိပေးခြင်းများက UNICEF ၏ ပံ့ပိုးကူညီမှုဖြင့် မှတ်ပုံတင်ခြင်း ရက်သတ္တပတ်လုပ်ရှားမှုက ၂၀၁၄ ခုနှစ် စက်တင်ဘာ နောက်ဆုံးပတ်မှစတင်၍ ကျယ်ကျယ်ဖြန့်ဖြန့် ကျင်းပဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုလောလောဆယ် အပြေအနေတွင် တည်ဆဲဥပဒေများအား ပြင်ဆင်ဖြည့်စွက်ရန် အစီအစဉ်မရှိသေးသော်လည်း ကလေးသူငယ်များ၏ အခွင့်အရေး ပြည့်ဝစွာရရှိစေရေးအတွက် ခေတ်စနစ်နှင့်အညီ လိုအပ်ပါက လက်ရှိဥပဒေများကို ပြင်ဆင်ဖြည့်စွက်ခြင်း သို့မဟုတ် ဥပဒေသစ်ရေးဆွဲပြဋ္ဌာန်းခြင်းများလည်း သက်ဆိုင်ရာဝန်ကြီးဌာနမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး၏ **ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**က အဆိုတင်သွင်းခဲ့ရာ လွှတ်တော်ကလက်ခံဆွေးနွေးရန်သဘောတူခဲ့ပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင်ရပ်နားခဲ့သည်။

(သတင်းစဉ်)

◆ အမျိုးသားလွှတ်တော်မှ

[illegible] ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော ဥက္ကဋ္ဌတို့က [illegible] ခုံရုံးဥက္ကဋ္ဌဆိုတဲ့ ရာထူးဟာ ပြည်ထောင်စုအဆင့် ဖြစ်ပါတယ်၊ တာဝန်ကြီးပါတယ်။ ဒီတာဝန်ကိုပေးဖို့အတွက သမ္မတက လွှတ်တော ဥက္ကဋ္ဌ နှစ်ဦးနဲ့ ညှိနှိုင်းပြီးမှ မည်သူ့ကို ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝနပေးသင့်တယ်ဆိုတာမျိုး ဖြစ်သင့်တယ်ဆိုပြီး ဆွေးနွေးကြတာပါ။ အဲဒီအတိုင်းပဲ ဖြစ်လာပါတယ်။ ခုံရုံးဆိုတာ အင်မတန် အရေးကြီးပါတယ်။ နောက်ပိုင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြဿနာ ဘာပဲဖြစ်ဖြစ် ခုံရုံးနဲ့ဆိုင်ပါတယ်။ ဒါကြောင့် ဒီခုံရုံးက [illegible] ပြီးမှ ခုံရုံးဥက္ကဋ္ဌ တစ်ယောက်က တင်ပါဆိုပြီးရေးဆွဲထားတဲ့အတွက် ဒီဥပဒေက လက်ခံပါတယ်"ဟု ၎င်း၏ [illegible]မြင်ကို ရှင်းပြသည်။

ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်ရီက "ခုံရုံးဥက္ကဋ္ဌရွေးချယ်တဲ့ အပိုဒ်(၂)ကို ပယ်ဖျက်ထားပါတယ်။ ပြည်ထောင်စလွှတ်တော်က ဆုံးဖြတ်ပြီးသားဖြစ်ပါတယ်။ အဲဒီအပေါ်မှာ ပြင်ဆင်ချက လေးပြန်လာတာ ဖြစ်ပါတယ်။ ခုံရုံးဥက္ကဋ္ဌကို သမ္မတတစ်ဦးတည်းက ရွေးတယ်ဆိုတဲ့ဟာမျိုးထက်စာရင တိုင်ပင်ညှိနှိုင်းပြီး ရွေးချယ်တာဟာ အခြေခံဥပဒေပုဒ်မ ၃၂၀ နဲ့ မဆန့်ကျင်ပါဘူး။ ဘယ်လိုရွေးရမယ်၊ [illegible]

ကချင်ပြည်နယ် [illegible] အမှတ်(၁၀)မှ ဦးစိုင်းမြဲမောင်။

ချက်မျိုးမရပါဘူး။ ဥပဒေဆိုတာ လုပ်ပါနဲ့ မလုပ်ဘူးဆိုတာ ဖြစ်ပါတယ်။ လုပ်ပါဆိုတဲ့အထဲမှာလည်း မပါဘူး။ မလုပ်ပါနဲ့လိုဆိုတဲ့ အထဲမှာလည်း မပါလိုရှိရင် ဆင်ခြင်တုံတရားနဲ့ လုပ်လိုရပါတယ်။ ဥပဒေနဲ့ မဆန့်ကျင်ပါဘူး။ ခုံရုံးဥက္ကဋ္ဌခန့်ထားတဲ့ပုံကို ခုံရုံးဘက်က အဆုံးပြုတာလက်မခံဘဲန ပြည်ထောင်စုလွှတ်တော် [illegible] လိုက်တာဖြစ်ပါတယ်" ဟု ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးတင်မြက "ပြည်ထောင်စ [illegible] နယလွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များက ဥပဒေပြုပိုင်ခွင့်ရှိပါတယ်။ ဥပဒေပြုခွင့်ရှိတဲ့ လုပ်ပိုင်ခွင့်အရ ပြဋ္ဌာန်းထားတဲ့ဥပဒေတွေက တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်ခြင်း ရှိ/မရှိ ခုံရုံးက စစ်ဆေးရမယ့်တာဝန် ရှိပါတယ်။ အလားတူပဲ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများရဲ့ လုပ်ကိုင်ဆောင်ရွက်ချက်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိကိုလည်း စိစစ်ရမယ်တာဝနရှိပါတယ်။ ဒီကိစ္စတွေနဲ့ ပတ်သက်လို့ အဓိပ္ပာယ်ဖွင့်ဆိုရမယ်ကစ္စ၊ သဘောထားပြန်ကြားရမယ်ကစ၊ အဆုံးအဖြတ်ပေးရမယ့်ကစ္စတွေကလည်း ခုံရုံးအဖွဲ့မှာ တာဝနရှိပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ကို အဓိပ္ပာယ်ဖွင့်ဆိုဖို့၊ သဘောထားပြန်ကြားဖို့၊ အဆုံးအဖြတ်ခံယူဖို့ မေးမြန်းပြီဆိုရင် တိတိကျကျ ထောက်ပြမေးမြန်းရမှာဖြစ်ပြီး လိုအပ်တဲ့စာရွက်စာတမ်း၊ အထောက အထားတွေနဲ့ မှတ်တမ်းမှတ်ရာကစ္စတွေကို ပြည့်စုံအောင် ပူးတွဲတင်ပြ [illegible]

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးတင်ယု

လာပြီဆိုရင် မေးမြန်းလာတဲ့အချက်တွေကို ဆုံးဖြတ်ချက်ပေးမယ်။ သဘောထား ပြန်ကြားပေးမယ်။ အဓိပ္ပာယ်ဖွင့်ဆိုပေးပါမယ်။ ခုံရုံးက [illegible]ဘား ချက်၊ အဓိပ္ပာယ်ဖွင့်ဆိုချက်နဲ့ အဆုံးအဖြတ်တွေဟာ အပြီးသတ်အတည်ဖြစ်ပါတယ်။ ဒီလိုကိစ္စရပ်တွေ ဥပဒေမှာလိုအပ်နေတဲ့အတွက် ခုံရုံးကနေပြီးတော့ ဖြန့်လည်ပြင်ဆင် ဖြည့်စွက်ပြီး ဆောင်ရွက်တဲ့အတွက် ပြင်ဆင်ချက်ဥပဒေကို တင်တာဖြစ်ပါတယ်" ဟု ရှင်းပြခဲ့သည်။

အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော **ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**အား အတည်ပြုရန် ထုတ်တော်၏ အဆုံးအဖြတ်ရယူရာ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့နောက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော **လွှတ်တော်ကိုယ်စားလှယ် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားတင်သွင်းပြီး လွှတ်တော်၏အဆုံးအဖြတ်ရယူ အတည်ပြုခဲ့သည်။

အစီရင်ခံစာ၌ တာဝန်မပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်ကို တိုင်တန်းလိုသည့်အခါ ခင်မာမရှိစေရန်အတွက [illegible]ကြမ်း[illegible] ပုဒ်မ ၄ တွင် "တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်နှင့်ပတ်သက်သည် တိုင်တန်းချက်ကို သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က လည်းကောင်း၊ တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော [illegible] လယ်နှင့်ပတ်သက်သည့် တိုင်တန်းချက်ကို နိုင်ငံသားတစ်ဦးဦးက"ဆိုသည် စကားရပ်၏နောက်၌ "ခိုင်လုံသောသက်သေအနည်းဆုံး(၁၀)ဦး၏ လက်မှတ် ရေးထိုးထောက်ခံချက်ကို ပူးတွဲ၍" ဆိုသည် စကားရပ်ကို [illegible]စကရန်၊ ပုဒ်မ ၁၈ တွင် "လွှတ်တော်ကိုယ်စားလှယ်က တာဝန်မှ ပြန်လည်ရုပ်သိမ်းရန်ရည်ရွယ်၍ မမှန်မကန်တိုင်တန်းကြောင်း စစ်ဆေးပေါ်ပေါက်လျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည်"ဆိုသည် စကားရပ်၏နောက်၌ "တိုင်တန်းသူပုဂ္ဂိုလ သို့မဟုတ် အဖွဲ့အစည်းနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အပေါ် တိုင်တန်းချက်များတွင် သက်သေအဖြစ် လက်မှတ်ရေးထိုးထောက်ခံသူများအား"ဆိုသည့် စကားရပ်ကို ဖြည့်စွက်သင့်ကြောင်း ပါရှိသည်။

(သတင်းစဉ်)

စိမ်ကိုင်ဒေသအတွင်း အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပြောင်းလဲပေးရန်လို

နေပြည်တော် ဇွန် ၂၄

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စိစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၄ နာရီတွင် မုံရွာမြို့ ဝင်းယူနတီဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဒုတိယဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့များမှ ဒုတိယအဖွဲ့ခေါင်းဆောင် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ မြန်မာ-ဝမ်ပေါင် ကုမ္ပဏီလီမိတက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာ၌ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကို စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး စီမံကိန်း၏ စီးပွားဖြစ်ထုတ်လုပ်သည့် (Production Period) အဆင့်သို့ မရောက်ရှိသေးကြောင်း၊ တည်ဆောက်ရေးကာလ (Construction Period) တွင် အရှိန်အဟုန်လျော့ကျမသွားရန် ဂရုပြုဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ စီမံကိန်းကြောင့် မြေယာဆုံးရှုံးနစ်နာသွားသည့် တောင်သူများ၏ လူမှုဘဝအဆင်ပြေစေရေး၊ စားဝတ်နေရေး အဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးရန် လုပ်ငန်းအရေးကြီးပြီး နစ်နာကြေး၊ ထောက်ပံ့ကြေး ပေးရမှုဖြင့် မလုံလောက်ဘဲ တောင်သူများ၏ ရေရှည်စားဝတ်နေရေးအတွက် စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လူမှုစီးပွားရေးဘဝနှင့်ပတ်သက်၍ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် တာဝန်ယူဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

စီမံကိန်းလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ထုတ်လုပ်မှုဆောင်ရွက်လာနိုင်သည်နှင့်အမျှ ဒေသခံများ၏ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ စီမံကိန်းဒေသဖွံ့ဖြိုးတိုးတက်ရန် မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းများသာမက အခြားအသက်မွေးဝမ်းကျောင်းပညာရပ်များကို Vocational Training များ စနစ်တကျဖွင့်လှစ်၍ ဒေသခံပြည်သူများကို သင်ကြားပေးရမည်ဖြစ်ကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ လေ့ကျင့်တတ်မြောက်ပြီးသူများအနက်မှ အမှန်တကယ် လုပ်ငန်းလုပ်ကိုင်လိုသူများကို လိုအပ်သည့် ငွေကြေးများပံ့ပိုးပြီး စီမံကိန်းဒေသအတွင်း အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပြောင်းလဲပေးရန်လိုကြောင်း၊ ဒေသခံများ၏ တင်ပြချက်များကို ဖြေရှင်းဆောင်ရွက်ရာတွင် “အထက်သို့ တင်ပြပေးမည်”ဟူသော ဗဟိုချုပ်ကိုင်မှုပုံစံ အသုံးအနှုန်းသည် ခေတ်စနစ်နှင့် မလျော်ညီကြောင်း၊ လက်တွေ့ဆောင်ရွက်ပေးနိုင်သည်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ စေတနာထားဆောင်ရွက်ပေးသွားကြရန် လိုကြောင်း၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရန်အတွက် ဒေသခံများအားလုံး ပူးပေါင်းဆောင်ရွက်နိုင်မှသာ ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာမည်ဖြစ်ကြောင်း၊ စီမံကိန်းအပေါ် နားလည်မှုမရှိသေးသည့် လူနည်းစုကိုလည်း စိတ်ရှည်သည်းခံပြီး နားလည်လာသည်အထိ ဖြေလျှော့နိုင်ရန် ကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ဒေသဖွံ့ဖြိုးရေး တာဝန်ခံများနှင့် ပူးပေါင်း၍ ဒေသခံပြည်သူများ၏ လိုအပ်ချက်၊ ခံစားချက်များကို အစဉ်အားပေး ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စီမံကိန်းဒေသနှင့် တစ်ဝန်းရှိပြည်သူများ မျှတစွာဖွံ့ဖြိုးတိုးတက်ရန် ရသင့်ရထိုက်သည့် အခွင့်အရေးများကို စီးပွားရေးလုပ်ငန်းကြီးများ၏ လူမှုရေးတာဝန်ယူမှု (CSR) ရန်ပုံငွေဖြင့်သာမက နိုင်ငံတော်ဘဏ္ဍာငွေမှလည်း ဒေသဖွံ့ဖြိုးရေးကဏ္ဍအသီးသီးအတွက် ဆောင်ရွက်ပေးလျက်ရှိနေကြောင်းကို ဒေသခံပြည်သူများ သိရှိနားလည်ရန် ရှင်းလင်းပြောကြားသွားရမည်ဖြစ်ကြောင်း။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ စီမံကိန်းဒေသပတ်ဝန်းကျင်ကို မထိခိုက်အောင် လုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး “အစကောင်းမှ အနှောင်းသေချာ” ဆိုသကဲ့သို့ စီမံကိန်းစတင်စဉ်ကပင် စနစ်တကျ စီမံခန့်ခွဲရေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ စီမံကိန်းလုပ်ငန်းများ ပိတ်သိမ်းသည့်အချိန်တွင် ဒေသဝန်းကျင်က သာယာလှပစေမည့် Mine Closure Plan က နိုင်ငံတကာအဆင့်မီ ရေးဆွဲ၍ ဒေသခံများ၏ အနာဂတ်အတွက် စိုးရိမ်ပူပန်မှု မရှိစေရေး ပွင့်လင်းမြင်သာစွာ ရှင်းလင်းသွားရမည့်အပြင် တာဝန်ရှိသူများအနေဖြင့် ကယ်ချင်းစာတရား ထားရှိဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းသည် ဒေသအကျိုး၊ တိုင်းပြည်အကျိုး ဖြစ်ထွန်းစေမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်းဖြစ်သည့်အတွက် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကော်မတီဒုဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက စီမံကိန်းအကောင်အထည်ဖော်ရာတွင် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအတိုင်း ထိရောက်စွာ အကောင်အထည်ဖော်ရန် အမြဲသုံးသပ်ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ ကော်မတီဝင်များအနေဖြင့် မိမိတို့လုပ်ငန်းကော်မတီများအလိုက် လုပ်ငန်းတာဝန်များကို အချိန်မီ ဆောင်ရွက်နိုင်ရန် အလေးထားရမည်ဖြစ်ကြောင်း၊ ပြည်သူများနှင့်တွေ့ဆုံမှု ပိုမိုရယူပြီး ဒေသအကျိုး၊ ပြည်သူ့အကျိုး ပိုမိုဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် သိမ်းဆည်းမြေယာစိစစ်ရေးအဖွဲ့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၊ လူမှုစီးပွားဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့နှင့် သာသနာအဆောက်အအုံများ ရွှေ့ပြောင်းခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းအဖွဲ့များ၏ ဒုတိယအဖွဲ့ခေါင်းဆောင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများက မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာ-ဝမ်ပေါင်ကုမ္ပဏီတို့မှ တာဝန်ရှိသူများက စီမံကိန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများက အထွေထွေ ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ဒေသခံများနှင့် ထိတွေ့ဆက်ဆံရာ၌ ဒေသနေပြည်သူများ၏ လူနေမှုဘဝမြင့်တင်ရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကိုသာ ရှေးရှုဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ စီမံခန့်ခွဲမှုကော်မတီ (JMC)အနေဖြင့် လုပ်ငန်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းကာ စီမံချက်ရေးဆွဲဆောင်ရွက်သွားရန် လိုအပ်ပြီး စီမံကိန်းဒေသအတွင်း အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းသည် ပြည်သူလူထု ပူးပေါင်းပါဝင်သည့် စီမံကိန်းတစ်ရပ်ဖြစ်စေရန် စည်းရုံးဆောင်ရွက်ပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဝေးပြေးထန်စည်ပိုဆောင်ကားခနှုန်းထက် ရန်ကုန်မြို့တွင်း ခေါက်တိုကားခနှုန်း သုံးဆဖြစ်နေ

ရန်ကုန် ဇွန် ၂၄

ရန်ကုန်-မူဆယ် အဝေးပြေးကုန်ကားခနှုန်းသည် ဆန်တစ်တန်လျှင် ကျပ် ၈၅၀၀၀-၈၆၀၀၀ ဝန်းကျင်နှုန်း ဇွန် ၂၄ ရက်တွင်ရှိနေရာ ရန်ကုန်မှ အာဖရိကနိုင်ငံသို့ တင်ပို့သော ရေလမ်းခရီးကုန်ကျစရိတ်နှုန်းများနှင့် ညီနေသည်ဟု ဆိုနိုင်သော်လည်း ရန်ကုန်မြို့တွင်း ခေါက်တိုကုန်ကားခနှုန်းများ၏ သုံးပုံတစ်ပုံသာရှိကြောင်း ခရီးအကွာအဝေးအလိုက် တွက်ချက်၍ အဝေးပြေးကုန်ကားပိုင်ရှင်တစ်ဦးက ဆိုသည်။

အဝေးပြေးကုန်ကားခရီးစဉ်များတွင် ရန်ကုန်-မူဆယ်ခရီးစဉ်သည် ဈေးနှုန်းအတက်အကျများကြောင်း၊ ဖရဲသီးတင်ပို့ချိန်တွင် အမြင့်ဆုံးဖြစ်တတ်ကြောင်း၊ ၂၀၁၂ တွင် ပြည်ပမှတစ်ဆင့်တင်သွင်းလာသော တရုတ်ပြည်ပို့ အမဲသား တစ်တန်လျှင် ကားခကျပ် ၂၅၀၀၀၀ နှုန်း၊ ပြည်တွင်းထွက် ဖရဲသီးတစ်တန် ကားခ ကျပ် ၂၂၀၀၀၀ နှုန်းထိ အမြင့်ဆုံးဖြစ်ခဲ့ကြောင်း၊ ၂၀၁၃ နှင့် ၂၀၁၄ နွေကာလတွင် ဖရဲသီးတစ်တန် ကားခ ကျပ် ၁၅၀၀၀၀နှုန်း၊ ဆန်တစ်တန် ကားခ ကျပ် ၉၀၀၀၀ ကျော်အထိသာ မြင့်တက်ခဲ့ကြောင်း၊ ၂၀၁၄ နှစ်ဆန်းပိုင်း ပြည်တွင်းဖရဲသီး မပေါ်ချိန်တွင် ကားခ ဆန်တစ်တန်လျှင် ကျပ် ၅၀၀၀၀ ဝန်းကျင်ထိ ဈေးနှုန်းအနိမ့်ဆုံးရှိခဲ့ကြောင်း ကုန်တင်ပွဲရုံနှင့် ကားဂိတ်များမှ သိရသည်။

ရန်ကုန်-မူဆယ်ခရီးသည် မိုင် ၇၀၀ ဝန်းကျင်ကွာဝေးပြီး ယခုရက်ပိုင်း ကုန်ကားခနှုန်းဖြင့် တွက်ချက်ပါက ဆန်တစ်အိတ် ခရီးတစ်မိုင်လျှင် ကားခ ခြောက်ကျပ်ဝန်းကျင်သာ ကျသင့်ကြောင်း၊ ယင်းကားခ ခြောက်ကျပ်တွင်လည်း တံတားကြေးအဖြစ် တစ်ကျပ်နှုန်းခန့် ပေးဆောင်ရရာ ကားခ ငါးကျပ်သာရရှိကြောင်း၊ ရန်ကုန်ဆိပ်ကမ်းသို့ နေ့စဉ် ရေလမ်းခရီးဖြင့် ဆန်အိတ် ၄၀၀၀၀ ဝန်းကျင် ဝင်ရောက်နေရာ ခေါက်တိုကားခအနေဖြင့် ခရီးမိုင်ရှစ်မိုင်ရှိသော ဘုရင့်နောင်ပွဲရုံသို့ ယခင် ၁၂၀-၁၃၀ မှ ယခုအခါ ၁၈၀-၂၀၀ ကျပ်နှုန်း တိုးမြှင့်ပေးနေရရာ ခရီးတစ်မိုင်လျှင် ကားခ ဆန်တစ်အိတ် ၂၀ ကျပ်ရရှိပြီး လမ်း၊ တံတားကြေးမပေးဆောင်ရဘဲ ယာဉ်ဝင်ခွင့် ငွေကြေးအနည်းငယ်သာပေးဆောင်ရကြောင်း၊ သို့ဖြစ်ရာ အဝေးပြေးကုန်ကားခ ခရီးတစ်မိုင်လျှင် ဆန်တစ်အိတ် အသားတင် ငါးကျပ်သာရရှိချိန်တွင် ရန်ကုန်မြို့တွင်း ခေါက်တိုကုန်ကားခမှာ ၂၀ ကျပ်နှုန်း ဖြစ်နေကြောင်း၊ အဝေးပြေးကုန်ကားပိုင်ရှင်တစ်ဦးက ပြောဆိုသည်။ ရန်ကုန်-မူဆယ်ခရီးစဉ်တွင် အသွားအပြန် လမ်းတံတားကြေး ကျပ် ၄၀၀၀၀၀ ဝန်းကျင် ပေးဆောင်ရသည်ဟု သိရသည်၊

အဝေးပြေးကုန်ကားများ ဝင်ရိုးနှစ်ချောင်းတပ် ခြောက်ဘီးတစ်စီးလျှင် ဆန်အိတ်ရေ ၁၈၀ မှ ၂၀၀ ကြား (ယာဉ်+ကုန်) ၁၆ တန်၊ ဝင်ရိုးလေးချောင်းတပ် ၁၂ ဘီးတစ်စီးလျှင် ဆန်၊ ဘိလပ်မြေအိတ်ရေ ၃၅၀ ဝန်းကျင်တွင် (ယာဉ်+ကုန်) ယာယီ ၂၇ တန်တင်ဆောင်ပြေးဆွဲနေချိန် ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော ခြောက်ဘီးကုန်ကားတစ်စီးလျှင် အိတ်ရေ ၃၅၀ မှ ၄၀၀ (ယာဉ်+ကုန်) ၂၅ တန်မှ ၃၀ ကြား၊ ၁၂ ဘီးကားတစ်စီးလျှင် အိတ်ရေ ၇၀၀ ဝန်းကျင် (ယာဉ်+ ကုန်) ၄၅ တန်ဝန်းကျင်တင်ဆောင်ပြေးဆွဲခွင့်ရနေသည်မှာ သုံးနှစ်ဝန်းကျင်ရှိနေကြောင်း၊ ကုန်တန်ချိန် ပိုမိုတင်ဆောင်ခွင့်ရှိပြီး လမ်း-တံတားကြေး ပေးဆောင်ရမှု လိုင်မြစ်ဖြတ်တံတားများ မဖြတ်ရလျှင် မပေးဆောင်ရသော ရန်ကုန်မြို့တွင်း ခေါက်တိုကုန်ကားခမှာ အဝေးပြေးကုန်ကားခများထက် သုံးဆဈေးနှုန်းရှိနေကြောင်း ကုန်ကားပိုင်ရှင်တစ်ဦးက ဆိုသည်။

တန်ချိန်အားဖြင့် သောင်းချီပြီး တင်ဆောင်သော ပင်လယ်ရေကြောင်းခရီးတွင် ကားလမ်းကဲ့သို့ လမ်း၊ တံတားကြေးကုန်ကျမှု လွန်စွာနည်းသည့်အတွက် ရေလမ်းခရီးသည် ကားလမ်းထက် ဈေးသက်သာသော်လည်း နေ့စဉ်ပြောင်းလဲတတ်သော ကုန်ဈေးနှုန်းကို ကားလမ်းဖြင့်တင်ပို့မှုမှ ခံစားနိုင်၍ ဈေးနှုန်းကြီးသော ကားလမ်းများ အသုံးပြုနေရသည်ဟု ကုန်ကားဖြင့် ကုန်တင်ပို့နေသူတစ်ဦးက ဆိုသည်။

(မောင်စေအောင်)

မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားများသို့ မီဒီယာများ တက်ရောက်နိုင်

ဇွန် ၂၄

၂၀၁၄ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့၌ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားနှင့် အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သော ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ခတ်ပုံ၊ ကွန်ပျူတာ ပိုစတာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာနှင့် ကွန်ပျူတာ ဆုရရှိခဲ့သည့် ပြိုင်ပွဲဝင်များအား ဆုချီးမြှင့်ခြင်း အခမ်းအနားတို့ကို ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၈ နာရီတွင် ရေပြည်သာမြို့နယ် ရဲအကြပ်အတတ်သင်ကျောင်း (လှော်ကား) (ယခင် အမှတ် -၁ ရဲတပ်ရင်း)၌ လည်းကောင်း၊ ဆုချီးမြှင့်ခြင်းအခမ်းအနားကို နံနက် ၁၀ နာရီ၌ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မူးယစ်ပြတိုက်တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်ရာ မီဒီယာများ တက်ရောက်နိုင်ကြကြောင်း သိရသည်။

(စိုးဝင်း-MLA)

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် စိုက်ကွင်းများစစ်ဆေးကြည့်ရှု

နေပြည်တော် ဇွန် ၂၄

ယနေ့နံနက် ၇ နာရီတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် Win All Company နှင့် Great Wall Company တို့၏ နေပြည်တော်ကောင်စီနယ်မြေတွင် နွေစပါးရာသီကာလအတွင်း ပုလဲသွယ် F1 မျိုးစေ့ထုတ်ကွေ(၁၀၀) စိုက်ကွင်းများမှ ရိတ်သိမ်းထွက်ရှိလာသော F1 မျိုးစေ့များကို မျိုးစေ့သန့်စင်စက်များဖြင့် သန့်စင်၍ ခေတ်မီထုပ်ပိုးစက်များဖြင့် စနစ်တကျ ထုပ်ပိုး သိုလှောင်ထားရှိမှု၊ မိုးစပါး စိုက်ပျိုးရာသီ၌ တောင်သူလယ်သမားများ လက်ဝယ်အရောက် ရန် အသင့်ဖြစ်နေမှုများကို စစ်ဆေးသည်။

ထို့နောက် စက်မှုသီးနှံဖွံ့ဖြိုးရေး ဦးစီးဌာန ကြံသီးနှံလုပ်ငန်း၏ ကြံမျိုးဟားစိုက်ခင်းသို့သွားရောက်၍ ရေနစ်မြုပ်နေမှုတို့ကို အချိန်မီ ရေထုတ်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ကိုရီးယားသမ္မတနိုင်ငံမှ နိုင်ငံခြားဈေးကွက်ဝင် ပိန်းဥစိုက်ခင်းပြုစုဆောင်ရွက်နေမှုများ၊ အိန္ဒိယနိုင်ငံ မူရင်းကြံမျိုးအား အိန္ဒိယစိုက်နည်းစနစ်ဖြင့် အဆစ်တစ်ဆစ်ချင်းစီ ပျိုးထောင်၍ တစ်ဧက ၈၀ ထက်ရှိသည့် မျိုးသန့်မျိုးပွား ကြံစိုက်ခင်းများကို ရှုသည်။

ပြည်ထောင်စုဝန်ကြီးက စိုက်ကင်းများကို စစ်ဆေးရာတွင် ညွှန်ကြားရေးမှူးချုပ်များနှင့် ပညာရှင်များအား အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်သည့် စပ်မျိုးစပါးများကို တစ်ရာသီပြီးတစ်ရာသီ တောင်သူများပိုမိုတိုးတက်ယုံကြည်စွာဖြင့် တိုးချဲ့စိုက်ပျိုးနိုင်ရန် မျိုးစေ့ထုတ်လုပ်ငန်းများအား စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ ပြည်တွင်း ပုဂ္ဂလိက စိုက်ပျိုးရေးကုမ္ပဏီများ မျိုးစေ့ထုတ်လုပ်ငန်း (Seed Industry) တွင် ပိုမိုတိုးတက် ရင်းနှီးမြှုပ်နှံလာရေးအတွက် အဘက်ဘက်က ကူညီအားပေးရန်၊ မျိုးစေ့ထုတ်လုပ်ငန်းများသည် တောင်သူများအတွက် အလွန်အရေးကြီးသော လိုအပ်ချက်ဖြစ်သည်နှင့်အတူ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးဖော်ဆောင်ပေးနိုင်မည် ဖြစ်သည့်အတွက် နိုင်ငံတော်အပိုင်း၊ ပုဂ္ဂလိကအပိုင်း၊ အခြေခံစိုက်ပျိုးထုတ်လုပ်ကြသော တောင်သူလယ်သမားများ အပိုင်းတို့က (Private, Public, Partnership -p-p-p) စနစ်ဖြင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ကြရန် အသေးစိတ် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

○ ကျော်ဖုံးမ

မြန်မာ့လူ့ကျရာမြော်မှုနှင့် ဘာသာ သာသနာ ရိုးရာယဉ်ကျေးမှုဆိုင်ရာ အဆင့်အတန်းမြင့်မားမှုများ ကျန်ရစ်အောင် မျိုးစေ့ချပေးခဲ့နိုင်မှုများနှင့် ရသင့်ရထိုက်သော အချက်အလက်များကြောင့် (၃၈)ကြိမ်မြောက်အစည်းအဝေးတွင် ယူနက်စကို၏ အားပေးမှုနှင့် ကမ္ဘာ့အမွေအနှစ်ကော်မတီဝင် (၂၁)နိုင်ငံ၏ ထောက်ခံမကြောင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်အတည်ပြုနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် လူသားအရင်းအမြစ်၊ သယံဇာတအရင်းအမြစ်၊ သဘာဝအရင်းအမြစ်၊ ယဉ်ကျေးမှုနှင့် မြန်မာမှုအနုသုခုမအရင်းအမြစ်များ စသည်ဖြင့် အရင်းအမြစ်များစွာရှိရာ မိမိတို့နိုင်ငံအနေဖြင့် ဖော်ပြပါဒေသများအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရသည့်အတွက် အလွှာအသီးသီးရှိ မြန်မာလူမျိုးများ၏ ဂုဏ်ယူဝမ်းသာစကားများကိုလည်း အောက်ပါအတိုင်း ကြားသိရသည်။

“ကျွန်တော်တို့ မြန်မာလူမျိုးတွေက အင်မတန် ယဉ်ကျေးမကြီးတာ။ ဟီး. . . ဘီးစဉ်ဘောင်ဆက် ဘေးလက်တက်ကတည်းက သားစဉ်မြေးဆက်အထိ ယဉ်ကျေးမှုကြီးခဲ့တာ၊ အမျိုးသားရေးဇာတိဥပမိရှိတဲ့လူမျိုး၊ အတိတ်ရှိတဲ့လူမျိုး၊ သမိုင်းကြီးတဲ့လူမျိုး၊ ရိုးရာယဉ်ကျေးမှုနဲ့တကွပဲ၊ တမ၊ တဉ်း၊ တော၊ မော၊ ရန်၊ ပ၊ ချ၊ ပွတ်၊ ယွန်း စသဖြင့် မြန်မာမှုအစဉ်အလာ မြင့်မြင့်မားမားနဲ့ နေထိုင်ခဲ့တဲ့လူမျိုးတွေဗျ။ အခုလို မြန်မာ့အဆင့်အတန်း ကမ္ဘာ့စာရင်းဝင်တာ ဝမ်းသာစရာပဲ။ ဂုဏ်ယူတယ်ဗျာ” ဟု ဦးသန်းထန်းဦး (ပန်းချီ/ပန်းပု-မြန်မာမှုလုပ်ငန်း)က ပြောကြားသည်။

“အခုလို ဒီဒေသတွေ ကမ္ဘာ့အဆင့်သတ်မှတ်မှတ်တမ်းတင်ခံရတယ်ဆိုတော့ ကိုယ့်မြေ ကိုယ့်ရေ ကိုယ့်ယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားတတ်တဲ့ မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ အရမ်းကို ဝမ်းသာဂုဏ်ယူစရာပဲဗျာ။ ဒါတင်ဘယ်ဟုတ်ဦးမလဲ။ ဒီမာက အဲဒီ ခြေအနေတွေအရ ဆန်းသစ်တဲ့ မြို့ပြတည်ဆောက်မှုပုံစံတွေပါတယ်။ အရည်ဖိအားသုံးတဲ့ အတတ်ပညာတွေပါတယ်။ အုတ်ဖုတ်ပညာနဲ့ ပန်းပဲဆိုင်ရာပညာတွေ၊ စိုက်ပျိုးရေးပညာတွေပါတယ်ဆိုတော့ ကျွန်တော်တို့အနေနဲ့ဆိုရင် အတတ်ပညာပိုင်းဆိုင်ရာ ဗဟုသုတတစ်ရပ်အနေနဲ့တောင် တကူးတက သွားရောက်လေ့လာသင့်ပါသေးတယ်။ အခုလို ကျွန်တော်တို့နိုင်ငံမှာ ဒီလိုအဖိုးမဖြတ်နိုင်တဲ့ ယဉ်ကျေးမှုနေရာဒေသတွေ (ကမ္ဘာက အသိအမှတ်ပြုသင့်တဲ့နေရာဒေသတွေ)ရှိတယ်လို ကမ္ဘာကို အထူးတလည် တက်ရောက်ရှင်းလင်းပြသ ဆောင်ရွက်အောင်မြင်ခဲ့တဲ့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ကိုလည်း ယဉ်ကျေးမှုကိုချစ်တတ်သော မြန်မာများရဲ့ ကိုယ်စား လေးစားကြောင်းနဲ့ ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ ဝမ်းသာတယ်ဗျာ”ဟု ဦးကျော်ဇေယျာတင့် ဦးစီးအရာရှိ(မြို့ဖြ) ဆည်မြောင်းဦးစီးဌာန ညောင်တုန်းမြို့က ဝမ်းသာစကားဆိုသည်။

“ဟုတ်လား။ ဒါ ကျွန်တော်တို့မြန်မာနိုင်ငံအတွက် မင်္ဂလာသတင်းပဲဗျာ။ မြန်မာနိုင်ငံအတွက် ရသင့်ရထိုက်တဲ့ ဂုဏ်ဒြပ်တစ်ခုကို ပိုင်ဆိုင်လိုက်ရတာပဲ။ ကျွန်တော်တို့ မြန်မာလူမျိုးတွေက ဆင်တက် မြင်းစီး လေးကြီး ပစ်ငင် စစဝင စစထး စကကြိုး ယန္တရား စတဲ့ အဌာရသ အတတ်တွေနဲ့ နေလာခဲ့တဲ့လူမျိုးတွေ၊ သုတ္တန် ဝိနည်း ကစ္စည်း သဒ္ဒါ အလင်္ကာ မော်ကွန်း သတ်ညွှန်း သတ်ပုံ တိတ္ထိ ဥပဒေတွေနဲ့ ဖက်လဲတကင်းရှိခဲ့တဲ့လူမျိုးတွေ၊ ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းနဲ့ စံမြန်းခဲ့တဲ့လူမျိုးတွေလေဗျာ။ ရပြီပေါ့။ နည်းတဲ့ ယဉ်ကျေးမှု၊ နည်းတဲ့သမိုင်း ကြောင်းမှ မဟုတ်တာ။ အခုလို ကမ္ဘာ့စာရင်းတစ်လျှောက်မှာ မြန်မာစာရင်းဝင်တာ ဝမ်းသာစရာပဲ၊ ဝမ်းသာဂုဏ်ယနေရုံတင်မဟုတ်ဘဲ ဆက်လက်ဝိုင်းဝန်းထိန်းသိမ်းသွားကြဖို့လည်း ကျွန်တော်တို့အားလုံးမှာ တာဝန်ကိုယ်စီရှိကြတယ်မဟုတ်လားဗျာ” ဟုလည်း ဦးဝင်းမြင့်ကျော် (မြို့နယ်သတင်းထောက်-ကြေးမုံသတင်းစာ)က ထပ်မံပြောကြားသည်။

ယူနက်စကို၏ ၂၀၁၄ ခုနှစ် ဇွန် ၂၂ ရက်နေ့ ထုတ်ပြန်ချက်တွင် “ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာ တို့သည် လွန်ခဲ့သော နှစ် ၂၀၀၀ ကျော်မှစတင်၍ အရှေ့တောင်အာရှဒေသအတွင်း ဗုဒ္ဓဘာသာပျံ့နှံ့ခဲ့သည်ကို သက်သေပြလျက်ရှိကြောင်း၊ ထို့ပြင် ယင်းမြို့ဟောင်းများသည် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှုဆိုင်ရာပြုပြင်ပြောင်းလဲမှုများကြောင့် ဒေသတွင်း သက်တမ်းရှည်သော အဆင့်မြင့်ယဉ်ကျေးမှုမြို့တော်များဖြစ်ခဲ့ကြောင်း၊ အဆိုပါခေတ်များအတွင်း ဆန်းသစ်သော နည်းပညာများဖြစ်သည့် အရင်းအမြစ်စီမံခန့်ခွဲမှု၊ အရည်ဖိအားသုံးအတတ်ပညာ၊ စိုက်ပျိုးရေးအတတ်ပညာ၊ အုတ်ဖုတ်ပညာနှင့် ပန်းပဲဆိုင်ရာအတတ်ပညာတို့ဖြင့် တီထွင် ဆန်းသစ်မှုများ ပြနိုင်ခဲ့ကြောင်း၊ ကောင်းမွန်သော မြို့ပြစီမံကိန်းနှင့် အဆောက်အအုံ ဆောက်လုပ်ခြင်းတို့သည် အရှေ့တောင်အာရှဒေသအတွင်း စံပြအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း” စသည့်အချက်များ ဖော်ပြပါရှိခဲ့ကြောင်း သိရသည်။

ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာဟုသည့် ပျူမြို့ဟောင်းများအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ဆောင်ရွက်ခဲ့ရသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ယဉ်ကျေးမှုဝန်ကြီးဌာနနှင့်အတူ ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ ပြည်တွင်းပြည်ပမှ ပညာရှင်များ၊ အဖွဲ့အစည်းများ၊ ဒေသခံယဉ်ကျေးမှုထိန်းသိမ်းရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ ဂေါပကအဖွဲ့များ၊ ဒေသခံပြည်သူများ အတူပူးပေါင်းလက်တွဲပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ ။

ယဉ်ကျေးမှုဝန်ကြီးဌာန အလယ်အလတ်အဆင့်အရာထမ်းများ စီမံခန့်ခွဲရေးဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၂၄

ယဉ်ကျေးမှုဝန်ကြီးဌာန အလယ်အလတ်အဆင့် အရာထမ်းများ စီမံခန့်ခွဲရေးဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)၌ ယနေ့နံနက်ပိုင်းက ကျင်းပခဲ့ရာ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းတာဝန်ခံ၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)မှ ဒုတိယပါမောက္ခချုပ် ဦးယုလွင်က သင်ကြားမည့် သင်ခန်းစာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးသန်းဆွေ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဘာသာရပ်ဆိုင်ရာ တာဝန်ခံနည်းပြမှူးကြီးများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ အရာထမ်း ၁၄ ဦးတို့ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စရွတိဂုံပုံတူစွယ်တော်ပွားစေတီ(မြဝတီ)တည်ထားကိုးကွယ်လျက်ရှိ

မြဝတီ ဇွန် ၂၄

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့တွင် သာသနာတော်ထွန်းကားပြန့်ပွားစေပြီး ယဉ်ကျေးမှုအမွေအနှစ်များ ထာဝစဉ်ရှင်သန်တည်တံ့နေစေရန်အတွက် မြို့ကျက်သရေဆောင်အဖြစ် မြို့အဝင် သီဟာသနကုန်းမြေပေါ်၌ ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်လမ်းညွှန်ကြီးကြပ်မှုနှင့်အတူ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဌာနဆိုင်ရာများနှင့် သဒ္ဓါကြည်လင် ပါရမီရှင်စေတနာရှင်အလှူရှင်များ ပေါင်းစုကာ ရွှေတိဂုံပုံတူစွယ်တော်ပွားစေတီ(မြဝတီ)ကို ၂၀၁၀ ခုနှစ်မှ စတင်တည်ထားလျက်ရှိသည်။

အဆိုပါစေတီတော်မြတ်ကြီးအား ပန်းတင်ခုံ အကျယ်အဝန်း ပေ ၁၀၀၊ မြင့် ၁၅ ပေနှင့် ဉာဏ်တော်အမြင့် ၉၂ ပေဖြင့် တည်ထားကိုးကွယ်မည့် စေတီတော်ကြီးဖြစ်သည်။ စေတီတော်ကြီး၏ အနီးနားတွင် ရေဟာသာ ကျောင်းတိုက်၊ ငှေဟာသာကျောင်း တိုက်တို့ တည်ထားကိုးကွယ်လျက်ရှိသည်။ ရွှေတိဂုံပုံတူစွယ်တော်ပွား စေတီ(မြဝတီ) တည်ထားပြီးပါက မြို့၏ ဂုဏ်ကျက်သရေမှာ ပိုမိုလှပတင့်တယ်ကာ ပြည်တွင်း ပြည်ပခရီးသွားဘုရားဖူးဧည့်သည်များ စည်ကားသိုက်မြိုက်စွာ အဆက်မပြတ်လာရောက်ဖူးမြော်ကြည်ညိုကြမည် ဖြစ်သည်။ ထို့အတူ ခရီးသွားလုပ်ငန်းလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ဒေသနေတိုင်းရင်းသားပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရရှိကာ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာမည်မှာ အမှန်ပင်ဖြစ်ပေသည်။

သို့ဖြစ်၍ ရွှေတိဂုံပုံတူစွယ်တော်ပွားစေတီ(မြဝတီ) တည်ထားရာတွင် အလှူငွေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

ဝေယံလင်း(iprd)

မြန်မာရွှေ့ပြောင်းအလုပ်သမားများအား အကာအကွယ်ပေးရေး ဆွေးနွေး

တာချီလိတ် ဇွန် ၂၄

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင်မှ တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံ(မြောက်ပိုင်း) ချင်းရိုင်းခရိုင်မှ တာဝန်ရှိသူများ နှစ်နိုင်ငံချစ်ကြည်ရေး အလွတ်သဘော ဆွေးနွေးပွဲကို ဇွန် ၂၃ ရက် မွန်းလွဲပိုင်းက တာချီလိတ်မြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား ဧည့်ခန်းမ၌ ကျင်းပရာ တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေအမှူးပြုသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ထိုင်း မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေး ကော်မတီဝင်များ၊ ကုန်သည်ကြီးများ အသင်းတာဝန်ရှိသူများ၊ ချင်းရိုင်းခရိုင်အုပ်ချုပ်ရေးမှူး နိုင်းဖွန်းဆပ်ဝပ်စမ့်အမှူးပြုသော တာဝန်ရှိသူများ၊ နယ်ခြားကော်မတီဝင်များ၊ ကုန်သည်အသင်းဝင်များ၊ နှစ်နိုင်ငံ သတင်းမီဒီယာများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက နှစ်နိုင်ငံကုန်သွယ်မှု မြှင့်တင်ရေး၊ ပြည်သူများ နယ်စပ်ဖြတ်ကျော်သွားလာမှုဆိုင်ရာ နယ်မြေကန့်သတ်မှုမြှင့်တင်ရေး၊ ထိုင်းနိုင်ငံအတွင်း မြန်မာနိုင်ငံသားများအား စိစစ်မှုဘဏ်တင် ငွေထုတ်ယူသော မြန်မာနိုင်ငံသားများထံမှ အကျင့်ပျက်ဝန်ထမ်းအချို့နှင့် မသမာသူအချို့မှ ခြိမ်းခြောက် ငွေတောင်းမှုများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းများတွင် နှစ်နိုင်ငံပူးပေါင်းဖြေရှင်းရေး၊ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား အကာအကွယ်ပေးရေးဆိုင်ရာများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် ချစ်ကြည်ရေးလက်ဆောင်များအား အပြန်အလှန်ပေးအပ်ကြပြီး ချင်းရိုင်းခရိုင်အုပ်ချုပ်ရေးမှူး နိုင်းဖွန်းဆပ်ဝပ်စမ့်မှ ကျေးဇူးတင်စကားပြောကြားကာ ဆွေးနွေးပွဲအား ရုပ်သိမ်းလိုက်သည်။

လတ်တလောအားဖြင့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ နယ်စပ်ဖြတ်ကျော်သွားလာမှု ကဏ္ဍတွင် မြန်မာနိုင်ငံ တာချီလိတ်မြို့မှ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့သို့ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်ဖြင့် ကူးသန်းသွားလာရာတွင် မြန်မာနိုင်ငံသားများအနေဖြင့် ခြောက်ညအိပ် ခုနစ်ရက် နေထိုင်ခွင့်ကို ချင်းရိုင်းခရိုင် မယ်ဆိုင်မြို့သို့ သွားလာခွင့်ပြုထားရာမှ မကြာမီကာလအတွင်း ချင်းရိုင်းခရိုင် ချင်းရိုင်းမြို့အထိ ၁၃ ညအိပ် ၁၄ ရက်ခရီးအထိ တိုးမြှင့်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မောင်ယဉ်ကျေး)

ခြေစမ်းပွဲကစားရန် မြန်မာအသင်း စခန်းစင်လေ့ကျင့်

ရန်ကုန် ဇွန် ၂၄

ဂျေလိဂ်ကလပ် ဆံရေဇုအုဆာကာအသင်း၊ ဗီယက်နမ်လက်ရွေးစင်အသင်းတို့နှင့် ဆီဂေးမ်းဖလားပြိုင်ပွဲအကြို ခြေစမ်းကစားမည့် မြန်မာ့လက်ရွေးစင်အသင်းသည် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းမှာ ဇွန် ၂၃ ရက်တွင် စတင်လေ့ကျင့်နေပြီး ပဏာမလက်ရွေးစင် ကစားသမား ၂၆ ဦးဖြင့် စတင်လေ့ကျင့်လျက်ရှိသည်။ ပထမဆုံး စတင်လေ့ကျင့်သည့်ရက်တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က လာရောက်တွေ့ဆုံခဲ့ပြီး မြန်မာ့လက်ရွေးစင်ကစားသမားများကို မှာကြားခဲ့သည်။

ပဏာမမြန်မာ့လက်ရွေးစင်အသင်းတွင် နည်းပြချုပ် အေဗရာမိုဗစ်၊ လက်ထောက်နည်းပြ ဇီကိုမစ်နှင့် ဦးစိုးမြတ်မင်း၊ ဂိုးနည်းပြ ဒီနီ၊ အသင်းအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ ကစားသမားများဖြစ် ဂိုးသမား သီဟစည်သူ၊ ကျော်ဇင်ဖြိုး၊ ပြည့်ဖြိုးအောင်၊ နှင်လားဟရွှယ်၊ ရန်အောင်လင်း၊ နောက်တန်း- ဇော်မင်း၊ သက်နိုင်၊ အောင်ဇော်၊ ရဲဝင်းအောင်၊ သိန်းဇော်၊ နေမျိုးအောင်၊ ဇနဘာထွန်း၊ အောင်ဝေး၊ ကျော်ဇေယျာဝင်း၊ အောင်ကျော်နိုင်၊ အောင်ရှုံးသားမောင်၊ နိုင်လင်းဦး၊ နေလင်း၊ မင်းမင်းသူ၊ လင်း၊ အောင်မေး၊ ရန်အောင်ကျော်၊ ရှေ့ဟန်း ရန်ပိုင်၊ ကောင်းစည်သူ၊ စိုးမင်းဦးနှင့် ကျော်ကိုကိုတို့ ပါဝင်ကြသည်။

မြန်မာအသင်းမှာ ဇွန် ၂၈ ရက် ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ဂျေလိဂ်ကလပ် ဆီရီဇိုအိုဆာကာအသင်း၊ ဇူလိုင် ၂ ရက်တွင် ဗီယက်နမ်လက်ရွေးစင်အသင်းနှင့် ဗီယက်နမ်နိုင်ငံတွင် ခြေစမ်းကစားမည်ဖြစ်သည်။

(ရှိုင်းထက်ဇော်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

သပြေကုန်းအဝိုင်းနှင့် ကံ့ကော်အဝိုင်းအနီးတို့၌ မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်တင်ပွဲကျင်းပ

နေပြည်တော် ဇွန် ၂၄

ယနေ့ နံနက် ၆ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းအဝိုင်းအနီး၌ ကျင်းပသော "မြန်မာအမျိုးသမီးများနေ့" ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားက ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများနှင့် ဇမ္ဗူသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင်အင်အား ၁၅၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် [illegible] ဖြစ်ကြသော ဒေါ်နီနီဝင်းနှင့် ဒေါ်ကျင်ခိုင်တိုက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြန်မာ[illegible] အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်[illegible] အမျိုးသမီးများနေ့" ဆိုင်းဘုတ် [illegible] လေဆာဘောဖြင့် ဖွင့်လှစ်ပေးသည်။(ယာပုံ)

ထို့နောက် ဒက္ခိဏသီရိမြို့နယ် ကံ့ကော်ဝိုင်းအနီး၌ ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်းနှင့် ဒေါ်ကျင်ခိုင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြက "မြန်မာအမျိုးသမီးများနေ့" ဆိုင်းဘုတ်ကို [illegible] ဖြင့် ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောများ ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေး ဆွေးနွေး

နေပြည်တော် ဇွန် ၂၄

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာသက်သက်ဇင်အား ဗြိတိန်နိုင်ငံ Southeast Asia Climate Change Unit ၏ အကြီးအကဲဖြစ်သူ Mr. Mark George ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါ ဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ထိုသို့ ဆွေးနွေးရာတွင် ရာသီဥတုပြောင်းလဲမှု [illegible] ခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသစ်တောများ ထိန်းသိမ်းကာကွယ်ရေး၊ တရားမဝင် သစ်ထုတ်ခြင်းများ လျော့နည်းကျဆင်းရေး၊ သစ်တောများ ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးနှင့် ထိရောက်စွာ စီမံအုပ်ချုပ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ယဉ်ကျေးမှုဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၂၄

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် ဇွန် ၁၉ ရက်က [illegible] ခြားဘာသာတက္ကသိုလ် [illegible] ယဉ်ကျေးမှုဟောပြောပွဲ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ ခေါင်းဆောင် ပါမောက္ခဒေါက်တာခင်ဆွေမြင့်က **"မြန်မာယဉ်ကျေးမှု၊ မြန်မာအမျိုးသမီးများနှင့် စတ်စားဆင်ယင်မှု ရက်နှာစာ"**၊ ပညာရေးအဖွဲ့ခွဲခေါင်းဆောင် စိတ်ပညာပါမောက္ခ ဒေါ်သက်ထားဝင်းက **"ဆယ်ကျော်သက်အရွယ် အကြောင်းသိကောင်းစရာ"** တို့ကို စိတ်ဝင်စားဖွယ်အကြောင်းအရာ အချက်အလက်များဖြင့် တင်ပြဟောပြောခဲ့ကြသည်။

ဟောပြောပွဲအခမ်းအနားသို့ ပါမောက္ခချုပ် ဒေါက်တာလင်းလင်းစိုး၊ ဆရာမများနှင့် ပထမနှစ်ကျောင်းသူ ၄၀၀ ခန့် တက်ရောက်နား[illegible] ခဲ့ကြကြော[illegible] ရရှိသည်။

(သတင်းစဉ်)

ရတနာပုံတက္ကသိုလ်၌ ATM စက်တပ်ဆင်ပေးမည်

မန္တလေး ဇွန် ၂၄

မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ရတနာပုံတက္ကသိုလ်တွင် KBZ ဘဏ်မှ ကျောင်းသား ကျောင်းသူများ လွယ်ကူစွာ ငွေထုတ်ယူနိုင်ရန် ATM စက်တပ်ဆင်ပေးမည်ဖြစ်သည်။ KBZ ဘဏ်မှ ATM စက်တပ်ဆင်ပြီးစီးပါက ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ကိုယ်တိုင် ငွေထုတ်ယူနိုင်သော MPU Debit Card များကို ကျောင်းတွင်ဖွင့်လှစ်ပေးမည်ဖြစ်သည်။

အဆိုပါ MPU Debit Card များသည် KBZ ATM စက်များတွင်သာမက အခြား ATM စက်များတွင်ပါ ငွေသားကို ၂၄ နာရီပိတ်ရက်မရှိ လက်လှမ်းမီစွာထုတ်ယူနိုင်မည်ဖြစ်သည်။ MPU Debit Card များသည် တစ်နေ့လျှင် အများဆုံးငွေကျပ် ၁၀ သိန်းအထိ ထုတ်ယူနိုင်မည်ဖြစ်ပြီး ကတ်များပျောက်ဆုံး၊ ခိုးယူခံရပါက နီးစပ်ရာ KBZ ဘဏ်ခွဲများကို ချက်ချင်းအကြောင်းကြားပြီး ကတ်အသစ် ထပ်မံဖွင့်လှစ်နိုင်မည်ဖြစ်သည်။ MPU Debit Card များ ဖွင့်လှစ်လိုသော ကျောင်းသားကျောင်းသူများအနေဖြင့် ကျောင်းသားကတ်မိတ္တူတစ်ခုတည်းသာလိုအပ်ကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

[illegible]
ကျ[illegible]
[illegible]
ဆေးပ[illegible]

ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်နှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ရန်ကုန်တို့၌ ၂၀၁၅ ပညာသင်နှစ်တွင် ဖွင့်လှစ်သင်ကြားမည့် ဆေးပညာပါရဂူဘွဲ့သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့(Ph.D)သင်တန်းများ

စဉ်	သင်တန်းအမည်	သင်တန်းကာလ	ဖွင့်လှစ်မည့်မြို့
၁။	ပါရဂူဘွဲ့(ခန္ဓာဗေဒ)	၃နှစ်	ရန်ကုန်/မန္တလေး/မကွေး
၂။	ပါရဂူဘွဲ့(ဇီဝကမ္မဗေဒ)	၃နှစ်	ရန်ကုန်/မန္တလေး/မကွေး
၃။	ပါရဂူဘွဲ့(ဇီဝဓါတုဗေဒ)	၃နှစ်	ရန်ကုန်/မန္တလေး
၄။	ပါရဂူဘွဲ့(အဏုဇီဝဗေဒ)	၃နှစ်	ရန်ကုန်/မန္တလေး
၅။	ပါရဂူဘွဲ့(ဆေးဝါးဗေဒ)	၃နှစ်	ရန်ကုန်/မန္တလေး
၆။	ပါရဂူဘွဲ့(ရောဂါဗေဒ)	၃နှစ်	ရန်ကုန်/မန္တလေး
၇။	ပါရဂူဘွဲ့(ပြည်သူ့ကျန်းမာရေး)	၃နှစ်	ရန်ကုန်
၈။	ပါရဂူဘွဲ့(သွားဘက်ဆိုင်ရာခန္ဓာဗေဒနှင့် ဇီဝကမ္မဗေဒ)	၃နှစ်	ရန်ကုန်

ဆေးလက်တွေ့ပါရဂူဘွဲ့(Dr.Med.Sc/Dr.D.Sc)သင်တန်းများ

စဉ်	သင်တန်းအမည်	သင်တန်းကာလ	ဖွင့်လှစ်မည့်မြို့
၁။	ဆေးလက်တွေ့ပါရဂူဘွဲ့(အထွေထွေဆေးပညာ)	၃နှစ်	ရန်ကုန်/မန္တလေး
၂။	ဆေးလက်တွေ့ပါရဂူဘွဲ့(အထွေထွေခွဲစိတ်ကုပညာ)	၃နှစ်	ရန်ကုန်/မန္တလေး
၃။	ဆေးလက်တွေ့ပါရဂူဘွဲ့(သားဖွားမီးယပ်ပညာ)	၃နှစ်	ရန်ကုန်/မန္တလေး
၄။	ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးကျန်းမာပညာ)	၃နှစ်	ရန်ကုန်/မန္တလေး
၅။	ဆေးလက်တွေ့ပါရဂူဘွဲ့(အရေရောဂါပညာ)	၃နှစ်	ရန်ကုန်/မန္တလေး
၆။	ဆေးလက်တွေ့ပါရဂူဘွဲ့(နှလုံးရောဂါပညာ)	၃နှစ်	ရန်ကုန်/မန္တလေး
၇။	ဆေးလက်တွေ့ပါရဂူဘွဲ့(နှလုံးခွဲစိတ်ကုပညာ)	၃နှစ်	ရန်ကုန်
၈။	ဆေးလက်တွေ့ပါရဂူဘွဲ့ (အဆုတ်နှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာဆေးပညာ)	၃နှစ်	ရန်ကုန်/မန္တလေး
၉။	ဆေးလက်တွေ့ပါရဂူဘွဲ့(ရင်ခေါင်းခွဲစိတ်ကုပညာ)	၃နှစ်	ရန်ကုန်/မန္တလေး
၁၀။	ဆေးလက်တွေ့ပါရဂူဘွဲ့(ဦးနှောက်နှင့်အာရုံကြောဆေးပညာ)	၃နှစ်	ရန်ကုန်/မန္တလေး
၁၁။	ဆေးလက်တွေ့ပါရဂူဘွဲ့ (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ)	၃နှစ်	ရန်ကုန်/မန္တလေး
၁၂။	ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောက်ကပ်ရောဂါပညာ)	၃နှစ်	ရန်ကုန်
၁၃။	ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောက်ကပ်နှင့်ဆီးလမ်းကြောင်း ရောဂါခွဲစိတ်ကုပညာ)	၃နှစ်	ရန်ကုန်/မန္တလေး
၁၄။	ဆေးလက်တွေ့ပါရဂူဘွဲ့(အစာအိမ်နှင့်အူလမ်းကြောင်းဆေးပညာ)	၃နှစ်	ရန်ကုန်/မန္တလေး
၁၅။	ဆေးလက်တွေ့ပါရဂူဘွဲ့(အသည်းရောဂါပညာ)	၃နှစ်	ရန်ကုန်
၁၆။	ဆေးလက်တွေ့ပါရဂူဘွဲ့(သွေးရောဂါပညာ)	၃နှစ်	ရန်ကုန်
၁၇။	ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးခွဲစိတ်ကုပညာ)	၃နှစ်	ရန်ကုန်
၁၈။	ဆေးလက်တွေ့ပါရဂူဘွဲ့(မေ့ဆေးစက ကလေးဆေးပညာ)	၃နှစ်	ရန်ကုန်
၁၉။	ဆေးလက်တွေ့ပါရဂူဘွဲ့(လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာ)	၃နှစ်	ရန်ကုန်
၂၀။	ဆေးလက်တွေ့ပါရဂူဘွဲ့(မီးယပ်ဆိုင်ရာကင်ဆာရောဂါပညာ)	၃နှစ်	ရန်ကုန်
၂၁။	ဆေးလက်တွေ့ပါရဂူဘွဲ့(မျိုးပွါး မဆိုင်ရာဆေးပညာ)	၃နှစ်	ရန်ကုန်
၂၂။	ဆေးလက်တွေ့ပါရဂူဘွဲ့(မေ့ဆေးပညာ)	၃နှစ်	ရန်ကုန်/မန္တလေး
၂၃။	ဆေးလက်တွေ့ပါရဂူဘွဲ့(ဓါတ်မှန်ပညာ)	၃နှစ်	ရန်ကုန်/[illegible]
၂၄။	ဆေးလက်တွေ့ပါရဂူဘွဲ့(မျက်စိရောဂါပညာ)	၃နှစ်	ရန်ကုန်/မန္တလေး
၂၅။	ဆေးလက်တွေ့ပါရဂူဘွဲ့(နား၊ နှာခေါင်း၊ လည်ချောင်းရောဂါပညာ)	၃နှစ်	ရန်ကုန်/[illegible]
၂၆။	ဆေးလက်တွေ့ပါရဂူဘွဲ့(ဥပဒေရေးရာဆေးပညာ)	၃နှစ်	ရန်ကုန်/မန္တလေး
၂၇။	ဆေးလက်တွေ့ပါရဂူဘွဲ့(အရိုး၊ အကြောအဆစ်ဆေးပညာ)	၃နှစ်	ရန်ကုန်
၂၈။	ဆေးလက်တွေ့ပါရဂူဘွဲ့ (ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာ)	၃နှစ်	ရန်ကုန်/[illegible]
၂၉။	ဆေးလက်တွေ့ပါရဂူဘွဲ့(ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ)	၃နှစ်	ရန်ကုန်
၃၀။	ဆေးလက်တွေ့ပါရဂူဘွဲ့(ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ)	၃နှစ်	ရန်ကုန်
၃၁။	ဆေးလက်တွေ့ပါရဂူဘွဲ့(ဟော်မုန်းရောဂါများအထူးကုပညာ)	၃နှစ်	ရန်ကုန်
၃၂။	ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောရိုးခွဲစိတ်ကုပညာ)	၃နှစ်	ရန်ကုန်
၃၃။	သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့ (မေးရိုးနှင့်ခံတွင်းဆေးပညာ)	၃နှစ်	ရန်ကုန်
၃၄။	သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့(သွားတုဆေးပညာ)	၃နှစ်	ရန်ကုန်
၃၅။	သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့(သွားရောဂါကုဆေးပညာ)	၃နှစ်	ရန်ကုန်
၃၆။	သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးသွားကျန်းမာရေးပညာ)	၃နှစ်	ရန်ကုန်
၃၇။	သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့ (ကာကွယ်ရေးနှင့် လူထုသွားကျန်းမာရေးပညာ)	၃နှစ်	ရန်ကုန်
၃၈။	သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့(သွားညှိကုပညာ)	၃နှစ်	ရန်ကုန်
၃၉။	သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့(သွားဖုံးရောဂါကုပညာ)	၃နှစ်	ရန်ကုန်

၂။ သက်ဆိုင်ရာဘာသာရပ်တွင် မဟာသိပ္ပံဘွဲ့(သိမဟုတ်) အလားတူ ဘွဲ့လွန်ရရှိထားသူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်သည့်ရက်တွင် သက်ဆိုင်ရာဘာသာရပ် မဟာသိပ္ပံဘွဲ့ / အလားတူဘွဲ့ရရှိပြီးနောက် လုပ်သက်(၂)နှစ်ပြည့်ပြီး သူဖြစ်ရမည်။

မှတ်ချက်။ ။ ပါရဂူဘွဲ့(ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ၊ ဆေးဝါးဗေဒ၊ အဏုဇီဝဗေဒ၊ ရောဂါဗေဒ၊ သွားဘက်ဆိုင်ရာခန္ဓာဗေဒနှင့်ဇီဝကမ္မဗေဒ) ဘာသာရပ်များအတွက် သက်ဆိုင်ရာဘာသာရပ် မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် လုပ်သက် ကန့်သတ်ချက်မရှိ။

၄။ လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)နှစ်ထက်မကြီးသူဖြစ်ရမည်။

၅။ လျှောက်လွှာပိတ်သည့်ရက်တွင် အခြေခံဝန်ထမ်းလောင်းသင်တန်း(ဒေသ)(သို့မဟုတ်) အရာထမ်းအခြေခံသင်တန်း(သို့မဟုတ်) အကြိုဝန်ထမ်းလောင်းသင်တန်း(အကြိုဒေသ)(သို့မဟုတ်)အထူးဝန်ထမ်းလောင်း(ဆရာဝန်)သင်တန်းတက်ပြီးသူဖြစ်ရမည်။

(ခြွင်းချက်။ ။ လျှောက်လွှာပိတ်သည့်ရက်တွင် ဝန်ထမ်းလောင်းသင်တန်းတက်ရောက်နေသူဖြစ်ပါက ရေးဖြေဖြေဆိုမည့်ရက်တွင် သင်တန်းဆင်းလက်မှတ် တင်ပြနိုင်သူဖြစ်ရမည်။)

၆။ လျှောက်လွှာပိတ်ရက်မှာ ၁၅-၈-၂၀၁၄ ရက်(သောကြာနေ့)ဖြစ်ပါသည်။

၇။ ကြိုတင်လျှောက်လွှာများကို ဆေးသိပ္ပံပညာဦးစီးဌာန၊ နေပြည်တော်သို့ ပေးပို့လျှောက်ထားရမည်။

၈။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ ၁၇-၉-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)ဖြစ်ပါသည်။

၉။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)

က နေပြည်တော်၊ မြန်မာစီးပွားရေးဘဏ်တွင် ဆေးသိပ္ပံပညာဦးစီးဌာန၊ ငွေစာရင်းအမှတ် MD-၀၀၀၉၂၅ သို့ ပေးသွင်းရမည်။

(မှတ်ချက်။ ။ မြို့နယ်မြန်မာစီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် နေပြည်တော် မြန်မာစီးပွားရေးဘဏ်ရှိ ဆေးသိပ္ပံပညာဦးစီးဌာန၊ ငွေစာရင်းအမှတ် MD-၀၀၀၉၂၅ သို့လွှဲပြောင်း၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးပို့နိုင်ပါသည်။)

၁၀။ လျှောက်လွှာခေါ်ယူသည့်ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ ပြည်နယ်/တိုင်းဒေသကြီး/ခရိုင် ကျန်းမာရေးဦးစီးဌာနမှူးရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ယာဉ်မတော်တဆမှုလျော့ကျစေရေး နည်းပညာမိတ်ဆက်

နေပြည်တော် ဇွန် ၂၄

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုအများစုမှာ အရှိန်လွန် မောင်းနှင်မှုကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။ သတ်မှတ်နှုန်းထက် ကျော်လွန်မောင်းနှင်ခြင်း၊ မော်တော်ယာဉ်၏ လမ်းကြောင်း မြန်နှုန်းရပ်တန့်ခြင်း၊ ထက်ခွာခြင်း၊ ယာဉ်မောင်းအခြေအနေများအထိ ထိန်းကျောင်းသတိပေး လမ်းညွှန်မှုများပါဝင်သော ယာဉ်မတော်တဆမှုကြိုတင်ကာကွယ်ခြင်း အစီအမံနည်းပညာနှင့် ဆက်စပ်ပစ္စည်းများ မိတ်ဆက်ရှင်းလင်းပြသပွဲကို နေပြည်တော်ကောင်စီနယ်မြေ ပလေးအမြန်လမ်း ရဲစခန်းတွင် ယနေ့ကျင်းပသည်။

B SMART Vehicle Safety Management System ၏ လုပ်ဆောင်ချက်နှင့် ဝန်ဆောင်မှုများ၊ ဆက်စပ်ပစ္စည်းများနှင့် Operation Centre မှ မောင်းနှင်နေသော ယာဉ်များ၏အခြေအနေကို သိရှိမှု၊ သတိပေးလမ်းညွှန်မှု ပြုလုပ်နိုင်စမ်းတက B SMART Co., Ltd. မှ ဦးညီညီ မောင်က လက်တွေ့ရှင်းလင်းပြသခဲ့ပြီး ရန်ကုန်-မန္တလေး အမြန်လမ်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေဝင်းက ရန်ကုန်-မန္တလေး အမြန်လမ်းတွင် ယာဉ်မတော်တဆမှုများလျော့နည်းလာအောင် စစ်ဆေးပညာပေးအရေးယူမှုများ၊ ကာကွယ်စောင့်ရှောက်မှုများအား ရှင်းလင်းပြောကြားခဲ့သည်။

B SMART Vehicle Safety Management System ကို အာရှတိုက်မှ မလေးရှားနိုင်ငံအပါအဝင်နိုင်ငံများနှင့် DHL ကဲ့သို့ သယ်ယူပို့ဆောင်မှုလုပ်ငန်းကြီးများတွင် အသုံးပြုလျက်ရှိကြောင်း သိရသည်။ ယင်းနည်းပညာမှာ GPS Satellite နှင့် GSM/ GPRS Network တို့ ပေါင်းစပ်၍ မော်တော်ယာဉ်၏မြန်နှုန်း အချိန်နေရာ စသည်အချက်အလက်များကို Google Earth ဖြင့်တွဲ၍ တိကျစွာသိရှိနိုင်ခြင်း၊ ယာဉ်မောင်းမှ သတ်မှတ်မြန်နှုန်းထက် ပိုမောင်းခြင်း၊ ကြမ်းတမ်းစွာမောင်းခြင်း၊ အရှိန်ဖြင့်ကွေ့ခြင်း၊ ကြမ်းတမ်းစွာဘရိတ်အုပ်ခြင်း၊ [illegible]ငမောင်းနှင်ခြင်းကဲ့သို့ အပြစ်ကျူးလွန်မှုများကို အချိန်နေရာနှင့် ကျူးလွန်သည့် အကြိမ်အရေအတွက်ကိုပါပြသပေးပြီး ယာဉ်မောင်းများ၏ စည်းကမ်းလိုက်နာမှုအဆင့်အား အလွယ်တကူသိရှိနိုင်သဖြင့် လိုက်နာမှုအားနည်းသော ယာဉ်မောင်းများအား ကြိုတင်သတိပေးအရေးယူနိုင်သဖြင့် မတော်တဆမှုများလျော့ချနိုင်သကဲ့သို့ ယာဉ်မောင်းနှင့် ယာဉ်လိုင်းအား ထိရောက်စွာအရေးယူအပြစ်ပေးနိုင်မည်ဖြစ်သည်။

ထို့အပြင် မော်တော်ယာဉ် ကြံ့ခိုင်ရေး၊ ပြုပြင်ထိန်းသိမ်းရန် အချိန်နှင့်အချက်အလက်များ တာဝန်ရှိယာဉ်မောင်းမှအပ အခြားသူဝင်ရောက်မောင်းနှင်ခြင်း မပြုနိုင်ရန် လုံခြုံရေးအစီအမံများ ယာဉ်မောင်းနှင့်ယာဉ်၏ လိုင်စင်သက်တမ်းအာမခံသက်တမ်းဆိုင်ရာ သတိပေးဖော်ပြမှုများအပြင် ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ပါက ဖြစ်ပွားပုံအသေးစိတ်ပြန်လည်သုံးသပ်နိုင်မည့် Black Box Analysis Report ပါရှိမည်ဖြစ်ကြောင်း သိရသည်။

အမြန်လမ်းမကြီး ယာဉ်မတော်တဆမှု ဖြစ်ပွားလျော့နည်းပပျောက်စေရေးအတွက် အမြန်လမ်းရဲတပ်ဖွဲ့မှ ကြိုးစားဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ခု ဧပြီလတွင် မတော်တဆမှု ၆၀၊ သေဆုံး ၃၃၊ ဒဏ်ရာရ ၁၃၉ ရှိရာမှ မေလတွင် မတော်တဆမှု ၄၀၊ သေဆုံး ၂၃၊ ဒဏ်ရာရ ၉၂ ရှိခဲ့ပြီး ဇွန် ၂၃ ရက် အထိ မတော်တဆမှု ၁၉၊ သေဆုံး နှစ်ဦး၊ ဒဏ်ရာရ ၁၆ ဦးရှိရာ ၃း၂း၁ အထိ လျော့ချနိုင်ခဲ့ကြောင်း၊ မတော်တဆမှုဖြစ်စဉ်များ လျော့ချရာမှ ပပျောက်သည်အထိ ဖြစ်စေလိုကြောင်း၊ သက်ဆိုင်ရာဌာန အသီးသီးနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ရာ ယခုကဲ့သို့ နည်းပညာများ၊ ယာဉ်လိုင်း၊ ယာဉ်မောင်းများ ပူးပေါင်းမှုရှိလာပါက ပိုမိုထိရောက်အောင်မြင်မည်ဖြစ်ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့ ရဲမှူးကြီးနေဝင်းက ပြောကြားခဲ့သည်။

အဆိုပါ နည်းပညာအသုံးပြုမည်ဆိုပါက အမြန်လမ်းတစ်လျှောက် မိုဘိုင်းဆက်သွယ်ရေးလမ်းကြောင်းများ ပြတ်တောက်မှုမရှိ ကောင်းမွန်ရန် လိုအပ်ပေရာ ဆက်သွယ်ရေးသတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနနှင့် ညှိနှိုင်းရမည်ဖြစ်ပြီး အဆိုပါ နည်းပညာ စတင်အသုံးပြုမည်ဆိုပါက ခရီးသည်တင်ယာဉ်များတွင် စတင်တပ်ဆင်မည်ဖြစ်ကြောင်းနှင့် ယခုအချိန်တွင် B SMART ယာဉ်မတော်တဆမှုကာကွယ်ရေး အစီအမံ နည်းပညာကို အမြန်လမ်းရဲတပ်ဖွဲ့ မော်တော်ယာဉ်များနှင့် ရှေ့ဝတ်ခရီးသည့်တင်ယာဉ်လိုင်းတိုတွင် တပ်ဆင်အသုံးပြုလျက်ရှိကြောင်း သိရသည်။ **(သတင်းနှင့်ဓာတ်ပုံ-ကိုကိုနေ)**

ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ကျင်းပ

သရက် ဇွန် ၂၄

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များတာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၃ ရက်က ကျင်းပရာ သရက်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က [illegible]ပြောကြားပြီး ခရိုင်အတွင်းရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် စီမံကိန်းရည်မှန်းချက် အကောင်အထည်ဖော်ဆောင်ရွက်မည့် ခရိုင်အဆင့်ဌာနဆိုင်ရာများအား စီမံကိန်းတာဝန်များပေးအပ်ခဲ့သည်။

ထို့နောက် သရက်ခရိုင် စီမံကိန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငြိမ်းချမ်းက ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အောင်မြင်နိုင်ရေးကို ရှင်းလင်းပြောကြားခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူးက သက်ဆိုင်ရာဌာနဆိုင်ရာများအား ယနေ့တာဝန်ပေးအပ်ပြီးဖြစ်၍ စီမံကိန်းရည်မှန်းချက်ပြည့်မီရေး စေတနာထားပြီး တာဝန်ကျေပွန်စွာဆောင်ရွက်ပေးကြရန်နှင့် လစဉ်အစည်းအဝေး ပြုလုပ်ညှိနှိုင်းဆောင်ရွက်ကြရန်၊ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများ ထိရောက်စွာ အသုံးပြုရန်နှင့် ဌာနဆိုင်ရာများအနေဖြင့် ရပ်မိရပ်ဖများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ မြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့် ပြည်သူများ၏လိုအပ်ချက်ကို အစဉ်ထည့်သွင်းစဉ်းစား ဆောင်ရွက်တတ်စေရန်မှာကြားခဲ့ကြောင်း သိရသည်။

ဇော်ထက်(IPRD)

မီးလောင်လျှင်

(က) ထက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းပန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီ [illegible]နိုင်လျှင် မီးလောင်မကြီးမဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

[illegible]ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျ[illegible]၊ ဆေးသိပ္ပံပညာဦးစီးဌာန
ဆေးပညာဒီပလိုမာနှင့် ဆေးပညာမဟာသိပ္ပံ ဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များတွင ၂၀၁၅ ပညာသင်နှစ်အတွက် ဖွင့်လှစ်သင်ကြားမည့် အောက် ဖော်ပြပါ ဘွဲ့လွန်ဆေးပညာသင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ အမြဲတမ်းဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဆေးပညာဒီပလိုမာ (Dip.Med.Sc)သင်တန်းများ

စဉ်	သင်တန်းအမည်	သင်တန်းကာလ	[illegible]
(၁)	တီဘီနှင့် ရင်ခေါင်းရောဂါကုပညာ	၁ နှစ်	ရန်ကုန်
(၂)	ကာလသားရောဂါပညာ	။	ရန်ကုန်

ဆေးပညာမဟာသိပ္ပံ (M.Med.Sc) သင်တန်းများ

စဉ်	သင်တန်းအမည်	သင်တန်းကာလ	[illegible]
(၁)	ဆေးပညာမဟာသိပ္ပံ(ခန္ဓာဗေဒ)	၂ နှစ်	ရန်ကုန်၊ မန္တလေး၊ မကွေး
(၂)	ဆေးပညာမဟာသိပ္ပံ(ဇီဝကမ္မဗေဒ)	။	ရန်ကုန်၊ မန္တလေး၊ မကွေး
(၃)	ဆေးပညာမဟာသိပ္ပံ(ဇီဝဓာတုဗေဒ)	။	ရန်ကုန်၊ မန္တလေး၊ မကွေး
(၄)	ဆေးပညာမဟာသိပ္ပံ(ဆေးဝါးဗေဒ)	။	ရန်ကုန်၊ မန္တလေး၊ မကွေး
(၅)	ဆေးပညာမဟာသိပ္ပံ(အဏုဇီဝဗေဒ)	။	ရန်ကုန်၊ မန္တလေး၊ မကွေး
(၆)	ဆေးပညာမဟာသိပ္ပံ (ကာကွယ်ရေးနှင့် အပူပိုင်းဆေးပညာ)	။	ရန်ကုန်၊ မန္တလေး
(၇)	ဆေးပညာမဟာသိပ္ပံ(ရောဂါဗေဒ)	။	ရန်ကုန်၊ မန္တလေး၊ မကွေး
(၈)	ဆေးပညာမဟာသိပ္ပံ(ဥပဒေရေးရာဆေးပညာ)	။	ရန်ကုန်၊ မန္တလေး၊ မကွေး
(၉)	ဆေးပညာမဟာသိပ္ပံ (ကင်ဆာရောဂါဓာတ်ရောင်ခြည်ဆေးကုပညာ)	။	ရန်ကုန်
(၁၀)	ဆေးပညာမဟာသိပ္ပံ (အဏုမြူရောင်ခြည်ဆေးပညာ)	။	ရန်ကုန်
(၁၁)	ပြည်သူ့ကျန်းမာရေးမဟာဘွဲ့	၁ နှစ်	ရန်ကုန်
(၁၂)	ဆေးပညာမဟာသိပ္ပံ (ဆေးရုံအုပ်ချုပ်မှုနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုပညာ)	။	ရန်ကုန်
(၁၃)	ဆေးပညာမဟာသိပ္ပံ (နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါပညာ)	၃ [illegible]	ရန်ကုန်၊ မန္တလေး
(၁၄)	ဆေးပညာမဟာသိပ္ပံ (မေ့ဆေးပညာ)	။	ရန်ကုန်၊ မန္တလေး
(၁၅)	ဆေးပညာမဟာသိပ္ပံ (ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာ)	။	ရန်ကုန်၊ မန္တလေး
(၁၆)	ဆေးပညာမဟာသိပ္ပံ (အရေးပြားရောဂါပညာ)	။	ရန်ကုန်
(၁၇)	ဆေးပညာမဟာသိပ္ပံ (အရိုးရောဂါပညာ)	။	ရန်ကုန်၊ မန္တလေး
(၁၈)	ဆေးပညာမဟာသိပ္ပံ (မျက်စိရောဂါပညာ)	။	ရန်ကုန်၊ မန္တလေး
(၁၉)	ဆေးပညာမဟာသိပ္ပံ (ဓာတုမန်ပညာ)	။	ရန်ကုန်၊ မန္တလေး
(၂၀)	ဆေးပညာမဟာသိပ္ပံ (စိတ်ကျန်းမာပညာ)	။	ရန်ကုန်၊ မန္တလေး
(၂၁)	ဆေးပညာမဟာသိပ္ပံ (အရေးပေါ်ကုသမှုဆေးပညာ)	။	ရန်ကုန်
(၂၂)	ဆေးပညာမဟာသိပ္ပံ(ဆေးပညာ)	။	ရန်ကုန်၊ မန္တလေး၊ မကွေး
(၂၃)	ဆေးပညာမဟာသိပ္ပံ(ခွဲစိတ်ကုပညာ)	။	ရန်ကုန်၊ မန္တလေး၊ မကွေး
(၂၄)	ဆေးပညာမဟာသိပ္ပံ(သားဖွားနှင့်မီးယပ်ပညာ)	။	ရန်ကုန်၊ မန္တလေး၊ မကွေး
(၂၅)	ဆေးပညာမဟာသိပ္ပံ(ကလေးကျန်းမာပညာ)	။	ရန်ကုန်၊ မန္တလေး၊ မကွေး

၂။ လိုအပ်သောအရည်အချင်း

(၁) အမ်ဘီဘီအက်စ်ဘွဲ့ (သို့မဟုတ်) အလားတူဘွဲ့ ရရှိထားသူဖြစ်ရမည်။
မှတ်ချက်။ ပြည်သူ့ကျန်းမာရေးမဟာဘွဲ့သင်တန်းအတွက် အမ်ဘီဘီအက်စ်ဘွဲ့ (သို့မဟုတ်) ဘီဒီအက်စ်ဘွဲ့ (သို့မဟုတ်) ဘီအင်(န်)အက်စ်စီဘွဲ့ (ပုံမှန်/ပေါင်းကူး) (သို့မဟုတ်) ဘီကွမ်းအိပ်ချ်ဘွဲ့ (သို့မဟုတ်) အလားတူဘွဲ့ ရရှိထားသူဖြစ်ရမည်။

(၂) လျှောက်လာပိတ်သည့်ရက်တွင် လုပ်သက်(၁)နှစ်ပြည့်ပြီးသူဖြစ်ရမည်။
မှတ်ချက်။ ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ ရောဂါဗေဒ၊ ဆေးဝါးဗေဒ၊ စိတ်ကျန်းမာပညာနှင့် ဥပဒေရေးရာ ဆေးပညာဘာသာရပ်များအတွက် လုပ်သက်သတ်မှတ်ချက်မရှိ လျှောက်ထားနိုင်ပါသည်။

(၃) လျှောက်လာပိတ်သည့်ရက်တွင် အသက်(၅၀)နှစ်ထက်မကြီးသူ ဖြစ်ရမည်။

(၄) လျှောက်လာပိတ်သည့်ရက်တွင် အခြေခံဝန်ထမ်းလောင်းသင်တန်း (ဖေယျ) (သို့မဟုတ်) အရာထမ်းအခြေခံသင်တန်း [illegible]ကြိုဝန်ထမ်းလောင်းသင်တန်း(အကြိုဖေယျ) (သို့မဟုတ်) အထူးဝန်ထမ်းလောင်း(ဆရာဝန်)သင်တန်း (သို့မဟုတ်) အရာထမ်းအခြေခံဝန်ထမ်းလောင်း(အငယ်တန်း)သင်တန်း (သို့မဟုတ်) အရာထမ်းငယ်အခြေခံသင်တန်း တက်ပြီးသူ ဖြစ်ရမည်။
(ခြွင်းချက်။ လျှောက်လာပိတ်သည့်ရက်တွင် ဝန်ထမ်းလောင်းသင်တန်း တက်ရောက်နေသူဖြစ်ပါက ရေးဖြေဖြေဆိုမည့်ရက်တွင် သင်တန်းဆင်းလက်မှတ် တင်ပြနိုင်သူဖြစ်ရမည်။)

[illegible] လျှောက်လာပိတ်ရက်မှာ ၁၅-၈-၂၀၁၄ရက် (သောကြာနေ့) ဖြစ်ပါသည်။
[illegible] ကြိုတင်လျှောက်လွှာများကို ဆေးသိပ္ပံပညာဦးစီးဌာန၊ နေပြည်တော်သို့ ပေးပို့လျှောက်ထားရမည်။
[illegible] ဝင်ခွင့်ရေးဖြေစာမေးပွဲ စစ်ဆေးမည့်ရက်မှာ ၁၈-၉-၂၀၁၄ရက် (ကြာသပတေးနေ့) ဖြစ်ပါသည်။
[illegible] ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ် ၁၀၀၀/-(ကျပ်တစ်ထောင်တိတိ)ကို နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်တွင် ဆေးသိပ္ပံပညာဦးစီးဌာန၊ ငွေစာရင်းအမှတ်၊ MD-010925 သို့ ပေးသွင်းရမည်။
(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ ဆေးသိပ္ပံပညာဦးစီးဌာန ငွေစာရင်းအမှတ်၊ MD-010925သို့ လုပ်မှ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးပို့နိုင်ပါသည်။)

၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ ပြည်နယ်/တိုင်း/ခရိုင် ကျန်းမာရေးဦးစီးဌာနမှူးရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန

ပြည်တွင်းရေးရာ

ပအိုဝ်းတိုင်းရင်းသားဒေသများသို့ ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းမှ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ လှူဒါန်း

သထုံ ဇွန် ၂၄

မအားနည်းသော ပအိုဝ်းတိုင်းရင်းသား ဒေသများသို ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းမှ ဆန်၊ ဆနှင့် အမြားစားသောက်ဖယရာများကို ဇွန် ၂၃ ရက် နံနက် ၁၁ နာရီက သထံမြို့နယ် ပအိုပးအမျိုးသား လွတမြောက်ရေးအဖွဲ့ချုပ် (PNLO) စးပွားရေးရုံး၌ ပေးအပ်လှူဒါန်းခဲကြောင်း သရသည။ အဆုပါအခမ်းအနားသိ သထံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထန်းထန်းနိုင်၊ ပအိဝ်းအမျိုးသားလတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ ဦးခွန်မြင့်ထွန်း၊ မွန်ပြည်နယ်အတင်းမ ပအိုဝ်းစာပေနှင့် ယဉကျေးမအဖွဲ့ဝငများ၊ ပအဝးအမျိုးသားအဖွဲ့ချုပ (PNO) ပါတီဝင်များ၊ ခွနတနနယ် ပအိဝ်းလငယ်ကွန်ရက်အဖွဲ့ဝင်များနင့် ရပ်မိရပ်ဖများ တက်ရောက်ခဲကြပြီး နိပ္ပွန်ဖောင်ဒေးရှင်းမ တာဝန်ရှိသတိက ဆန်၊ ဆီ၊ ပဲနှင့် အခြားစားသောက်ဖယ်ရာများကု ပေးအပ်လှူဒါန်းရာ (PNLO) ဥက္ကဋ္ဌ ဦးခွန်မြင့်ထွန်းက လက်ခံရယူပြီး ယင်းတို့အား မဖွံ့ဖြိုးသေးသော ပအိဝ်းတိုင်းရင်းသားဒေသများရှိ ပြည်သူများသိ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သက်ဦး(သထ)

The Hunger Games: Mockingjay ဇာတ်ကားတွင်ပါဝင်သည့် သရုပ်ဆောင်များ

Hunger Games ၏ နောက်ဆုံးဇာတ်ကားများ ရိုက်ကူးမှုပြီးစီး

စွန့်စားခန်းများ ပါဝင်သော Hunger Games စိတ်ကူးယဉ် သိပ္ပံဇာတလမ်းတွဲ၏ နောကဆုံး ဇာတကားများဖြစ်သည့် The Hunger Games: Mockingjay အပိုင်း(၁)နှင့် (၂) ရိုကကူးမှုများကု ဇွန ၂၀ ရက်က ဘာလင်၌ အောင်မြင်စွာ အဆုံးသတ်နိုင်ခဲပြီဖြစ်ကြောင်း ယင်းဇာတလမ်းတ ထုတလုပသ Nina Jacobson က တွစ်တာမှ တစ်ဆင့် ရေးသားဖော်ပြခဲ့သည်။

အဆုပါ နောကဆုံးဇာတကားတင် သရုပ်ဆောင်များအဖြစ် အကယ်ဒမီ မင်းသမီး ဂျနီဖာလောရင့်စ်၊ လိုင်ယမ်ဟမ်းစဝေ့သနှင့် Josh Hutcherson တိုက ခေါင်းဆောင်ပါဝင်ထားကြကာ "အောင်မြင်စွာ ပြီးဆုံးခဲ့ပါပြီ၊ Mockingjay မှာ ပါဝင်ပေးခဲ့ကြတအဖွဲ့သားအားလုံးကို ကျေးဇူးအထူးတင်ပါတယ်" ဟု ရေးသားဖော်ပြထားခဲပြး ယင်းဇာတကားမှ အခြား သရုပ်ဆောင်များကလည်း ပါဝင်ကောင်းခီးပေးရေးသားခဲ့ကြသည်။

ယင်း The Hunger Games: Mockingjay အပိုင်း(၁)ကို လာမည့် နိုဝင်ဘာ ၂၁ ရက်တွင်လည်းကောင်း၊ အပိုင်း(၂)ကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင်လည်းကောင်း ဖြန့်ချိပြသသွားနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

သွေးလှူဒါန်းမှုကို တွန်းအားပေးခဲ့သူ ဟောင်ကောင်မင်းသမီး Kelly Chen

နှစ်စဉ် ဇွန် ၁၄ ရကက ကမ္ဘာသွေးလှူရှင်များနေ့ဟု ကမ္ဘာတစ်ဝန်းက သတ်မှတ်ထားခဲ့ရာ အသကပေါင်းများစာကို ကယတင်ရနအတွက ကျနးမာသည့် လသားတိုင်းသွေးလှူပေးကြရန် မျှော်လင့်ကာ ဆကလကဆောင်ရွကသားမည်ဖြစ်ကြောင်း ဟောင်ကောင်မင်းသမီး Kelly Chen က ကမ္ဘာသွေးလှူရှင်များနေ့ကို ဂုဏ်ပြုသည့် အခမ်းအနားတစ်ခုတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယင်းအခမ်းအနားတွင် Kelly Chen က မိမိကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် သွေးလှူရှင်လိုအပ်သည့် ဖြစ်ရပ်တစ်ခုကို ဥပမာပေးပြောကြားခဲ့ပြီး အထူးသဖြင့် ပရိသတ်များအနေဖြင့် သွေးလှူဒါန်းမှုများက ဆကလက်ပြုလုပသွားကြရန်၊ မိမိကိုယ်တိုင်အနေဖြင့်လည်း သွေးလှူဘဏ်အား ဆက်လက ပံ့ပိုးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး လူတိုင်းလုပ်ဆောင်သင့်သည့် အလုပ်တစ်ခုဖြစ်သည့်အတွက် ကျောင်းများတွင်လည်း ကျောင်းသားများ သွေးလှူဒါန်းမှုများ ပြုလုပ်လာနိုင်အောင် ဆရာ ဆရာမများက တွန်းအားပေးသင့်ပါကြောင်း Kelly Chen က ဆက်လက်ပြောကြားခဲ့သည်။

မျိုးနောင် စုစည်းသည်

ပြည်သူ့ဗဟိုပြု စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

ပဲခူး ဇွန် ၂၄

ပြည်သူဗဟိုပြု စွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဖွင့်ပွဲကို ပဲခူးတိုင်းဒေသကြး(အရှေ့) မြန်မာသစ်လပ်ငန်း (တိုင်းရုံး)တွင် ဇွန် ၂၃ ရကက ကျင်းပရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ သစတော/သတ္တုဝနကြီး ဦးကျော်ဌေးက အဖင့်အမှာစကား ပြောကြားပြီး မြန်မာသစ်လုပ်ငန်း ပဲခူးတိုင်းဒေသကြီး (အရှေ့) ဒုတိယ အထွေအထွေမနနေဂျာ၊ ပြည်တွင်း ရောင်းဝယ်ရေးနင့် သစ်စက်ဌာန၊ အင်ဂျင်နီယာဌာန၊ ဘဏ္ဍာရေးဌာန နှင့် သစ်ထုတရေးဌာနတို့မှ အရာထမ်း စုစုပေါင်း ၃၈ ဦး တက်ရောက်ကြကြောင်း သိရသည်။

(ပဲခူးသား)

ကျေးဇူးဆပ်ပါမည်

ကျနမ ဒေါ်ရွှေစင်ဝင်း [၁၀/မလမ(နိုင်) ၁၃၈၉၁၅] ကိုင်ဆောင်သော နိုင်ငံကူး လက်မှတ် မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၁-၅၂၅၅၂၇

တစ်ဦးတည်းဖြစ်ကြောင်း

အဖ ဦးဝင်းနိုင်၏ သမီး [၁၂/ဒပန(နိုင်) ၀၆၀၅၈၆]ကိုင်ဆောင်သ မဖြိုးဖြိုးဟန(ခ) မမေဖြိုးဖြိုးဟန်မှာ တစဦးတည်းဖြစကြောင်း၊

(ငါးသိုင်းချောင်း နဂါးရုပ်ဆရာတော်ဖူး)

● သာမညဆရာတော်မွေးနေ့ပွဲ ... ကျောကလမ်၊ ရွှေရမ္မော၊ ဘုရင့်နောင်ရေပူစမ်း၊ အလတာခံရာ၊ ဆတော်ရှင်ကျောက်နာရုံ၊ မလဲဆတော်ရှင်နင် ကျောကပိရဟန္တာ(၁-၇-၂၀၁၄)

● ငါးသိုင်းချောင်း နဂါးရုပ်ဆရာတော်ဖူး၊ ထုံးဘို အကောက်တောင်နှင့် ပြည်ဘုရားဖုံးဖူး (နေ့ဝတ်ရထား)

● တောင်ကြီး၊အင်းလေး၊ထမင်းမေးကူပင်းတယ(၄)ရက်၊ ● မန္တလေး၊ ဓမ္မစက်၊ မုံရွာ၊ပြင်ဦးလွင်(၄)ရက်၊

● ... ဘုရားဖူး၊ ဇယ်တော်လေးဆူ၊ ညောင်ဦး၊ ပုပ္ပါး၊ ... (၁၀-၇-၂၀၁၄)

ပခူးအေးစန်းပါ၊ 09-5122961

✦ အမှတ်(၄၂)၊ လမ်းမတော်လမ်း၊မြို့မဈေးအနောက်၊ သန်လျင်မြို့နယ်။ ☎056-21671

✦ အမှတ်(၂၅၁)၊ ပန်းဆိုးတန်းလမ်း(အထက်)၊ ကျောက်တံတားမြို့နယ်။ ☎01-391577

သန်းဌေးနှင်ရောင်းရင်းများ ကျိုက်ထီးရိုး၊ ချောင်းသာ (နေ့စဉ်)

▲ ပုဂံ၊ ပုပ္ပါးစွယ်တော်လေးဆူ (တောင်ကြီး အင်းလေး) (မန္တလေး မုံရွာ၊ ပြင်ဦးလွင်) (၄) ရက်

▲ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စ၊ ကျိုက်ထီးရိုး (၃) ရက် [အပတ်စဉ် - သောကြာ] (July - 10) ရက်

▲ ဇလွန်၊ နေပြည်တော် (ပြည်အကောက်တောင်) (နဂါးရုပ်ဆရာတော်ဖူး) (စနေ၊ တနင်္ဂနွေ)

▲ ဘီးလင်းမြို့ မလဆတော်ရှင်စေတီ၊ ကျိုက်ထီးရိုးလေး ပြည်တော်အေးစေတီ၊ ကုမာရကဿပရဟန္တာမထေရ်မြတ် (ကျောက်ပိရဟန္တာ)၊ ကုသိန္နာရုံ၊ ကျိုက်ထီးဆောင်းကေလာသ၊ ကျိုက်ပေါ်လောမှဲ့ရှင် (နေ့ချင်းပြန်)

ပင်ရင်း - အမှတ် (၄၂၄)၊ ရွှေဘုံသာလမ်း။ Ph : 241863, 380141, 09-43043109

(၃၇)နှစ်ပြည့်မင်္ဂလာဆုတောင်းလွှာ

...းဆနးထွနး(ငြိမ်း) (MD၊ မြနမာ့စီးပွားရေးဘဏ်) [ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ပြည့်တွင်းအခွန်များဦးစီးဌာန]နှင့် ချစ်မမကြီး ဒေါ်တင်တင်မိုးတို့၏ ၂၅-၆-၂၀၁၄ ရက်တွင် ကျရောက်သော မင်္ဂလာရက်မြတ်မှသည် ရတုအဆက်ဆက် မင်္ဂလာနေ့ရက်များစာကို ခစ်သော မောင်နှမ၊ ထူ၊ တူမများနှင့်အတူ ပျော်ရွှင်သောဘဝကို လျှောက်လမ်းနိုင်ပါစေကြောင်း ဆုမွနကောင်းတောင်းလျက်။

ချစ်သောမောင်နှမများ

ကိုလှမ်းမြင့်-မဆေဆွေသနး

ကိုသန်းဇော်-မယုယုခိုင်

တူ/တမ-မောင်အာကာကျော်-မနှင်းအိရွှေရည်

ဦးအောင်နိုင်
ရွှေတံဆိပ်ဆုရှင်-CPA
LCCI Level I, II, III
စာရင်းကိုင်သင်တန်းများ
ကျောင်းအပ်လက်ခံပြီ
FOR SERIES 4/2014
Ph 01-377 610, 09 730 99 752, 09 730 66 231, 09 515 1024

ချောင်းသာ
01-569782, 01-562829

ကျွန်တော်များ LP Holding Co.,Ltd သည် ...

ရခိုင်အမျိုးသားပါတီမ လေးစားစွာဖိတ်ကြားခြင်း

အဖရခိုင်ပြည်နယ်နှင့် ရခိုင်အမျိုးသားရေးကို ရှေးရှုပြီး ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရခိုင်တိုင်းရင်းသားများ တးတကရေးပါတီတို့ပူးပေါင်းကာ ရခိုင်အမျိုးသားပါတီကို ဖွဲ့စည်းထူထောင်ပြီးဖြစ်ပါသည်။ နှစ်ဖက်ပါတီဝင်များနှင့် ပါတီမိတ်ဆွေများ တွေ့ဆုံပွဲကို အောကပါအစီအစဉ်အတိုင်း တျင်းပမည်ဖြစ်ပါသဖြင့် ရခိုင်အမျိုးသားရေးက စိတ်ဝင်စားသူတိုင်း ၂၈-၆-၂၀၁၄ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် တော်ဝင်နှင်းဆီခန်းမ၊ ဗတနးသ တက်ရောက်ချီးမြှင့်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အားကစား

မြန်မာ ယူ-၁၉ အသင်း အင်္ဂလန်နိုင်ငံသို့သွားရန် မသေချာ

ရန်ကုန် ဇွန် ၂၄

မြန်မာ ယူ-၁၉ အသင်းသည် လာမည့် ဇွန် ၂၉ ရက်တွင် ဥရောပခြေစမ်းခရီးစဉ်အဖြစ် ဂျာမနီနိုင်ငံသို့သွားရောက်မည်ဖြစ်ပြီး ယင်းခရီးစဉ်တွင် ဂျာမနီနိုင်ငံသာမက အင်္ဂလန်သို့သွားရောက်ရန် စီစဉ်ထားသော်လည်း မသေချာကြောင်း သိရသည်။ မြန်မာယူ-၁၉ အသင်းသည် နိုင်ငံတကာပြိုင်ပွဲ နှစ်ရပ်ဖြစ်သည့် အာဆီယံ ယူ-၁၉ ပြိုင်ပွဲနှင့် အာရှယူ-၁၉ ပြိုင်ပွဲတို့ကို ပင်ရောက်ယှဉ်ပြိုင်ရန်ရှိနေပြီး အိမ်ရှင်အဖြစ် လကခံကျင်းပမည့် အာရှယ-၁၉ ပြိုင်ပွဲကို ပြင်ဆင်သည့်အနေနှင့် ယင်းကဲ့သို့ ဥရောပခရီးစဉ်ကို စီစဉ်နေခြင်းလည်းဖြစ်သည်။ သို့သော် မြန်မာယူ-၁၉ အသင်းမှာ အင်္ဂလန်သို့သွားရောက လေ့ကျင့်လသော်လည်း ဗြိတိန် ဝင်ခွင့် ဗီဇာအဆင်မဖြေသဖြင့် သွားရောကရန် အခက်အခဲ ဖြစ်နေကြောင်းသိရသည်။ သို့သော်လည်း အင်္ဂလန်သို့သွားရောက်၍ လေ့ကျင့်နိုင်ရန်အတွက် ကြိုးစားလျက်ရှိကြောင်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) က ပြောကြားခဲ့သည်။ မြန်မာယူ-၁၉ အသင်းသည ယင်းခြေစမ်းပွဲခရီးစဉ်များ ပြီးဆုံးပါက လာမည့်စက်တင်ဘာလအတွင်း ဗီယက်နမ်နိုင်ငံတွင်ကျင်းပမည့် အာဆီယံယူ-၁၉ ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

[ရဲစွမ်း]

အိမ်ရှင်ဘရာဇီး ကင်မရွန်းအသင်းကို ဂိုးပြတ်သွင်းပြီး ရှုံးထွက်အဆင့်တက်ရောက်

ဘရာဇီးအသင်းဟာ ဒီနေ့ပွဲစဉ်အနိုင်ရမှ နောက်တစ်ဆင့်ကိုတက်ရောက်နိုင်မှာ ဖြစ်တာကြောင့် အမရှင်ပရိသတ်တွေရဲ့ရှေ့မှောက်မှာ အကောင်းဆုံးကြိုးစားကစားသွားခဲ့ပါတယ်။ ဒါ့အပြင် ကင်မရွန်းအသင်းကလည်း ဘရာဇီးနဲ့ အပြိုင် တိုက်စစ်ဖွင့်ကစားသွားခဲ့တာကြောင့် မထင်မှတ်ဘဲ ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပါတယ်။ အိမ်ရှင်ဘရာဇီးကတော့ သီယာဂို ဆေးလ်ဗား၊ လူးဝစ်၊ မာဆယ်လို၊ နေမာ၊ ဖရက်ဒ်၊ ပေါ်လင်ဟို စတဲ့ကစားသမားအစုံအလင်နဲ့ပွဲထွက်ခဲ့ပြီး ကင်မရွန်းကို ရင်ဆိုင်ခဲ့ပါတယ်။ ကင်မရွန်းအသင်းကလည်း အီတူး၊ ချူပိုမိတင်း၊ အမ်ဘီယာ၊ မလန်ဂျီတို့ရဲ့ တိုက်စစ်တွဲလုံးတွေကနေ ဘရာဇီးဂိုးပေါက်ကိုခြိမ်းခြောက်နိုင်ခဲ့ပါတယ်။ နှစ်သင်းစလုံး Open Play ပုံစံနဲ့ကစားသွားခဲ့လို့ ပွဲက ကြည့်ကောင်းခဲ့ပြီး ဘယ်တောင်ပံကနေ ဖြတ်တင်ပေးလိုက်တဲ့ဘောလုံးကို နေမာ လှလှပပပိတ်သွင်းကာ အသင်းအတွက် ဦးဆောင်ဂိုးရယူပေးခဲ့ပါတယ်။ အဲဒီနောက်မှာ ကင်မရွန်းအသင်း ပြန်လည်ဖွင့်ကစားလာပြီး ၂၆ မိနစ်မှာ ကွင်းထယ်ထူ မာတစ်က ကင်မရွန်းအတွက် ချေပဂိုးသွင်းယူပေးခဲ့ပါတယ်။ ပွဲကစားချိန် ၃၄မိနစ်မှာတော့ နေမာကပဲ တစ်ကိုယ်တော်အစွမ်းပြသပြီး အသင်းအတွက်ဦးဆောင်ဂိုးတစ်ဂိုးကို သွင်းယူပေးခဲ့ပါတယ်။ ဒုတိယပိုင်းမှာ ကင်မရွန်းအသင်း ကစားပုံကျဆင်းလာခဲ့တာကြောင့် ဘရာဇီးတို ပွဲကိုထိန်းချုပ်ကစားသွားခဲ့ပြီး ၄၉ မိနစ်မှာ ဖရက်ဒ်နဲ့ ပွဲပြီးခါနီး ၈၄ မိနစ်မှာ လူစားဝင်လာတဲ့ ဖာနန်ဒင်ဟိုတို့က အနိုင်ဂိုးနှစ်ဂိုး သွင်းယူပေးခဲ့တာကြောင့် ပွဲအပြီးမှာ ဂိုးပြတ်အနိုင်ရရှိကာ အုပ်စုဗိုလ်အဖြစ်နဲ့ နောက်တစ်ဆင့်ကိုတက်ရောက်သွားခဲ့ပြီး ရှုံး/ထွက်အဆင့်မှာတော့ ချီလီအသင်းနဲ့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။

[ဒိုး]

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တင်းနစ်အားကစားနည်းပြများ မှတ်ပုံတင်ကြရမည်

[illegible] ဇွန် ၂၄

မြန်မာတင်းနစ်အားကစား ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ထား၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် နည်းပြ၏အခန်းကဏ္ဍမှာ အရေးပါလာလျက်ရှိသည်။ တင်းနစ်အားကစားနည်းစနစ်များသည် ပိုမိုတိုးတက်လာလျက်ရှိနေသောကြောင့် ယင်းတိုးတက်မှုမှ မျက်ခြည်မပြတ်စေရန် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်သည် အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်၊ အာရှ တင်းနစ်အဖွဲ့ချုပ်တို့နှင့် ဆက်သွယ် ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တင်းနစ်အားကစားနည်းပြများအနေဖြင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် (Tennis Federation of Myanmar) တွင် နည်းပြမှတ်ပုံတင်ကြရမည်ဖြစ်သည်။ မှတ်ပုံတင်ထားခြင်းဖြင့် အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်၏ အကူအညီဖြင့် ဖွင့်လှစ်သင်ကြားသည့် နည်းစနစ်ဆိုင်ရာ သင်တန်းများအား သက်ဆိုင်ရာအခန်းကဏ္ဍများအလိုက် တက်ရောက်နိုင်ကြမည်ဖြစ်သည်။

အသေးစိတ်စုံစမ်းသိရှိလိုပါက မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် မင်္ဂလာတောင်ညွန့်မြို့နယ် ဗညားဒလလမ်း ဖုန်း ၀၁-၃၈၁၉၉၁ နှင့် ၃၈၁၉၉၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

[ကြေးမုံ]

၂၀၁၄ ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်များရလဒ်

[၂၃ - ၆- ၂၀၁၄]

ဩစတြေးလျ ၀ - ၃ စပိန်
ဒေးဗစ်ဗီလာ ([illegible] မိနစ်)
တောရက်စ်(၆၉ မိနစ်)
မာတာ (၈၂ မိနစ်)

နယ်သာလန် ၂ - ၀ ချီလီ
ဖီယာ(၇၇မိနစ်)
မမ်ဖစ်(၉၀မိနစ်)

[၂၄ - ၆- ၂၀၁၄]

ကင်မရွန်း ၁ - ၄ ဘရာဇီး
[illegible]တစ်(၂၆ မိနစ်)
နေမာ(၁၇၊ ၃၅ မိနစ်)
ဖရက်ဒ် (၄၉ မိနစ်)
ဖာနန်ဒင်ဟို(၈၄ မိနစ်)

ခရိုအေးရှား ၁ - ၃ မက္ကဆီကို
ပါရီဆစ်(၈၇ မိနစ်)
[illegible]
ဂွါဒါဒို(၇၅ မိနစ်)
ဟာနန်ဒက်ဇ်(၈၂ မိနစ်)

ဂိုးအများဆုံးသွင်းထားသူများ

၁။	နေမာ	ဘရာဇီး	[illegible]
၂။	မူလာ	ဂျာမန်	[illegible]
၃။	ဗန်ပါစီ	ဟော်လန်	[illegible]
၄။	ရော့ဘင်	ဟော်လန်	[illegible]
၅။	ဘန်ဇီမာ	ပြင်သစ်	[illegible]
၆။	ဗလင်စီယာ	အီကွေဒေါ်	[illegible]

ရော်နယ်လ်ဒို၏ ကမ္ဘာ့ဖလား ဂိုးသွင်းစံချိန်ကို ကလိုဆေး လိုက်မီ

ဂျာမနီအသင်း၏ ဝါရင့်တိုက်စစ်မှူး ကလိုဆေးသည် ပြီးခဲ့သည့် ဂါနာနှင့် နှစ်ဂိုးစီသရေကျခဲ့သော ပွဲစဉ်တွင် လူစားဝင်လာခဲ့ပြီး အသင်းအတွက် ဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့သောကြောင့် ကမ္ဘာ့ဖလားတွင် ဂိုးအများဆုံးသွင်းယူသူအဖြစ်စံချိန်တင်ထားခဲ့သည့် ဘရာဇီးတိုက်စစ်မှူး ရော်နယ်လ်ဒို၏ သွင်းဂိုးအရေအတွက်ကို လိုက်မီသွားခဲ့ပြီဖြစ်ကြောင်းသိရသည်။ ဘရာဇီးတိုက်စစ်မှူး ရော်နယ်လ်ဒိုသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ၁၅ ဂိုးသွင်းယူထားခဲ့သဖြစ်ပြီး ကလိုဆေးမှာလည်း ဂါနာနှင့်ပွဲစဉ်တွင် ယခုကဲ့သို့ဂိုးတစ်ဂိုး သွင်းယူခဲ့ပြီးနောက် ၎င်း၏ စံချိန်နှင့် တူညီသွားခဲ့ခြင်းလည်းဖြစ်သည်။ ထို့ကြောင့် ရော်နယ်လ်ဒိုက ကလိုဆေးအား ချီးကျူးပြောဆိုမှုများပြုလုပ်ခဲ့ပြီး " ကြိုဆိုပါတယ် ကလိုဆေးရေ ခင်ဗျားရဲ့ ပျော်ရွှင်မှုနဲ့အတူ ကျွန်တော်လည်းအတူတကွ ပျော်နေပါတယ်ဗျာ၊ ရင်ခုန်စရာကောင်းပါတယ်" ဟု ပြောကြားသွားခဲ့သည်။

[စွမ်းထက်အောင်]

ရွှေကြေးစည် မှ (ကျိုက်ထီးရိုး) (နေပြည်တော်)
▲တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ [illegible]
[illegible] ပခုက္ကူ။ [illegible]
▲မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ စင်းကွန်း၊ မုံရွာ။
▲ကျိုက္ကမီ၊ မော်လမြိုင်၊ စက်စ၊ န္တားလပို့တောင်။
စား၊ တည်း၊ ငြိမ်း [illegible] သော်ကြာနှင့် July 10
ဖုန်းဆိုးတန်း ☎240860/372290 ဒေါ်ပုံ 09-49282825 ကမာကြည်အိမ်ရာ 09421029191

မျိုး 380164 09 5017088 09250640699
[illegible] အမျိုးမျိုး နှင့် လချုပ [illegible]

စုစုအေးအောင် ဝမ်းမှုန် အကြောပြေဆေး

ငါးမွေးကန်ရောင်းမည်
ကန်(၅)ကေ၊ လျှပ်စစ်မီးရှိသည်။
ရန်ကုန်-ပြည်ကားလမ်းမနှင့် ပေ(၁၂၀)ကွာ၊
ရန်ကုန်နှင့် ကားလမ်း (၆၂) မိုင်(၄)ဖာလုံကွာ။
ဆက်သယ်ရန်- ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံဒေသ၊ ဥက္ကံကံကုန်းရွာ
ဆက်သွယ်ရန်- ဖုန်း-၀၉ ၂၅၀၅၂၀၇၀၀

ကန့်ကွက်လိုက ခိုင်လုံသောမှတ်ပုံတင်စာချုပစာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပရပဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

စဉ်	လျှောက်ထားသူ		လျှောက်ထားသည်					လျှောက်ထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	[illegible]	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	
၁။	ဦးစိုးနိုင်	၁၂/ကတတ(နိုင်)၀၀၁၅၂၈	ဗဟန်း	၃၅F	၆/၆၉	ဒေါ်ရုစ်စန္ဒာ+၁	၆/၆၉ရတနာလမ်း၊ကျိုက္ကဆံရပ်ကွက်	အမည်ပြောင်း
၂။	[illegible]	၁၂/ကတတ(နိုင်)၀၀၁၅၂၈	ဗဟန်း	၃၅F	[illegible]/၆၉	ဒေါ်ရုစ်စန္ဒာ+၁	၇/၆၉ရတနာလမ်း၊ကျိုက္ကဆံရပ်ကွက်	အမည်ပြောင်း
၃။	[illegible]	၁၂/ကတတ(နိုင်)၀၀၁၅၂၈	ဗဟန်း	၃၅F	၈/၆၉	ဒေါ်ရုစ်စန္ဒာ+၁	၈/၆၉ရတနာလမ်း၊ကျိုက္ကဆံရပ်ကွက်	အမည်ပြောင်း
၄။	ဦးစိုးနိုင်	၁၂/ကတတ(နိုင်)၀၀၁၅၂၈	ဗဟန်း	၃၅F	၉/၆၉	ဒေါ်ရုစ်စန္ဒာ+၁	၉/၆၉ရတနာလမ်း၊ကျိုက္ကဆံရပ်ကွက်	အမည်ပြောင်း
၅။	[illegible]	၁၂/ကတတ(နိုင်)၀၀၁၅၂၈	ဗဟန်း	၃၅F	၁၀/၆၉	ဒေါ်ရုစ်စန္ဒာ+၁	၁၀/၆၉ ရတနာလမ်း၊ကျိုက္ကဆရပ်ကွက်	အမည်ပြောင်း
၆။	ဦးစိုးနိုင်	၁၂/ကတတ(နိုင်)၀၀၁၅၂၈	ဗဟန်း	၃၅F	၁၁/၆၉	ဒေါ်ရုစ်စန္ဒာ+၁	၁၁/၆၉ ရတနာလမ်း၊ကျိုက္ကဆံရပ်ကွက်	အမည်ပြောင်း

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စီပင်သာယာရေးကော်မတီ

ကျေးဇူးဥပကာရ အထူးတင်ရှိခြင်း

၂၀၁၄ ခုနှစ်၊ ဇွန်လ(၁၄)ရက်နေ့နှင့် (၁၅)ရက်နေ့တွင် ၄၄–အေ၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်တွင် ကျင်းပပြုလုပ်ခဲ့သော

ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်

68 RESIDENCE SALES GALLERY

စတင်ဖွင့်လှစ်ခြင်း၊ အဆင့်မြင့် အိမ်ရာစီမံကိန်း စတင်ရောင်းချခြင်းနှင့် ကံထူးရှင်များ ရွေးချယ်ပွဲ အခမ်းအနားတွင် 68 RESIDENCE SALES GALLERY ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ 68 RESIDENCE SALES MODEL များအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပါသော အနုပညာ ညီအစ်ကို မောင်နှမများ၊ တစ်ခဲနက် ကြွရောက် ချီးမြှင့် အားပေးခဲ့ကြပါသော ဧည့်သည်တော်ကြီးများအားလုံးကို ရွှေနန်းတော် စိန်ရွှေရတနာ မိသားစုကြီးမှ အထူးပင် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း....

UNITED GP DEVELOPMENT CO., LTD မိသားစု

SHOWROOM :44/A, SAYAR SAN ROAD,
BAHAN TOWNSHIP,YANGON, MYANMAR.
09 4202 88025, 09 4253 10993, 09 730 40513,
09 4500 21758, 09 540 7541, 09 2501 41060

DAILY OPENING HOURS
9:30AM - 7:00PM EVERYDAY

မိုးညှင်းခရိုင်တွင် စက်သုံးဆီဈေးနှုန်းမြင့်တက်၍ စက်ကိရိယာသုံးသည့်တောင်သူများအခက်တွေ့

မိုးညှင်း၊ ဇွန် ၂၄

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဖားကန့်ရတနာနယ်မြေသို့ စက်သုံးဆီဝင်ရောက်မှုကို ကန့်သတ်ထိန်းချုပ်လိုက်သောကြောင့် မိုးညှင်းခရိုင်အတွင်း စက်သုံးဆီဈေးနှုန်း မြင့်တက်ကာ လယ်ယာသုံးစက်ကိရိယာများ အသုံးပြုသည့်တောင်သူများ အခက်တွေ့နေကြောင်း သိရသည်။

"ဆီကားတွေ မိုးညှင်းမြို့အဝင်ကပြီး ပိတ်ထားတယ်လို့ သိရတယ်။ တရားဝင်ခွင့်ပြုထားတဲ့ စက်သုံးဆီဆိုင်တွေက မြို့တွေမှာပဲရှိတယ်။ တောင်သူတွေအနေနဲ့ မြို့အထိသွားပြီး ဘယ်လိုဝယ်သုံးမလဲ။ အခုလယ် စက်ရတော့မယ်၊ ဆီကားတွေမဝင်ရလို့ ရွာတွေမှာ တစ်နိုင်တစ်ပိုင်ရောင်းတဲ့ စက်သုံးဆီတွေ ဈေးကြီးနေပြီ ဘယ်လိုလုပ်မလဲ" ဟု မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသမှ တောင်သူတစ်ဦးက ပြောသည်။

ဖားကန့်ရတနာမြေ ပဝလက ကျောက်မျက်လုပ်ကွက် ဧရိယာအတွင်း ပုံကျ ကျူးကျော်နေထိုင်သူများအား မိမိနေရပ်သို့ ပြန်လည်စေလွှတ်ရေး အစည်းအဝေးဆုံးဖြတ်ချက်အရ ဖားကန့်ဒေသသို့ စက်သုံးဆီဝင်ရောက်မှုကို ဇွန် ၁၂ ရက်မှစတင်၍ ကန့်သတ်ထိန်းချုပ်ခဲ့သည်။ စမ်းအင်ဝန်ကြီးဌာနနှင့် သတ္တုတွင်း [...] ခွင့်ပြုမိန့်ရရှိသူများကသာ တရားဝင်ရောင်းချခွင့်ပြုမည်ဖြစ်ကြောင်း၊ စက်သုံးဆီ သယ်ယူဝင်ရောက်မှုအား ကာမိုင်း၊ ၁၁ မိုင်တို့မှ ပြန်လည်စေလွှတ်ရန် ညွှန်ကြားထားသော်လည်း ကချင်ပြည်နယ်အဝင် မိုးညှင်းမြို့ [...] မှ စတင်၍ စက်သုံးဆီကားများဝင်ရောက်မှုကို တားမြစ်ထားကြောင်း သိရသည်။

ယခုအခါ မိုးစပါးစိုက်ပျိုးရာသီရောက်ရှိလာပြီဖြစ်သောကြောင့် ကျေးလက်တောင်သူများသည် လယ်ယာထွန်ယက်စိုက်ပျိုးရန် ပြင်ဆင်နေကြပြီဖြစ်သော်လည်း စက်သုံးဆီဈေးနှုန်း မြင့်မားမှုကြောင့် လယ်ယာသုံးစက်ကိရိယာများ သုံးရန်ခက်ခဲနေသည်။

ကေဆိုင်းနော်(ဖားကန့်)

ဘိန်းအစားထိုးသီးနှံ အထူးအထွက်တိုးပုလဲသွယ်မျိုးစေထောက်ပံ့ပေးအပ်ပွဲကျင်းပ

တာချီလိတ်၊ [...] ၂၄

[...] ၂၁ ရက် နံနက် ၁၀ နာရီက ဒေသခံတောင်သူများအား ဌာနအသုံးစရိတ်မှ ၂၀၁၄-၂၀၁၅ ခုနှစ် ဘိန်းအစားထိုးသီးနှံ အထူးအထွက်တိုးပုလဲသွယ်မျိုးစေများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားကို မယ်ခေါင်ရပ်ကွက်ရှိ တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလပင်းက ဘိန်းအစားထိုးသီးနှံ အထူးအထွက်တိုးပုလဲသွယ်မျိုးစေများ ထောက်ပံ့ပေးအပ်ရသည့်အကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် ခရိုင်ဦးစီးမှူး ဦးလပင်းက ကျိုင်းလပ်မြို့နယ်ခဲ မြို့နယ်ဦးစီးမှူး ဦးသိန်းရွှေသို့လည်းကောင်း၊ တာချီလိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးမြင့်စိုးမှ မိုင်းကိုးကျေးရွာအုပ်စုကိုယ်စား တောင်သူတစ်ဦးအားလည်းကောင်း၊ တာချီလိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုဦးစီးမှူး ဦးအောင်လွင်မှ ဖန်မင်အုပ်စုကိုယ်စား တောင်သူတစ်ဦးသို့လည်းကောင်း၊ တာချီလိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလမ်းမိုးသမှ မိုင်းဟဲကျေးရွာအုပ်စုကိုယ်စား တောင်သူတစ်ဦးသို့လည်းကောင်း၊ တာချီလိတ်မြို့နယ် စိုက်ပျိုးရေး လက်ထောက်ဦးစီး ဦးအောင်ဇော်မင်းမှ မိုင်းဖန်း(က)(ခ)အုပ်စုကိုယ်စား တောင်သူတစ်ဦးအား ဘိန်းအစားထိုးသီးနှံ အထူးအထွက်တိုးပုလဲသွယ်မျိုးစေများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ ပုလဲသွယ်မျိုးစေ့အား မြို့နယ်၊ ကျေးရွာ၊ အုပ်စုအလိုက် သက်ဆိုင်ရာတောင်သူများနှင့် ဝန်ထမ်းများအား ထောက်ပံ့ပေးအပ်ခဲ့ရာ တာချီလိတ်မြို့နယ်အတွက် ၁၀၄၃ ကီလို၊ မိုင်းဖြတ်မြို့နယ်သို့ ၀၀၃၀ ကီလိုနှင့် မိုင်းယောင်းမြို့နယ်သို့ ၁၀၂၉ ကီလို အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

မော်ကြီး(တြိဂံနယ်မြေ)

ကံတလူ-ဗြတရော် ကျေးလက်ဒေသ ကိုယ်အားကိုယ်ကိုး ကျေးလက်ဖွံ့ဖြိုးရေးလမ်းသစ်ဖွင့်

စစ်ကိုင်း၊ ဇွန် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ကံတလူ-ဗြတရော် ကျေးလက်ဒေသဖွံ့ဖြိုးရေး လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို [...] ၁၉ ရက် နံနက် ၈ နာရီတွင် ဗြတရော်ကျေးရွာလမ်းထိပ် မဲ်ဦးရေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ယခုဖောက်လုပ်သောလမ်းမှာ အရှည်လေးဖာလုံရှိ၍ လမ်းအကျယ်မှာ ပေ [...] ဖြစ်သည်။ ကုန်ကျငွေ ကျပ်သိန်း ၃၅၀ ဖြစ်ပြီး [...] သွားလျှင် စစ်ကိုင်း၊ မန္တလေး၊ ရွှေဘိုသို့ သွားရောက်နိုင်သောကြောင့် ကျေးရွာမှထွက်ရှိသော သီးနှံများအား သက်ဆိုင်ရာမြို့နယ်များသို့ ပို့ဆောင်ရာတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုကြောင့် အချိန်တိုအတွင်း ဈေးကွက်တင်နိုင်မည်ဖြစ်သည်။

အဆိုပါလမ်းသစ်ဖွင့်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ခဲ၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးအင်ဂျင်နီယာမှူး၊ ကျေးရွာပြည်သူများနှင့် အလှူရှင်များ တက်ရောက်ခဲ့ကြသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ခဲနှင့် အလှူရှင် အောင်ရတနာကျောက်မျက်ကုမ္ပဏီတို့က ကံတလူ-ဗြတရော် ကျေးလက်ဖွံ့ဖြိုးရေးလမ်းသစ်အား ဖွင့်လှစ်ပေးခဲ့သည်။

ပြည်ပဝယ်လိုအားကျဆင်း၍ ပခုက္ကူဒေသထွက် ကြက်သွန်ဈေးကျ

ပခုက္ကူ၊ [...] ၂၄

ယခင်ရက်ပိုင်းအတွင်း တစ်ပိဿာငွေကျပ် ၄၇၀ အထိ ပေါက်ဈေးရခဲ့သော ကြက်သွန်နီမှာ ထိုင်းလမ်းကြောင်း အရောင်းအဝယ်ရပ်သွားသောကြောင့် ပွဲရုံများ ရပ်တန့်သွားကာ ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း ပွဲစားကုန်သည်တစ်ဦးက ပြောသည်။

"ရွာကြီးလျှင်ကြီးသလို [...] အချိန်ပိဿာ အချိန်လေးငါးသိန်းအထိ ထွက်ပါတယ်။ ကြက်သွန်သီးနှံက ပြည်ပတင်ပို့မှ တောင်သူလည်းကိုက် ကွန်တော်တို့လည်း စီးပွားဖြစ်တာပါ။ ပြည်ပဝယ်ယူမှုမရှိရင် အရှုံးပြတာများပါတယ်။ ကြက်သွန်က အခြားသီးနှံလိုမဟုတ်ဘူး အတွေ့အကြုံအများကြီးလိုပါတယ်။ ကြက်သွန်က တစ်ပိဿာလောင်ထားရင် ၂၅ ကျပ်သား လျော့ပါတယ်။ အလုပ်သမားခနဲ့ အထွေထွေစရိတ်ပေါင်းရင် နဲသမားများလို ပိန်လိုက်ဖောင်းလိုက်ပါဘဲဗျာ"ဟု ကုန်သည်တစ်ဦးက ပြောသည်။

ကြက်သွန်ကားများဆိုက်ရောက်စဉ် ကြက်သွန်ပွဲစားများနှင့် ကုန်သည်ဝယ်လက်များ အရောင်းအဝယ်ပြုလုပ်နေစဉ်။

ပခုက္ကူဒေသ၏ အကြေထက်ကုန်သည်များထံတွင် ယောချောင်း၊ ကျောချောင်းထက ကြက်သွန်ဈေးသည် တစ်ပိဿာလျှင်ငွေကျပ် ၃၅၀ မှ ငွေကျပ် ၄၀၀ ပန်းကျင်ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ယခင်နှစ်ပိုင်းက ပြည်ပသို့ ကြက်သွန်နီ ၂၅၈၁၇ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၀ ဒသမ ၉၃၃ သန်းရခဲ့ကြောင်း သိရသည်။

မိုးရွာသွန်းမှုများ၍ ကျောချောင်း၊ ယောချောင်းရေ မြင့်တက်မှု ကြက်သွန်ကားများ မလာနိုင်ခြင်းကြောင့် ကြက်သွန်လက်ကျန်မှာလည်း [...] ဖြစ်ကြောင်း သိရသည်။

ပခုက္ကူ ပေါက်၊ ဆိပ်ဖြူနယ်တစ်လျှောက် ဖြတ်သန်းစီးဆင်းသော ယောချောင်းကြီးအတွင်း ကြက်သွန်များကို စိုက်ပျိုးကြသည်။ ယောချောင်းတစ်လျှောက် ရွာပေါင်း ၁၀၀ ခန့်ရှိပြီး ကြက်သွန်သီးနှံကိုသာ ဆောင်းရာသီနှင့် တော်လှန်နှင့် ပြာသိုလများတွင် စိုက်ပျိုးကြပြီး မိုးမကျခင် တန်ခူး၊ ကဆုန်လများ၌ ဖော်ယူကြောင်း သိရသည်။

တွဲဘက်ရှာဖွေခြင်း

၃ ချောင်းတန်း [...] ပေ ၄၀ ကန်သေတာနောက်တွဲ ဘေးရမ်းလိပ်ပါသဖြင့် ပိုင်ရှင်များကယ်တင် (သို့) ကမကထဖြစ်စေ အောက်ဖော်ပြပါ ဖုန်းနံပါတ်နှင့် ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း - ၀၉-၄၃၀၇၀၇၀၃၊ ၀၁-၂၄၃၃၃၇၊ ၀၀-၂၄၅၃၃၂

ဒေါ်ခိုင်ခိုင်ဝင်း

B.Sc (Chem), DA.LCCI (UK), ACCA Part II

LCCI.ACCA

- လနည်းစွာနှင့် ထိထိမိမိသင်လိုသူများ၊
- အချိန်နှင့်ငွေကို Save ဖြစ်လိုသူများ၊
- Costထက် Benefit အားသာချက်ကို [...] အဝရရှိစေမည်။

[...] နှင့်အလွတ်၊ လည်းရေကန့်သတ်ကျောင်းအပ်လက်ခံပြီ

အမှတ်(၃၂)၊ ၅လွှာ၊ သမာဒေလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
Ph : 0950 67748 , 09 31021600

YWCA

ပန်း[...]နည်းသင်တန်း

အခြေခံ၊ အဆင့်မြင့်နှင့်လက်ဆောင်ပန်းစည်းသင်တန်း

နေ့ရက် - ၃၀-၆-၂၀၁၄ မှ ၁၈-၇-၂၀၁၄

[...] - မနက်လာ၁၀နာရီ မှ ၃း၀၀နာရီ

နေရာ - YWCA, ၁၁၉၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ [...]

ဖုန်း - ၂၄၅၈၆၉၊ ၃၉၂၄၇၀။

မှတ်ချက်- ဓါတ်ပုံ(၃)ပုံ၊ ပန်းညှပ်ကတ်ကြေး မှတ်စုစာအုပ်ယူဆောင်လာရန်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၇၅၆)၊ မြေကွက်တည်နေရာအမှတ်(၇၅၆)၊ ပလက္ခန်းလမ်း၊ (၁၈/စီ)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်းမြို့နယ်)၊ ဒေါ်သဇာဝင်း(MYGN-၀၀၂၄၆၃) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် ဒေါ်သဇာဝင်းထံမှ SP ၁၃၇၁၃/(၂၉-၁၁-၁၀)ရသူ ဒေါ်ကေသယ်စိုး [၁၂/သဃက(နိုင်)၀၈၈၂၀၆]မှ နှစ်(၆၈)ဂရန် ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်လွှာများတင်ပြပြီး ဝရန် မိတ္တူလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

[...]ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆[...] ကွက်တည်နေ[...] ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဦးရွှေပအမ[...] ပေါက်ပါမစ်မြေအား အမည်ပေါက် [...] ၎င်း၏ဖခင် ခေါ်တန်ရ[...] ၎င်း၏ မိခင် ဒေါ်[...] ဦးသန်းအေးထံမှ မေတ္တာဖြင့်ပေးအပ်ခြင်းစာချုပ်ဖြင့်ရရှိသူ ဦးမောင်နီ ၁၂/လမန(နိုင်) ၁၁၈၆၅၆ မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်တို့တင်ပြ ပါမစ်ပျောက်ဖြင့် နှစ် (၆၀) မြေငှား လျှောက်ထားလာရာ [...] ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တော်ဝင်မသားစကမဏီကတည် ဆောက်ခဲ့သော ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၁) ရပ်ကွက်၊ ဥးဝိစာရလမ်းရှိ မဟာမြိုင် [...] တိုက်ခန်းအမှတ် (၂၇-C4)ကို ဝယ်ယူထားသူ ဦးချစ်ကိုကိုမောင် ၁၂/ဥကတ(နိုင်) ၁၅၂၉၄၆၊ [...] ၁၀/ကထန(နိုင်) ၀၈၂၂၁၀ တို့နှစ်ဦး ဝယ်ယူထားသော တိုက်ခန်းစာချုပ်မှာ ပျောက်ဆုံးသွားကြောင်း ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ တိုက်ခန်းစာချုပ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁)လအတွင်း ကန့်ကွက်နိုင်ပါသည်။

ဦးချစ်ကိုကိုမောင်၁၂/ဥကတ(နိုင်)၁၅၂၉၄၆၊
ဥဇော်လတ် ၁၀/ကထန(နိုင်)၀၈၂၂၁၀
[...] - ၀၉၃၁၄၆၆၉၄၀၊ ၀၉၄၂၄၇၁၂၄၄၁

[...]

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉(A)၊ မြေကွက်အမှတ်(၂၄၇)၊ မြေကွက်တည်နေရာအမှတ် ၂၄၇၊ ၃၉(A)ရပ်ကွက်၊ ဒဂုံမြောက်၊ ဦးတင်စော(AA-094013) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်စောနှင့်ဇနီးဒေါ်အေးကွယ်လွန်သဖြင့် (၁)ဦးခင်မောင်ဦး [၁၂/တမန(နိုင်)၀၃၀၉၁၀] (၂) ဒေါ်စန်းကြည်[၁၂/တမန(နိုင်)၀၃၁၉၄၁] (၃) ဒေါ်ကြည်ကြည်ဝင်း [၁၂/တမန(နိုင်)၈၃၂၄၁၉]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပေးလျှောက်ထားလာရာ ခိုင်လုံသောအထောက်[...] ဖြင့်[...] အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မိုနဲဒါဖက်ရှင်

ကြော်ငြာ၊ လက်ဆောင်၊ ပရိမ်းရှင်းနှင့် အမှတ်တရ တညီဝတ်စုများအတွက် အရောင်စုံ၊ ဒီဇိုင်းစုံ ကြိုက်ရာယူ(ချည်ထိုးနှင့်ဆေးရိုက်ဝန်ဆောင်မှုပေးပါသည်)

ချည်သား T.Shirt M	-	1000 ကျပ် (မစ၍)
Shirt အကျီ	-	2900 ကျပ်
Sport Shirt	-	2950 ကျပ်
Style Pants	-	2950 ကျပ်
ဦးထုပ်	-	950 ကျပ် (မစ၍)

အထည်(၁၀၀)အထက်ယူလျှင် လိုပ်စာအရောက် ပို့ပေး၊ ပြပေးသည်။
အမှတ်-၇၉၊ မြေညီထပ်၊ ၁၂၄ လမ်း၊ မင်္ဂလာဈေးမတင်အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်
Ph:01-292129, 09-250388594, 09-428016552,
E-mail:kyonedoe@gmail.com

ဆောင်းပါး

"သားသမီးမကောင်းရင်"

■ ခင်မောင်ဌေး(ပညာရေး)

ကျွန်းစနိုင်ငလေးတစ်နိုင်ငံမှာပါ။ ၁၂ နှစ်အရွယ်သမီးကလေးက အင်တာနက်ကနေ သူ့ရဲ့မပေါ့တပေါ့ ပုံတွေကိုတင်လိုက်လို့ မိခင်က ခါးပတ်နဲ့ရိုက်ပြီး ဆုံးမပါတယ်။ ဓာတ်ပုံနဲ့ကို ဖော်ပြထားတာပါ။ အဒီသတင်းလေးဖတ်လိုက်ရတော့ မိခင်တစ်ဦးရဲ့ တာဝန်ယုတတ်မကို ချီးကျူးမိတယ်။

နည်းပညာဖွံ့ဖြိုးတိုးတက်လာလို့ အဲဒီအကျိုးကျေးဇူးကို လတိုင်းခံစားကြရပါတယ်။ လတွေရဲ့ အသုံးချတတ်မှအပေါ်မှာမူတည်ပြီး ကောင်းကျိုးဆိုးကျိုးဆိုတာက ဖြစ်ပေါ်လာတာပါ။ တစ်ခုစဉ်းစားရမှာက ကိုယ်နိုင်ငံရဲ့ ရပ်တည်မှု။ ကိုယ်နိုင်ငံဟာ အာရှတိုက်ရဲ့ ယဉ်ကျေးမှုထွန်းကားရာ ဒေသတစ်ခုပါ။ ယဉ်ကျေးသိမ်မွေ့ ပျူငှာတဲ့နေရာမှာလည်း ကမ္ဘာလှည့်ခရီးသည်တွေရဲ့ ချီးမွမ်းပြောဆိုခြင်း၊ အသိမှတ်ပြုခြင်းကို ခံရတဲ့နိုင်ငံပါ။

တစ်နေ့ကတော့ ဂျာနယ်တစ်စောင်မှာ မြန်မာမော်ဒယ်မလေးတွေ အဝတ်အစားကင်းမဲ့စွာနဲ့ အင်တာနက်မှာတင်လာတဲ့ အကြောင်း ဖော်ပြထားတာ ဖတ်ရပါတယ်။ ယုံတောင်မယုံမိဘူး။ ဒါနဲ့ မောင်နှမလိုရင်းနှီးတဲ့ အသိမိတ်ဆွေ ဆရာမတစ်ဦးနဲ့တွေ့တော့ စကားစပ်မိကြရင်း ပြောဖြစ်ကြတယ်။ မိတ်ဆွေက ဟုတ်ကြောင်း၊ အစကတော့ ဘီကနီ ပတ်စနဲ့၊ နောက်တော့ လုံးဝမပါတော့ဘူးတဲ့။

အဲဒီသတင်းက အမှန်ပပေါ။ ဒါကအင်တာနက်၊ ဖေ့စ်ဘွတ်ခ်သုံးစွဲသူတွေ သိကြပါလိမ့်မယ်။ အမျိုးသမီးအများစုကိုယ်တိုင်က စိတ်ပျက်ကြပါတယ်။ အတုခိုးအတုယူမှုတွေက မကောင်းတဲ့ဘက်မှာ ပိုပိုပြီးများလာနေပါတယ်။ 'အချိန်တိတိနဲ့ လသိများဖို့ နာမည်ကြီးဖို့က ဒီနည်းလမ်းပဲ ရှိပါတယ်'လို့ ပေါ်ပေါ်ထင်ထင် ပြောသတေလည်းရှိပါတယ်။ အဒီနောက်ပိုင်းမှာတော့ အကျီအပတ်အစားတောင်မပါဘဲ အင်တာနက်တင်တ အထိ ရတင်းလာကြပါပြ။

မြန်မာလမျိုးတို့ရဲ့ အမျိုးသားယဉ်ကျေးမဆိုတာ ဘယ်လိုပါလဲ။ ကမ္ဘာကသိတ အသိက ဘယ်လိုပါလ။ ကိုယ်အမျိုးသားယဉ်ကျေးမကို ဘယ်သတွေက ဘယ်လိုထိန်းသိမ်းနေကြပါသလ။ အမေးရှိရင် အဖြေရှိရပါလိမ့်မယ်။ မြန်မာတို့ရဲ့ အမျိုးသားယဉ်ကျေးမဆိုတာက ပုံတူကူးချထားတာမဟုတ်ဘူး။ အမျိုးသမီး၊ အမျိုးသား တစ်သီးတစ်သန့် [illegible] တာပါ။ ပြောရရင် အရက်တရား အကြောက်တရားကြီးမကို ဖော်ညွှန်းနေပါတယ်။ 'မြန်မာမလေးတော ဆိုရင် မြင်ရနေ့သို၊ ပါးမှာပါးကွက်အပြည့်'လို ကမ္ဘာက မှတ်ချက်ပေးဖူးပါတယ်။ အခုလက်ရှိ မြန်မာရိုးရာ ဝတ်စားဆင်ယင်မကို ထိန်းသိမ်းနေကြသတေကတော့ လကြီးတေနဲ့ အဘိုးအို အဘွားအိုတွေပ ကျန်ပါတော့တယ်။ တကယ်တော့ ခေတ်စနစ်တေပြောင်းလဲနေသလို ခေတ်ရေစီးကြောင်းကလည်း အပြောင်းလဲကြီး ပြောင်းလနေပါတယ်။ ဝတ်စားဆင်ယင်မတွေ ပြောင်းလလာသလို နေထိုင်မှုပုံသဏ္ဌာန်တေလည်း ပြောင်းလဲလာကြတယ်။

Day Club, Night Club ဆိုတာတွေတောင် ပေါ်လာနေပြီ။ အဲဒီကလပ်တွေကို ဗီဒီယိုတေထဲမှာတောင် ပညာပေးသလိုလိုနဲ့ ထည့်ပြီးရိုက်လာကြတယ်။ KTV ဆိုတဲ့ စင်တင်ကပ၊ ဆိုပွဲတွေကလည်း ရှုံးပကြီးတစ်ခုလိပါပဲ။ မသိရင် အနဲကျင်းနဲ့ ကျင်းပနေတမယ်ရွေးပဲလား အောက်မေ့ရတယ်။ ဝတ်စားဆင်ယင်မတွေကလည်း မိန်ပျပျမီးရောင်အောက်မှာ စိတ်တိုင်းကျပါပဲ။

လူထုထကို အမိကဂျ့နှစေတာက ရုပ်ရှင်၊ ဗီဒီယိုနဲ့ အင်တာနက်ကပါပဲ။ အဲဒီအပေါ်မှာ ဖော်ပြထားတ ပရိုပ်တော၊ သရုပ်ဆောင်မတေက လူအများအတုယူဖို့သာ ဖြစ်သင့်တာပေါ့။ အနုပညာရှင်တွေကိုယ်တိုင်က မဟုတ်မဟုတ်ဇာတ်လမ်းတွေ ဖြစ်ကြ၊ မဖယ်မရာ ပြကွက်တွေကို တင်ကြဆိုရင် အနုပညာဟာ အနုပညာရှင်အတွက်ပလားလို ဆိုရတောမလိုပါပဲ။

ဒီဘက်ခေတ်မှာ မော်ဒယ်တွေခေတ်စားလာပါတယ်။ နိုင်ငတကာပွဲတွေမှာလည်း အောင်မြင်မှုတေရလာတာ တွေ့ရပါတယ်။ နိုင်ငတကာပွဲတွေမှာတော့ သနိုင်ငံ၊ သတိုပြိုင်ပွဲရဲ့ စည်းကမ်းအတိုင်း ပတ်စားဆင်ယင်ပြီးပြိုင်ရပါတယ်။ ဒါပေမယ်လည်း အဲဒီလို အပြင်မျိုးမပြင်ကြဘူး။ ဖော်နိုင်ချတ်နိုင်ရင်ကိုပဲ နာမည်ကြီးမှာပဲဆိုတဲ့ အသီတွေဝင်နေတယ်။ မကောင်းတဲ့ အတုယူမှု အတုခိုးမှုကမြန်တယ်။ တကယ်တော့ အနောက်တိုင်းယဉ်ကျေးမနဲ့ အရှေ့တိုင်းယဉ်ကျေးမက ကွာပါတယ်။ ဒါပေမယ် အတခိုးရင်း ကိုယ်အမျိုးသားယဉ်ကျေးမတောင်မ မပျောက်ပျက်အောင် ထိန်းသိမ်းဖို အချက်ပြနေသလိုပါပဲ။

လူတိုင်းမှာ ကိုယ်ပိုင်လွတ်လပ်ခွင့် ရှိပါတယ်။ ဒါပေမယ့် ကိုယ့်နိုင်ငံ ကိုယ့်ယဉ်ကျေးမှုရဲ့ ပြယဝ်ကိုထိပါးစေမယ် အပြုအမတွေကိုတော့ စောင့်ထိန်းဖိုလိုတယ်။ ကိုယ်ယဉ်ကျေးမကို ကိုယ်တိုင်ပဲ ထိန်းသိမ်းရပါလိမ့်မယ်။ မိမိရဲ့ ကိုယ်ကျိုး၊ မိမိရဲ့ထင်ပေါ်လိမ၊ နာမည်ကြီးလိမ တစ်ခုတည်းနဲ့ နိုင်ငပရိုပ်ကို ထိပါးစေတာမျိုး ရှောင်ရှားသင့်တယ်။

ဒီကနေ့ပြသနေတဲ့ ရုပ်ရှင်ဇာတ်လမ်းတွဲတေထဲမှာ ကိုရီးယားကားတေကို လူကြိုက်များပါတယ်။ ကိုရီးယားဟာလည်းတစ်ချိန်က ဗုဒ္ဓဘာသာကို အများစကိုးကွယ်ခဲ့တာပါ။ ဒီကနေ့ အနောက်တိုင်းယဉ်ကျေးမ လွှမ်းမိုးသွားပါပြီ။ အနောက်တိုင်းဟန်ဝန်တွေ အမအကျင်တွေလည်း ပေါ်ပေါ်ထင်ထင်ပါပဲ။ ဒါပေမယ်လည်း လက်ရှိအမျိုးသမီးသမ္မတ (ပတ်ဂွမ်ဟီး) လက်ထက်မှာ နိုင်ငံမှာ အမျိုးသမီးတွေ ဘောင်းဘီတို၊ စကတ်တိုမဝတ်ဖို့ အမိန့်ထုတ်ပြန်ခဲ့ဖူးပါတယ်။ ဆိုလိုတာကတော ယဉ်ကျေးမပျောက်ပြီး လုပ်ပေါ်လော်လီတ အဝတ်အစားမျိုးကို ထင်တိုင်းဝတ်ခွင်မပေးဘူးဆိုတဲ့ သဘောမျိုးပါပဲ။

> အတုခိုး အတုယူမှုတွေက မကောင်းတဲ့ ဘက်မှာ ပိုပိုပြီး များလာနေပါတယ်. . .

နိုင်ငံတစ်နိုင်ငံမှာ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာတေကို ထိန်းသိမ်းဖိဆိုတာက နိုင်ငသားတိုင်းရဲ့ မွေးရာပါတာပန်ပါ။ ယဉ်ကျေးမပျောက်ရင် လမျိုးလည်းပျောက်မယ်၊ လမျိုးပျောက်ရင် နိုင်ငလည်းပျောက်မယ်။ 'အောက်ကလိအာ၊ အာကလိအောက' ဆိုသလို ကျီးလည်းမမယ်၊ စာလည်းမမြောက် ဖြစ်မှာစိုးရပါတယ်။ အရက်တရား အကြောက်တရား ကြီးပါပေဆိုတဲ့နိုင်ငက နိုင်ငရပ်ခြားက အဖော်အချတ်မယ်တွေထက်တောင်မ အတင်ရဲနေပါသေးတယ်။ အဒါ မော်ဒယ်အချို့ရဲ့ ပရိုဝ်တွေက သက်သေပြနေပါတယ်။

အဲဒီလိုပရိုပ်တေ ပျံ့နှံနေတာကလည်း မကောင်းလပါ။ ဖန်းကိုင်နိုင်သတိုင်း တွေ့နေရတာပါ။ ကြည့်ကောင်းလိုပ [illegible] တာလား၊ ဒါမမဟုတ် ခေတ်ရေစီးကြောင်းဆိုပြီး အဖြင်တော်နေကြတာလား၊ မိဘတွေကိုယ်တိုင်ကပဲ ကိုယ်သားသမီးပတွေကြည့်ပြီး ပိတိဖြစ်နေကြတာလားဆိုတာတော့ မတွေးတတ်အောင်ပါပဲ။ ဟိုကျွန်းစနိုင်ငက မိခင်မျိုးတေများများရှိရင် ကောင်းမှာပဲလိုသာ စဉ်းစားနေမိပါတော့တယ်။

သီပေါမြို့ သီတဂူစက္ခုဒါန မျက်စိဆေးရုံတွင် (၂၈)ကြိမ်မြောက်အခမဲ့ကုသ

သီပေါ၊ ဇွန် ၂၄

သီပေါမြို့၊ သီတဂူ စက္ခုဒါနမျက်စိကုဆေးရုံတော်၏ (၂၈)ကြိမ်မြောက် အခမဲ့ မျက်စိစမ်းသပ်ကုသပေးမကို [illegible] ၁၉ ရက်နံနက်ပိုင်းမှ စတင်လက်ခံဆောင်ရွက်ပေးခဲ့ရာ ရပ်ဝေးရပ်နီး ဒေသအသီးသီးတိမှ မျက်စိဝေဒနာရှင်များ လာရောက်ပြသ၍ ကုသမခံယူခဲ့ကြောင်း သိရသည်။

အဆိုပါ သီပေါမြို့၊ သီတဂူ စက္ခုဒါန အခမဲ့ [illegible] စိကုဆေး[illegible]တော်မှ မျက်စိ[illegible] နေရပ် [illegible] သးလလျှင်တစ်ကြိမ်ကျ မျက်စိအထူးကုဆရာဝန်၊ ဆရာမများ၊ [illegible] မျက်မန်ကျွမ်းကျင်ပညာရှင်များက သီပေါမြို့မ နာယကဆရာတော် ဘဒ္ဒန္တပညာသီရိ ဦးဆောင်သည့် အမဆောင်များ၊ စေတနာရှင်များ၊ ဝေယျာဝစ္စကသိလ်ရှင် လငယ်မောင်မယ်များနှင့်ပူးပေါင်း၍ လေးရက်တိုင်တိုင် စမ်းသပ်ခွဲစိတ်ကုသခြင်း၊ မျက်မန်ပြီလုပ်ပေးဖြင်းတိုကို ဆောင်ရွက်ခသည်။

ရပ်ပေးမှ လာရောက်ပြသ၍ ကုသမခံယူသူများအတက်နေရာထိုင်ခင်းနှင့် အာဟာရဒါနများကိုလည်း ကသိလ်ပြုကူညီပေးခဲ့ကြကြောင်း သိရသည်။

သီပေါကိုလတ်

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ အိမ်၊ မြောက်ဥက္ကလာပမြို့နယ်၊ သမော်လမ်းမကြီးပေါ်၊ (စ)ရပ်ကကက ပေ(၂၀×၆၀)၊ ဂရန်အမည်ပေါက်၊ 2BN ရေ၊ မီး၊ ဖုန်းပါ။

၂။ ကန်ဒိုတိုက်ခန်း၊ အောက်ပဇွန်တောင်လမ်းမကြီးပေါ် (၈)လွှာ၊ ထောင့်ခန်း၊ ပေ(၂၀×၇၀)၊ အိပ်ခန်း ၃ ခန်းပါ၊ ပြင်ဆင်ပြီးအသင့်နေ၊ ဓာတ်လှေကားပါ၊ လုံခြုံရေးရှိ။ **ဆက်သွယ်ရန်ဖုန်း-၀၁-၉၆၉၀၄၂၆၊ ၀၉-၄၂၀၀၈၀၂၄၄**

သင်သွေးဖြင့် အသက်ကယ်ပါ

ဆရာလကြည (ဘောဂဗေဒ)၏ စအောင်စည်ဟိန်း
Oct ၂၅/၂၆ တွင် ဖြေဆိုကြရမည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှတစ်ဆင့် ခေါ်ယူထားသောအရာရှိရာထူးများ ရေးဖြေစာမေးပွဲဝင်ခွင့်သင်တန်းဖွင့်ပြီ။
တိုက်နံပါတ်(A)3-1၊ အခန်းနံပါတ် (403)၊ မြန်မာဂဏ်ရည်အိမ်ရာ၊ အထက်ပန်းဆိုးတန်းလမ်း၊ အောင်ဆန်းကွင်းအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
Ph: 01-393301, 09-5038955

Silver Song Travels & Tours Co.,Ltd မှ
ဝါဆိုလပြည့်နေ့အထူးခရီးစဉ် (၀၁-၂၃၀၄၂၅၅၊ ၀၉-၇၃၂၅၇၉၀၇)
- ပဂု၊ သြောင်ဦး၊ [illegible] July 10, July 18
- ဇလန်(မြည်တော်ပြန်)၊ [illegible] (နေ့ချင်းပြန်)July 11, July 19
- မြည်ဘုရားစ(နေ့ချင်းပြန်) July 10, July 19
- နေပြည်တော်(ဗုဒ္ဓဂယာ) [illegible] -၂ရက) July 11, July 19
ပခန်း၊ မောလမြင်၊ ဖားအံ၊ သထုံ
- ချောင်းသာ၊ ငွေဆောင်
မိသားစု၊ အသင်းအဖွဲ့၊ ကုမ္ပဏီများအတွက် သီးသန့်ခရီးစဉ်များ စီစဉ်ပေးပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible] မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆/အနောက်)၊ မြေကွက်အမှတ(၂၃၃/က)၊ မြေကွက်တည်နေ [illegible] (၂၃၃/က)၊ ဇမ္ဗူသရ(၈)လမ်း၊ ၆/အနောကရပကက၊ သာကေတမြို့နယ်၊ ဦးမြအန်း၊ ဒေါ်ရင်မြ အမည်ပေါက်နစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သ ဦးမြအန်း(ခင်ပန်း)ကယ်လွန်သဖြင် တစ်ဦးတည်းသော ဇနီးဖြစသဒေါ်ရင်မြ(KYN-၀၁၉၅၄၃)မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခလသောအထောကအထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကန်မြို့၊ ရန်ကင်းမြို့နယ်၊ ပညာဝတီအိမ်ရာ စီမံကိန်း၊ တိုက်အမှတ် (A)၊ အခန်းအမှတ် (၅၀၂)ကို မြို့ရွာနှင်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးခင်မောင်ဝင်းအား ရောင်းချခပါသည်။ ဦးခငမောငဝငးထမ ဝယ်ယူထားသ ဒေါ်ခင်နွေးအေးမှ ဦးခင်မောင်ဝင်းအမည်ဖြင့် အိမ်ပေါ်တက်ရောက်နေထိုင်ခွင့်ပြုကြောင်း အကြောင်းကြားစာ မရေးထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ခွင့်ပြုရန်မသင်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။
[illegible]
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]
ရပ်ကွက်အမှတ် [illegible] မြေကွက်အမှတ်(၃၃၅)၊ မြေကွက်တည်နေရာအမှတ်(၃၃၅)၊ (၁၄၅)ရပ်ကွက်၊ ဒဂုံတောင်၊ ဒေါ်ခင်ဥ|၁၄/ကလန(နိုင်)၀၀၈၈၃၉၂ အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဒေါ်ခင်ဥမှ ပါမစ်ပျောက်ဆုံးကြောင်း ရစခန်း၊ ရပ်ကွက်ထောက်ခံချက်များ၊ ဌာနဝန်ခံချက်နှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ နစ်(၆၀)မြေငှားစာချုပ်ဂရန်သစ် လျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒေါ်အောင်ဆန်းစုကြည်၏ နှလုံးသားပုံရိပ်များ
ဖမောင်မောင်ဝမ်း
ဆက်သွယ်ရန်
အမှတ်-၅၈/၆၀၊ ဗိုလ်အောင်ကျော်လမ်း(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-(၀၁)၃၈၀ ၂၅၂၊ ၃၈၀ ၃၀၁

ကမ္ဘာ့အကြီးဆုံးပြည်တော်သာဆုတောင်းပြည့် လျောင်းတော်မူဘုရား တည်ထားကိုးကွယ်မည်

မကွေး၊ ဇွန် ၂၄

မြန်မာနိုင်ငံတော် ... လာမည့် အလျားပေ ၁၅၀၀၊ ... ၃၀၀ရှိ ကမ္ဘာ့အကြီးဆုံး လျောင်းတော်မူ ဘုရားအား မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ စိင်ခေါင်း(ဈေးကန်း)ကျေးရွာအနီး၌ ... ကွယ်နိုင်ရန် ... တောင်တော ... အမျူးထား၍ ... ရဟန်းတော်များ၊ သာသနာ့အကျုးတော်ဆောင်များ၊ ကုသိုလ်ပြု အလှူရှင်များက အနယ်နယ်အရပ်ရပ်ရှိ ပညာရှင်များ အကူအညီဖြင့် စီမံတည်ထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၂၆၂)မှ ၁၉ မိုင်ကွာဝေးပြီး ပေါ့ဘွယ်-နတ်မောက်လမ်းမ ၃၇မိုင် တစ်ဖာလုံတွင် တည်ရှိကာ ရွာမွန်လမ်းခွဲမှ ... မိုင်ခန့်အကွာရှိ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ စိင်ခေါင်း(ဈေးကန်း)ကျေးရွာအနီး ရွှေနတ်ကယ်တောင်တော် သာသနာ့ပြုနယ်မြေ၊ မြစိမ်းရောင်တောင်ကြောပေါ်တွင် အခြေပြု တည်ထားလျက်ရှိသော ပြည်တော်သာဆုတောင်းပြည့် ရွှေသာလျောင်း မြတ်စွာဘုရားကြီးကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ... ရက်တွင် မြေသန့်မင်္ဂလာနှင့် ပန္နက်တော်ရိုက်မင်္ဂလာပြုကာ စတင် တည်ထားခဲ့ခြင်းဖြစ်သည်။

ဆရာတော်ကြီး၏အလိုအရ တည်ထားပြီးစီးရန်ကာလအား လျာထားသတ်မှတ်ထားခြင်း မရှိဘဲ နေရာဒေသအမျိုးမျိုးရှိ မြတ်ဗုဒ္ဓသာသနာ ထွန်းကားတည်တံ့စေလိုသော အလှူရှင်များ၏ လှူဒါန်းငွေမှဖြင့် တည်ထားကိုးကွယ်မည်ဖြစ်သည်။

"ဒီနယ်မြေမှာ ရွှေနတ်ကယ်တောင် ဆရာတော်ကြီး သာသနာ့ပြုခဲ့တာ ၂၅ နှစ်ရှိပါပြီ။ ပထမ ၁၀ နှစ်အတွင်း ဆင်မဲ့ဘုရားတစ်ဆူတည်ပြီး ထန်းရက်တံထမှာ ကျောင်းကြီးအားထိုင်ရာကနေ ၀၅နှစ်တာကာလအတွင်း စေတီပုထိုးပေါင်း ၆၀၀၀ကျော် တည်ထားနိုင်ခဲ့ပါတယ်။ ဆင်ခေဘုရားရဲ့ အရှေ့တောင်တည့်တည့်မှာ မဟာဗောဓိပင်ပေါက်တစ်ပင်ပေါက်ရာက ပင်လုံးညီလေးဝင် ထွက်ပေါ်လာတဲ့အတွက် ကမ္ဘာပေါ်မှာ လေးပင်တည်းသာရှိတဲ့ မဟာဗောဓိ ... ဒီသာသနာ့နယ်မြေမှာ ... ပေါင်းစုခြင်းအဖြစ် ... တစ်ကြောင်း၊ တရားပြု သာယာအေးချမ်းရမယ် အတိတ်နိမိတ်က ရည်ရွယ်တာက တစ်ကြောင်း၊ ပြည်တော်သာဆုတောင်းပြည့် ရွှေသာလျောင်းမြတ်စွာဘုရားကြီးက တည်ထားနေရခြင်း ဖြစ်ပါတယ်။

"အနန္တငါးပါးအလိုကို ဖြည့်ကြပါ။ အနန္တငါးပါးအလို ဖြည့်သူတွေဟာ အလိုမန်သမျှ ပြည့်ပါလိမ့်မယ်"ဟု သာသနာ့ပြုဆရာတော် ဦးဝိမလ (ရှမ်းဘန်းကြီး)က မိန့်ကြားသည်။

တောင်အမြင့်ပေ ၁၅၀၊ ကိုယ်လုံးတော်အမြင့် ပေ ၁၅၀၊ စုစုပေါင်း ပေ ၃၀၀အမြင့်ရှိ ဘုရားရင်ပြင်တော်အား ဖူးတွေ့ရမည်ဖြစ်ပြီး ယခုအခါ ခြေဖဝါးတော် ပေ ၁၈၀ အထိ အကြမ်းထည် အောင်မြင်သွားပြီဖြစ်သည်။ အလျား ပေ ၁၅၀၀(၉၉၉ တောင်)အတွက် ကျင်းပေါင်း ၄၀၀ ကျော် တူးကာ ... ထိန်းမတ်တည် ...

... ဆရာတော်ကြီး အ... ဆွမ်းပယ်ကျင်ကြံခဲ့သည်မှာ ၂၃ နှစ်ခန့်ရှိပြီး အခြားအာဟာရ အနည်းငယ်ကသာ ဘုဉ်းပေးခဲ့ကြောင်း၊ စေတီလေးမျိုးရှည်အနက် သာသနာ့နယ်မြေအတွင်း သံဃာတော်မြတ်တက မြတ်စွာဘုရားရှင်၏ ဓမ္မခန္ဓာ ပေါင်း ရှစ်သောင်းလေးထောင်အား နေ့ညမပြတ် ရွတ်ဖတ်ပဇော်ပြီး ဓမ္မစေတီများ တည်ထားခဲ့သည်မှာ ၁၀ လ၊ ၁၀ကြိမ်၊ ရက်ပေါင်း ၃၀၀၀ ... ရှိပြီဖြစ်ကြောင်း ဆရာတော်ဦးဝိမလ၏ မိန့်ကြားချက်အရ သိရသည်။

သိက်သမိုင်း၊ နတ်သမိုင်း၊ ထက်ရစ်ပေါ်ကပဂုလ်များ၏ သမင်းကြောင်းများ၊ ဖြစ်ရပ်ဆန်းများနှင့် ဆက်စပ်လျက်ရှိသော၊ စေတီပုထိုးများ၊ သာသနာ့ပြုရဟန်း သံဃာတော်များဖြင့် တင်တယ်လျက်ရှိသော ရွှေနတ်ကယ်တောင်တော သာသနာ့နယ်မြေ အဝင်ဝတွင် ဘုရင်၊ မိဖုရား၊ ပညာရှိနှင့် ဥပါသကာများမှ ဘုရားရှင်နှင့် ရဟန္တာ ၅၀၀ အား ပဇော်ကန်တော့နေပုံကို ပေထောင်ချီသော ရုပ်တုတန်းကြီးဖြင့် စီမံထုလုပ်ဖော်ပြထားသည်။

ဆုတောင်းပြည့်ဘုရားကြီးတည်ထားမှုက အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်သူများ စည်ကားလျက်ရှိသည်။ **ဗေယျာတု(မကွေး)**

ကမ္ဘာ့အကြီးဆုံး လျောင်းတော်မူရုပ်ပွားတော် တည်ထားကိုးကွယ်ရန် ရုပ်ပွားတော် တည်ထားမှုကို မြင်တွေ့ရစဉ်။

ပြောင်းစေ့ဈေးတက်၍တောင်သူများအဆင်ပြေ

မြင်းခြံ၊ ဇွန် ၂၄

CP ပြောင်းဖူးစေ့သည် ယခင်တစ်ပတ်က တစ်ပြည်လျှင် ၃၇၀ နှင့် ၃၈၀ ကျပ်ဈေးရှိရာမှ ယခု တစ်ရက်နိုင်ငံဝယ်လက်မှ ပယ်ယူမှုများပြားလာသောကြောင့် တစ်ပြည်လျှင် ၄၅၀ ကျပ်သို့ ဈေးနှုန်းမြင့် တက်လာသဖြင့် စိုက်ပျိုးသောတောင်သူများ ရောင်းချရာတွင် ဈေးကောင်းရကြောင်း သိရသည်။

မြင်းခြံမြို့ ... CP ပြောင်း နေ့စဉ် ပိဿာချိန် တစ်သိန်းကျော် အရောင်းအဝယ်ဖြစ်ကြောင်းကိုလည်း ကန်စည်ဒိုင်သို့ လာရောက်သော ပွဲစားများက ပြောသည်။

၎င်းအပြင် ဆီထွက်သီးနှံ နှမ်းဈေးမှာလည်း တစ်ပြည်လျှင် နှမ်းဖြူ ၃၁၅၀ ကျပ်၊ နှမ်းဝါ ၂၄၅၀ ကျပ်၊ နှမ်းညို ၂၅၀၀ ကျပ် ဈေးနှင့်ရောင်းချရသဖြင့် ရေသွင်းနှမ်းများ ထွက်ရှိရာ ဈေးကောင်းရကြောင်း သိရသည်။ **စော်မင်းနိုင်(မြင်းခြံ)**

တောင်သာမြို့နယ်တွင် စက်ရေတွင်းများဖွင့်လှစ်

တောင်သာ၊ ဇွန် ၂၄

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်ရှိ ကျေးရွာများတွင် သောက်သုံးရေအတွက် စက်ရေတွင်းများဖွင့်လှစ်ခြင်းကို ... ၂၀ ရက်က ကျင်းပခဲ့ကြောင်း ... တောင်သာမြို့နယ် တဲယာကျေးရွာ စက်ရေတွင်း၊ ကျောက်ကာကျေးရွာ ... တောင်သာမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ... တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါအခမ်းအနားတွင် တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးပင်းမောင်၊ မန္တလေးတိုင်းဒေသကြီး စီးပွားရေးနှင့် စီမံကိန်းဝန်ကြီး ဦးအောင်ဇေ၊ ... ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဌေးအောင်၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ... ရေးမှူး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **စော်မင်းနိုင်(မြင်းခြံ)**

ကျောက်ပန်းတောင်းမြို့ မြည်သူဆေးရုံဝင်းအတွင်း သန့်ရှင်းသာယာရေးအတွက် ... ယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင် များ၊ မြို့နယ်အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့်အတူ လူငယ်များ ပူးပေါင်း၍ ... ၂၁ ရက် နံနက် ၇ နာရီခွဲက စုပေါင်းသန့်ရှင်းသာယာရေးဆောင်ရွက်ခဲ့ကြသည်။ (တံတားကျော်လွှင)

"Don't Worry, Just Speak!"
NELC
Nelson English Language Centre
Age 3-5
Pre School
Age 6-15
Regular Class
(Sat-Sun)
Age Over 16
Grammar(Basic)
Intro
Listening/Speaking-1
Level-1
Level-2
Level-3
IELTS(Foundation)
Contact
Myaynigone-01 516681,526311,526380 Bo Aung Kyaw- 01256516,256517
Aung Tha Pyay- 01 501947,09 8612639 Yankin- 01 8550727,8550728

မြန်မာပြည်က အံ့ဖွယ်ကိုးပါးရှိသော ဘုရားစေတီတော်များ၊ တန့်ကြည်တောင်က ကျောက်နဂါးကြီး၊ ဆုတောင်းပြည့် ကျိုက္ကမီရေလယ်ဆတော်ရှင်ဘုရား၊ အင်းတော်ကြီးဒေသက ငွေမဥ္ဇူဘုရား၊ ရာဇဂြိုဟ်ခရီး ပုဏ္ဏာကြီးအင်တာဗျူး၊ ဘုန်းကြီးပျံအစ အရှင်ကောဏ္ဍည၊ မင်းသမီးဘုရားကြီးက ... နွားတမယ်ဥကျေး ဝင့်ကြွေးကြမ္မာ ကြောက်စရာ၊ သေသွားတဲ့ ကြောင်ကလေး အမှုပေးလို့ ရသလား၊ ရေလှူအကျိုး ထူးတန်ခိုး၊ အသက်ရှည် ကျန်းမာခြင်း၏ နည်းလမ်းများ၊ သတ္တမကျော်အောင်စေထား ဆရာတော်ကြီး၏ အဓိဋ္ဌာန်အောင် တောင်ငါးလုံးနှင့် ရဟန္တာသိမ်ကိုးသိမ်၊ ကိုယ်တွေ့စည်းချက်ဝါထာတော်၊ မကောင်းသောဂြိုဟ်အစီအရင်း ဘေးဒဏ်များ လွှင့်ပျောက်စေ၍ ကံကြမ္မာကောင်းများ ရောက်လာမည်ယတြာ၊ သင်အကျက်မှတ်တိုင်း ရစေသော ဂဏန်းဆယ်ခု သဗ္ဗညုစမန် ဗျည်းအင်း၊ ကျပ်သိန်း(၁၅၀၀)ပေါက်သောထီနှင့် ကောဇာဂြိုဟ်စီးဂြိုဟ်နင်း ဗေဒင်ပညာ၊ ဆန္ဒပြည့်မယ့်တိုင်၊ ထူးဆန်းသော အလင်းတန်းနှစ်ခု၊ တစ္ဆေကျွန်းမှအပြန်၊ တောထက လူပုလေးများ၊ သိုက်တော်သား ပွေးနှင့် ကျောက်ဆစ်ထု၊ အလောင်းဝိုက်သော ချောင်းရိုးစောင့်၊ နက္ခတ်တာရာများက ဖော်ပြနေတဲ့ သင်ဘဝရေ တစ်လတာကံကြမ္မာ..စသည့် သုတ,ရသ စုံလင်စွာဖြင့် ဂမ္ဘီရမဂ္ဂဇင်း ထွက်နေပြီ
☎ ၃၇ ၄၅ ၄၅

ရောင်းမည်
လှည်းကူးမြို့နယ်၊ ကျန်းကန်းကျေးရွာ၊ အလျား ပေ၂၅၀×အနံ ပေ၃၁၀ရှိ (G)မြေ၊ ရေ၊ မီး၊ လှည်းကူးတာဆိုလမ်းမ (၃)မိုင်အကွာ၊ သယ်နှင်းကွန်း၊ ဒါးပိန်လမ်းမပေါ်။
ဖုန်း-၀၉-၇၃၁၅၃၂၀၉

ဝယ်လိုသည်
မော်လမြိုင်မြို့၊ ဇေယျာမြိုင်ရပ်ကွက်၊ ခရေ လမ်းမပေါ်ရှိ ပေ(၆၀×၆၀)၊ ပတ်လည် မြေကွက်ဝယ်လိုသည်။
ဆက်သွယ်ရန်
ဖုန်း-၀၉-၂၅၀၂၃၄၀၈၉

ICDF
(Myanmar BranchOffice)မှ
ကားနှစ်ချပ်တားရန်
တင်ဒါခေါ်ယူခြင်း
Toyota Estima (သ) Toyota Alphard (၂၀၀၄ မော်ဒယ်နှစ်အထက်) ကားနှစ်ချပ် တားရန်ရှိသည်။
တင်ဒါပိတ်ရက် - ၁၆-၇-၂၀၁၄
ဆက်သွယ်ရန်
ဖုန်း-၀၁-၆၅၇၇၇၂၊
၀၉-၂၅၀၂၃၅၂၀၀

အကျိုးတူဆောက်လုပ်လိုပါသည်
-တ/ဥ၊ရန်ကင်း၊သယ်န်းကျွန်းမြို့နယ်များရှိအမည်ပေါက်ဂရံ/ဘိုးဘွား ပိုင်မြေ ကွက်ပိုင်ရှင်များနှင့် အကျိုးတူကန်ထရိုက် တိုက်များဆောက်လုပ် လိုပါသည်။ မြေပိုင်ရှင်များကိုယ်တိုင်ဆက်သွယ်အပ်နှံနိုင်ပါသည်။
Asia Builder Construction Co.Ltd, ... ၊ ရတနာလမ်း ၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- 09-33890000, 09-33891111

... မာဂေါက်သီးရိုက်အသင်းသားများသိသာရန်
မြန်မာဂေါက်သီးရိုက်အသင်း၊ ၉ မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၏ ၂၀၁၃/၂၀၁၄ ခုနှစ်၊ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးအား ၆-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) ... ၁၀နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသားများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အသင်းသားများ အနေဖြင့် အလုပ်အမှုဆောင်အဖွဲ့၏ ၁-၄-၂၀၁၃ ရက်မှ ၃၁-၃-၂၀၁၄ရက်အထိ နှစ်ပတ်လည်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ၂၂-၆-၂၀၁၄ရက်မှစ၍ အသင်းတိုက်ကောင်တာတွင် ထုတ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
အလုပ်အမှုဆောင်အဖွဲ့
မြန်မာဂေါက်သီးရိုက်အသင်း

ဆောင်းပါး

"အရွေးမမှားစေချင်"

■ [illegible]

ယခုအခါ တက္ကသိုလ်ဝင်တန်း အောင်စာရင်းများနှင့်အတူ အမှတ်စာရင်းများပါ တရားဝင်ထုတ်ပြန်လိုက်ပြီ ဖြစ်သည်။ ကျောင်းသူ ကျောင်းသားများအနေဖြင့် မိမိရရှိထားသည့် အမှတ်များအလိုက်သော်လည်းကောင်း၊ မိမိစိတ်ဝင်စားနှစ်သက်ရာ ဘာသာရပ်အလိုက်သော်လည်းကောင်း ဦးစားပေး တက္ကသိုလ်ဝင်ခွင့်များကို ဖြည့်စွက်လျှောက်ထားကြတော့မည်။

ထိုကဲ့သို့ လျှောက်ထားရာတွင် မိဘမောင်နှမဆွေမျိုးများ၏ ဆန္ဒထက် မိမိတစ်ကိုယ်ရေ ဝါသနာပါစိတ်ဝင်စားရာ ရည်မှန်းချက်ဆန္ဒနှင့် ကိုက်ညီသော အသက်မွေးဝမ်းကျောင်း ပညာရပ်ကို ဦးစားပေး၍ လျှောက်ထားသင့်သည်။ သို့မှသာ လုပ်ငန်းခွင်ဝင်ရာ၌လည်း မိမိစိတ်ပါဝင်စားကျွမ်းကျင်သော နယ်ပယ်တွင် တစ်သက်တာလုံး စိတ်ချမ်းမြေ့ပျော်ရွှင်စွာဖြင့် အောင်အောင်မြင်မြင် လုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။

ကျွန်မတို့ မြန်မာနိုင်ငံတွင်ရှိသော အစဉ်အလာတစ်ခုမှာ ဆယ်တန်းအောင်မြင်ပြီး သည့်အခါ အမှတ်မီသောလူငယ်က ဦးစားပေးလျှောက်ထားခြင်းဖြစ်သည်။ မိဘဆွေမျိုးများကလည်း အမှတ်အမြင့်ဆုံးမီသော လိုင်းကိုသာ လျှောက်ထားရွေးချယ်စေချင်ကြသည်။ ထို့အတွက် နောင်ကာလမှာ ထိုကျောင်းသား၏ ဘဝတစ်ခုသာမက တိုင်းပြည်အတွက်ပါ ဆုံးရှုံးနစ်နာမှုတွေရခဲ့ကြောင်း ကျွန်မတွေ့ဆုံကြုံခဲ့ရသော သူငယ်ချင်းမိတ်ဆွေများ၏ သာဓကများက သက်သေထူခဲ့ကြသည်။

ကျွန်မနှင့် သူငယ်ချင်းအတော်များများ၏ မိဘများသည်လည်း ကျွန်မတို့က ဆရာဝန်ဖြစ်စေချင်ခဲ့ကြသည်။ ကျွန်မအား သမီးကြီးဖြစ်သည့်အားလျော်စွာ အမေက ဆရာဝန်ဖြစ်စေချင်ခဲ့သလို ကျွန်မ၏ သူငယ်ချင်းများကျပြန်တော့ အငယ်ဆုံးဖြစ်သော်လည်း သူ့အရှေ့မှ အကိုအမများ ဆရာဝန်မဖြစ်ခဲ့ကြသောကြောင့် အငယ်ဆုံး ဖြစ်သော သူ့ကို ဆရာဝန်ဖြစ်စေချင်ကြသည်။ အလယ်ကျပြန်တော့ မောင်နှမသုံးယောက်တွင် အထက်မှကြီးဆုံးဖြစ်၍ အင်ဂျင်နီယာဝါသနာပါသော်လည်း ဆရာဝန်သာလုပ်စေချင်ကြပြန်သည်။ အဖေနှင့်အမေ တစ်ဦး၊ ဒါမှမဟုတ် ဆရာဝန်နှစ်ဦးလုံး၏ သားသမီးများအနေဖြင့်လည်း ဆရာဝန်ဖြစ်သင့်သည်ဟူသော သတ်မှတ်ချက်မျိုး ရှိခဲ့ကြပါသေးသည်။ ဆရာဝန်တစ်ယောက်ရသော မိသားစုသည် ဂုဏ်ရသည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် ကျွန်ုပ်နေရာတွင် အလျှဉ်းသင့်၍ ကျွန်မအတန်းဖော် သူငယ်ချင်းတစ်ယောက်၏ အကြောင်းကို ပြောပြလိုပါသည်။ ကျွန်မ အထက်တန်းကျောင်းတွင် ခင်မင်ခဲ့ရသော ထိုသူငယ်ချင်းသည် ညီအစ်မငါးယောက်တွင် စတုတ္ထမြောက်သမီးဖြစ်ပြီး စာအတော်ဆုံးလည်းဖြစ်သည်။ ဆယ်တန်းအောင်သည့်အခါ ထူးထူးချွန်ချွန် အောင်မြင်သည့်အတွက် ဆေးတက္ကသိုလ်ကို လွတ်လွတ်ကျွတ်ကျွတ် ဝင်ခဲ့သည်။ မိဘညီအစ်မများ၏ ဆန္ဒအရလည်း ဆေးကျောင်းတက်ခဲ့ပါသည်။

ဒုတိယနှစ်ရောက်သည့်အခါ သူမလုံးဝစိတ်မဝင်စားသည့်အပြင် ဆရာဝန်လည်း မလုပ်ချင်တော့ကြောင်း သေချာသွားသည့်အတွက် ကျောင်းပြောင်းတက်ရန် အမျိုးမျိုးဖင်ပတိုင်ပင်သော်လည်း သဘောတူညီမှုမရခဲ့ပါ။ အိမ်တွင်ရှားရှားပါးပါး သမီးတစ်ယောက်တည်း ဆေးကျောင်းတက်ခွင့်ရသဖြင့် ကျောင်းပြီးသည်အထိ ဆက်တက်ရန်သာ တိုက်တွန်းခံခဲ့ရပါသည်။ သည်လိုနှင့် ကျွန်မသူငယ်ချင်းမှာ ဆေးကျောင်းကို ကြိတ်မှိတ်တက်ပြီး ဆရာဝန်ဖြစ်ခဲ့လေသည်။

သို့သော် သူစိတ်ဝင်စားမှုမရှိသော ပညာရပ်တွင် သင်ကြားဘွဲ့ယူခဲ့ရသည်ဖြစ်ရာ အလုပ်သင်ဆရာဝန်ဘဝမှာပင် အခက်အခဲများ ကြုံတွေ့ခဲ့ရပြီး ဆရာဝန်ဆက်လုပ်ရန် ယုံကြည်ချက် ပျောက်ဆုံးသွားတော့သည်။ ပုဂ္ဂလိကဆေးခန်းတစ်ခုတွင် ခေတ္တမျှ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် သူမ ဆေးရုံ ဆေးခန်းများတွင် ဆရာဝန်မလုပ်တော့ဘဲ ဆေးကုမ္ပဏီတစ်ခုတွင်သာ ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ထိုအခါကျမှပင် သူမှာစိတ်ပိုလွတ်လပ်ပြီး ပျော်ရွှင်မှုကို ခံစားရတော့သည်။

နောင်နှစ်အနည်းငယ်ကြာသည့်အခါ သူမသည် ဘွဲ့လွန် စီးပွားရေးစီမံခန့်ခွဲမှုသင်တန်းကို တက်ရောက်သင်ယူခဲ့သည်။ တကယ်တမ်း သူမစိတ်ပါဝင်စားသည့် ဘာသာရပ်ဖြစ်ခဲ့သော်လည်း သူမဝါသနာမပါသော ဆေးပညာရပ်တွင် နှစ်ပေါင်းများစွာ အချိန်နှင့်ငွေသာမက စိတ်ပင်ပန်းဆင်းရဲမှုများစွာ ရင်းနှီးလိုက်ရပါသည်။ ကံကောင်းထောက်မ၍သာ အသက်သိပ်မကြီးသေးခင် မိမိဝါသနာဆန္ဒနှင့် ကိုက်ညီသောပညာကို ထပ်မံသင်ယူခွင့်ရခဲ့ခြင်း ဖြစ်သည်။

ကျွန်မ၏သူငယ်ချင်းကဲ့သို့ပင် ကျွန်မတို့နိုင်ငံတွင် မိဘဆွေမျိုးများ တိုက်တွန်းမှုကြောင့် ဆရာဝန်မဖြစ်ချင်ဘဲ ဖြစ်လာရသူတွေ အများကြီးရှိနေပါသည်။ စာရေးဆရာမင်းခိုက်စိုးစန်သည်ပင် [illegible] မှာစာမေဂျာယူချင်လျက်နှင့် မိခင်ကြီး၏ ဆန္ဒကိုငဲ့ကာ [illegible] ဆေးကျောင်းတက်ခဲ့ရကြောင်း ဆရာနှင့်အင်တာဗျူးတစ်ခုတွင် ကျွန်မဖတ်ဖူးပါသည်။ ဆရာဝန်လုပ်နေရသော်လည်း အင်ဂျင်နီယာ သမဟုတ် အခြားသောနည်းပညာ နယ်ပယ်ရပ်များ၌ အလွန်ဝါသနာကြီးရှာသော ဆရာဝန်များအကြောင်းကိုလည်း ကျွန်မကြားဖူးပါသည်။ ကိုယ်တိုင်ဆုံဖူးပါသည်။

ဝါသနာမပါသော သင်ယူလိုက်ရသော ပညာရပ်တစ်ခုအတွက် သင်ယူရသည့်ကာလတွင် ခက်ခဲပင်ပန်းဆင်းရဲရသလို အမှန်တကယ် ဝါသနာပါသူတစ်ဦးအတွက် ထိုက်တန်သော နေရာတစ်ခုလည်း ဆုံးရှုံးရပါသည်။ တိုင်းပြည်အတွက်လည်း ထိခိုက်နစ်နာရပါသည်။

တကယ်တော့ ကျောင်းသား၊ ကျောင်းသူတိုင်းတွင် သူတို့၏ ဝါသနာအထုံပါရမီသည် မွေးဖွားစဉ် ငယ်နုချိန်ကတည်းက ပါလာခဲ့ပြီးဖြစ်ရာ ထိုပါရမီအထုံကိုကျောင်းသားဘဝ သက်တမ်းတစ်လျှောက်တွင် မှန်မှန်ကန်ကန်သေးတင်ပေးနိုင်ခဲ့လျှင် မိမိစိတ်ဝင်စားရာဘာသာရပ်အလိုက် ပါရဂူများဖြစ်သည်အထိ တစ်ဖက်ကမ်းခတ်ကျွမ်းကျင်တတ်မြောက်နိုင်ပါသည်။ နိုင်ငံအတွက်လည်း ထူးချွန်ထက်မြက်ပြီး အရည်အချင်းပြည့်ဝသော ဆရာဝန်၊ အင်ဂျင်နီယာများသာမက သိပ္ပံသုတေသနပညာရှင်များ၊ လူမှုစီးပွားဥပဒေပညာရှင်များ၊ ထူးချွန်ပြောင်မြောက်သော စာပေ၊ ဂီတ၊ ပန်းချီ၊ အနုပညာရှင်များလည်း ကဏ္ဍအသီးသီး၌ အမြောက်အမြားပေါ်ထွက်လာမည်ဖြစ်သည်။

ထို့အတွက် မိဘဆရာများက မိမိတို့ဖြစ်စေလိုသော ဆန္ဒထက် မိမိရင်သွေးတို့၏ ကောင်းမြတ်သော ဆန္ဒရည်မှန်းချက်များအလိုက် ဝိုင်းဝန်းအားပေးထောက်ပံ့ကြ [illegible] အထူးလိုအပ်ပေသည်။ ကလေးငယ်တို့၏ ရင်တွင်းဝယ် ကိန်းအောင်းနေသော ဇီဇဝါသနာ ပါရမီများကို စဉ်ဆက်မပြတ် စောင့်ကြည့်အကဲခတ် ဖော်ထုတ်ပေးနိုင်သော ပညာရေးစနစ်ကလည်း လိုအပ်သလို ပြုပြင်လမ်းကြောင်း တည်ဆောက်ရမည်ဖြစ်ပါသည်။ သမီးကျောင်းသူ သားကျောင်းသားများလည်း မိမိဝါသနာပါရာ ရည်မှန်းချက်အတိုင်း မှန်မှန်ကန်ကန် ရွေးချယ်လျှောက်ထားပြီး အောင်မြင်ပျော်ရွှင်သော ဘဝကိုယ်စီ ပိုင်ဆိုင်နိုင်ကြပါစေဟု ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။

> သူတို့၏ ဝါသနာအထုံပါရမီသည် မွေးဖွားစဉ်ငယ်နုချိန်ကတည်းက ပါလာခဲ့ပြီးဖြစ်ရာ ထိုပါရမီအထုံကိုကျောင်းသားဘဝ သက်တမ်းတစ်လျှောက်တွင် မှန်မှန်. . .

ဈေးချိုတော်ဈေး သမဝါယမအသင်းနှစ်ပတ်လည်အစည်းအဝေးကျင်းပ

မန္တလေး၊ ဇွန် ၂၄

မန္တလေးမြို့ ဈေးချိုတော်ဈေးသမဝါယမအသင်းလီမိတက် ၂၀၀၃-၂၀၁၄ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို [illegible] ၂၁ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် ဈေးချိုတော် စတုတ္ထထပ်ရှိ ဧည့်ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးစိုးမြင့်အောင်၊ ဈေးချိုဈေး သမဝါယမအသင်းဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ဒါရိုက်တာ အဖွဲ့ဝင်များ၊ အသင်းသားအသင်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးက သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးရေးကို ပြောကြားသည်။ ဆက်လက်၍ ၂၀၀၃-၂၀၁၄ ခုနှစ် ဒါရိုက်တာအဖွဲ့ လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို ဒါရိုက်တာ ဦးတင်အေးက ဖတ်ကြားရှင်းလင်းတင်ပြသည်။ ထို့နောက် ဘဏ္ဍာရေးစာရင်းရှင်တမ်း နှစ်ရပ်တို့အား အတည်ပြုပြီး လစ်လပ်သွားသော ဒါရိုက်တာ အဖွဲ့ဝင်နေရာအား အစားထိုးခန့်အပ်ခဲ့သည်။

ထို့နောက် ၂၀၁၃-၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော အသင်းသူအသင်းသားများ၏ သားသမီးများအား [illegible]၊ လူမှုရေး အသင်းအဖွဲ့များအား [illegible]

သီဟကိုကို(မန္တလေး)

သတင်းတို

ညောင်ဦးတွင်ဖုန်းလိုင်းများကောင်းရန်ဆောင်ရွက်

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ဆက်သွယ်ရေး သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန၊ မြန်မာဆက်သွယ်ရေး လုပ်ငန်းမှ ဝန်ထမ်းများသည် ဒေသခံပြည်သူများ တယ်လီဖုန်းများ သုံးစွဲရာတွင် ဖုန်းလိုင်းများပြတ်တောက်မှု လျော့နည်းစေရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးမန်နေဂျာ၏ ဦးဆောင်မှုဖြင့် [illegible] ၁၄ ရက် နံနက်ပိုင်းမှစတင်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

[illegible]

PIONEER
ဗိုဘိုင်းဖုန်းသင်တန်းကျောင်း
SPECIAL PROMOTION 50% OFF
HARDWARE 300000 KS → 150000 -SOFTWARE 300000 KS → 150000
All DATA 1000GB FREE ▪ SPECIAL JOB TRAINING
နယ်ကျောင်းသားများအတွက်အဆောင်ရှိပါသည်
အမှတ်(၆၀)စံရိပ်ငြိမ်(၅)လမ်းထိပ်၊ ပုဇွန်တောင်၊ ကျောက်မြောင်း၊ ရန်ကုန်
09 31452059 / 09 5121467

Excellent အိမ်ခြံမြေ အကျိုးဆောင်မှ
မြို့နယ်စုံ လမ်းမတန်း မြေကွက်များကို အမြန်ဝယ်လိုသည်။ ပိုင်ရှင်ကိုယ်တိုင် တိုက်ရိုက်ဆက်သွယ်ပေးပါ။
Ph:250619727, 450022298, 73083410

၂၀၁၄ [illegible] ၊ ဝါဆိုလပြည့် ပိတ်ရက်တိုအတွင်းအထူးခရီးစဉ်
ကလေးပြည်နယ် လွိုင်ကော် နှင့် ကရင်ပြည်နယ် သံတောင်ကြီး
၁၀ - ၇ - ၂၀၁၄ မှ ၁၃ - ၇ - ၂၀၁၄
သုခမိန်ခရီး ၀၁ ၂၅၃၀၇၉ / ၀၉ ၅၁ ၅၅၆၅၄

ENGLISH
Conversation Practice
စကားပြောခုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
ပြောလိုပေးပြောမတတ်သူ ပြောတတ်ပြီးပြောမရ [illegible] သူအတွက် စကားပြောလေ့ကျင့်သင်တန်း
Great Wall TAMWE - 540714, 09 5183636
09 49 285182

ရောင်းမည် သိန်း(၂၅၀)
Alphard,White, Sonar 2003 2cam
ခအသားရောင်
ကျွန်းကက၊ ကားသန့်
ဖုန်း-၀၉-၄၃၀၇၃၅၉၇၊
၀၉-၄၃၂၀၆၇၉၀

မြေတိုင်းရပ်ကွက် မြေကွက်အမှတ်(၂၉၄၄)၊ မြေကွက်ညှိနေရာအမှတ်(၂၉၄၄)၊ နီလာ (၆)လမ်း [illegible] အေးမြင့် (အန် /အိုကေအေ-၀၂၅၂၃၂)၊ [illegible] လှသိန်း [illegible] /အာရ်ဂျီအန်-၀၀၃၆၁၂) အမည်ပေါက်နှစ်(၆၀)ဂဏန်း မြေကွက်ကို အမည်ပေါက်တစ်ဦးဖြစ်သူ [illegible] ဦးအေးမြင့် ကွယ်လွန်သဖြင့် ဦးလှသိန်း (၁၂/ဥကမ(နိုင်)၀၀၅၅၇၂)က တစ်ဦးတည်းသော [illegible] စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံ [illegible] လျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
သုဓမ္မာလမ်းမ ဝေ(၈၀×၅၀)
ဝေ(၄၀×၀၂၀)
မ/ဥက္ကလာစက်မဇုန် ဝေ(၈၀×၀၂၀)
ဖုန်း-၀၉-၇၃၀၄၉၇၂၀
ဝေ(၆၀×၆၀) (၆)ထပ်တိုက် ငှားရန်ရှိသည်။
ခြံအကျယ် ဝေ(၆၀×၁၂၀) (ယောမင်းကြီးရပ်ကွက်)
ဖုန်း-၀၉-၇၃၀၄၉၇၂၀

ရောင်းလိုလျှင်ဆက်သွယ်ပါ
ဒဂုံမြို့သစ် အရှေ့ [illegible] တောင်ပိုင်း၊ ဆိပ်ကမ်းရှိ မြေကွက်များ [illegible] ပေးဝယ်သည်။
ဖုန်း - ၀၉ ၅၄၁၀၉၇၀
၀၉ ၄၂၀၁၂၀၇၈၃
၀၉ ၇၃၀၁၄၆၀၁

ရောင်းမည်
တာမွေ၊ မေတ္တာညွန့်ရပ်ကွက်၊ မာလာနွယ်လမ်း 15'×48'၊ပထမထပ်၊ [illegible] ဧည့်ခန်း၊ဝရံတာ၊ရေချိုးခန်း၊အိမ်သာ၊ [illegible] ၊တစ်အိမ်လုံးနံရံများအားလုံး မျက်နှာကျက်အထိ ကြွေပြားအကောင်းစားကပ်ပြီးယီးဒယားပါကောင်းအကောင်းစား ခင် [illegible] ဘိုထိုင် [illegible] သာ၊ရေ၊မီးအပါအဝင် အဆင်မြင်ပြင်ပြီးနေရန်အသင့် (သိန်း ၅၀၀) ဖုန်း-၀၀-၄၀၁၄၂၉ ၀၁-၅၅၁၆၄၅ ,၀၉-၂၅၄၃၇၉၃၀၃

အိမ်ရောင်းမည်
ဦးခင်မောင်သန်း
၁၂/ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း
ဖုန်း-၀၉-၅၄၀၆၃၃၈

Virgin Land

- Phone: 01-8610252, 095202643, 095123793

နှစ်ဘိတ်ဝယ်ပြီး Tရှပ်ယူပါ

- 095 095 095, ☎ 01-682944
- 09 730 77711, ☎ 01-682844

စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမှူး

သုံးရာသီ မွေ့ဒါန

420144148, 421153797

ဟိုက်ဖြောလစ်/လေဗီအား

Full Auto

PH:09 731 99 410

09420035882, 73199257

" ပိုင်ရှင်ကိုယ်တိုင်ရောင်းမည် "

(၁) မင်္ဂလာဒုံမြို့နယ် ကုန်းတလဲဘောင်ရှိ မြေ (၁.၂) ဧက

- ၆ လမ်းသွားလမ်းမကြီးအဖြစ် တိုးချဲ့နေသောအမှတ်(၃)လမ်းမကြီး ကြီးအနီး၊ စက်ရုံဆောက်ရန်၊ တိုက်ခန်းတွဲများဆောက်ရန်၊ လုံးချင်းအိမ်လေးများဆောက်ရန် အလွန်သင့်တော်သောနေရာ။
- Tiger Beer စက်ရုံ၊ 555 စီးကရက်စက်ရုံ၊ မာဒီဗေါ်လက်စွဲစက်ရုံ တို့နှင့် ကားမောင်း ၁ိနစ်(၂) မိနစ်အကွာအဝေးတွင်တည်ရှိပါသည်။

(၂) ရွှေပြည်သာမြို့နယ် VIP မြေကွက် (၆၀' × ၈၀')

ဆက်သွယ်ရန် ။ ဖုန်း- 09-422514762

မြည်စိုးအောင်

Dressmaking & Pattern Cutting Course

ဆရာကိုယ်တိုင်သင်သည့် အိမ်ခြံမြေသင်တန်း

ကြည်စိုး

SAT SUN

09 510 4041

09 30359456

RC (၂)ထပ်တိုက်ငှားမည်

၆၀ (၆၀×၃၀) အမှတ်(၆၂၃/စီ)

အထက(၁)စစတွေအာစရိယ ပူဇော်ပွဲကို ရန်ကုန်တွင် ဦးဆောင်ကျင်းပခဲ့သော ကျောင်းသားဟောင်းဦးအောင သနးသည် ၂၃-၆-၂၀၁၄(တနင်္လာနေ့) ည၉း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့ အထက(၁)စစတွေ ကျောင်းသား/သဟောင်း[illegible] အသပေး[illegible] ၂၅-၆-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတင် ရေဝေးသသာန်၌ သင်္ဂြိုဟ်ပါမည်။ [အမှတ်(၁၇၇)၊ အထက်ပန်းဆိုးတန်းလမ်း၊ (စည်ပင်ရေအားထိန်းဝင်း) နေအိမမကားများ နံနက ၁၁နာရီတင် ထက်ပါမည်။]

အထက(၁)၊စစတွေကျောင်းသား/သူဟောင်းများ(ရန်ကုန်)

ဦးအောင်သိန်း (၅၂)နှစ်
B.E(Civil),D.P.H.E
ဌာနခွဲမှူး(အဆောက်အအုံ)မြို့တော်စည်ပင်
စစ်တွေကောလိပ်၊ကျောင်းသားဟောင်း

စစတေ ဒေသကောလပ ကျောင်းသားဟောင်း ဦးအောင်သိန်းသည် ၂၃-၆-၂၀၁၄ (တနင်္လာနေ့) ည၉း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင ကျောင်းသား/သူ ဟောင်းများ လိုက်ပါပိုဆောင်ကြပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။ ၂၅-၆-၂၀၁၄(ဗုဒ္ဓဟူးနေ့) မန်းလဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ [အမတ်(၁၇၇)၊ အထက်ပန်းဆိုးတန်းလမ်း၊ (စည်ပင်ရေအားထိန်းဝင်း)နေအိမ်မကားများနံနက်၁၁နာရီတွင်ထက်ပါမည်။]

စစ်တွေကောလပကျောင်းသား/သူဟောင်းများ(ရန်ကုန်)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးလှထွန်းမြင့်(၆၁)နှစ်
ရေနံချောင်း(ရတနာထွန်းစာပေ)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီဝေလမင်းရိပ်သာ၊ ကမ္ဘာအေးစေတီလမ်းနေ ရေနံတွင်းစားရိုးဦးတင်အေး-ဒေါ်မမတ၏သားထွေး၊ ဦးစိန်တိုး-ဒေါ်မြစိန်တို၏တူ၊ ဒေါ်မြင့်မြင့်သန်း၊ ဦးအုံ့ဇော်-ဒေါ်တင်တင်ဦး၊ ဦးညွန့်ရွှေ-ဒေါ်မြင့်မြင့်စန်း၊ ဂုဏ်ထူးဦးသိန်းနိုင်(ဂုဏ်ထူးမြန်မာစာ)-ဒေါ်ကြည်ကြည်တင်(ဂုဏ်ထူးဦးသိန်းနိုင်ကိုယ်ပိုင်အထက်တန်းကျောင်း)တို့၏ ညီ/မောင်၊ ကိုလမ်းနိုင်မိုး (ကျေးတိုက်လျှပ်စစ်)-မသူသူမြင့်သိန်း၊ မစစစံ၊ မခင်ပြည်စုံ၊ မပိုပိုချော၊ မချောပိုပို၊ မောင်ရှိုင်းထန်းနိုင်-မအိသီရိနေဆန်းတို့၏မေးသဖခင်၊ မခင်သီတာဇော်၊ ကိုမြင့်စိုး-မထင်နီလာဇော်၊ ဗိုလ်ကြီးစိုးနိုင်ဦး-မခင်သူဇာဇော်၊ မသင်းသင်းနွယ်တို့၏ဦးလေး၊ မနန်းအဥ္ဆလီ၊ မယန်းယမ့်နိုင်၊ မမြူးမြူးတို၏ဘိုးဘိုးကြီး၊ ဒေါ်ခင်ခင်သက်၏ ချစ်လှစွာသော ခင်ပွန်း ဦးလှထွန်းမြင့်(ရေနံချောင်း)သည် ၂၃-၆-၂၀၁၄(တနလာနေ့) ညနေ၅း၄၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ၅နာရီတွင် ရေဝေးအအေးတိုက်မ ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ဂုဏ်ထူးဦးသိန်းနိုင်ကျောင်း ကျွစိတံအိမ်ရာ ဝေဇယန္တာလမ်းမကြီးမှ ကားများ ညနေ ၄နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၆-၂၀၁၄(တနင်္ဂနွေနေ့)တွင် ဝေလမင်းရိပ်သာ၊ ၅၆ /F၊ ပါရမီလမ်းမကြီးနေအိမ်သို့ ရတ်လည်ဆွမ်းတွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားပါသည်။]

ကျန်ရစ်သူမိသားစ

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊တန်ဆောင်း ဒါယိကာမကြီး
ဒေါ်စန်းမြင့် (၉၂)နှစ်
ထိပ်တန်းရုပ်ရှင်မိခင်ကြီး

သင်္ဃန်းကျွန်းမြို့နယ်၊ လေးဒေါင့်တန်လမ်း၊ဓ/၇၃၄နေ(ဦးဘစော-ဒေါ်နီ)တို၏သမီး၊(ဦးစောမောင်-ဒေါ်ဆိုင်းရင်)တို့၏ သမီးချေးမ၊ ဦးကိုကို(ထိပ်တန်းရုပ်ရှင်)၏ချစ်ဇနီး၊ဦးကိုကိုမြင့်-ဒေါက်တာမေသဇင်၊ ဦးကိုကိုတင်-ဒေါ်နန်းရွှေအုံး၊ ဦးသတ်ထွန်း-ဒေါက်တာနယ်နီဝေ၊ ဦးကိုကိုခိုင်၊(ဦးအောင်ကြည်)-ဒေါ်နယ်နီဆွေ၊ ဦးအောင်စိုးတော်-ဒေါ်ခင်မေကြည်၊ဦးဝင်းမြင့်-ဒေါ်တာမီးဆန်းတို့၏ ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်၊ မြေး၁၃ယောက်တို့၏ အဘွား၊ မြစ်ငါးယောက်တို၏အဘွားသည် ၂၄-၆-၂၀၁၄(အင်္ဂါနေ့) နံနက ၁း၁၀နာရီတွင် ရွှေဂုတ်အထူးကုဆေးရုံ၌ ကယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၄(ကြာသပတေးနေ့) မန်းတည်၁၂နာရီတွင် ရေဝေး အအေးတိုက်မ ရေဝေးသုသာန်သို့ ပိုဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမမကားများ နံနက ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၆-၂၀၁၄ (တနလာနေ့) နံနက ၉နာရီမှ ၁၁နာရီထိ အထကပါ နေအိမ်သိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျနရစ်သူမသားစ

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယိကာမကြီး
ဒေါ်ခင်စန်း (၆၈)နှစ်

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁)ရပ်ကက်နေ (ဦးလှဝင်း-ဒေါ်တင်)တို့၏ သမီး၊ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သုံးဆယ်မြို့၊ ညောင်နီကန်းကျေးရွာနေ (ဦးသန်းတင်-ဒေါ်အေးယုံ)တို၏သမီးချွေးမ၊ဒလမြို့နယ်နေ (ဦးစံအေး) - ဒေါ်ညိုတင်၊ ဦးညွန့်မောင်တို့၏ညီမ၊ (ဒေါ်ခင်စော)၊(ငမိုးရိပ်ညွန့်သိန်း)-ဒေါ်ခင်ဝိုင်းကြီး(ရေတာရှည်ပြည်သူ့ဆေးရုံ)၊ ဦးအောင်သန့်-ဒေါ်တင်ဝင်းတို့၏အစ်မ၊ (ဦးသောင်းစိန်)၏ ချစ်လှစွာသောဇနီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၀)ရပ်ကက်နေ ဦးသန်းလွင်-ဒေါ်လဲ့လဲ့ငွေ၊ ဦးအောင်မင်းညွန့်၊ ဦးအောင်မျိုးသန့်၊ (ဒေါ်မြတ်မြတ်ငွေ)၊ (ဦးလှဝေ)-ဒေါ်စန်းစန်းငွေ (ခ) မဇင်မာအောင်တို၏ မေးသဖခင်ကျေးဇူးရှင်၊ မောင်ကောင်းမြတ်ဦး၊ မောင်ကောင်းပြည့်ဖြိုး၊ မောင်အောင်ဝင်းကိုကို၊ မဇဇင်မင်းကျော်တို၏ အဘွားသည် ၂၄-၆-၂၀၁၄ ရက် နံနက ၅း၃၀ နာရီတင် ကွယလန်သွားပါသဖြင့် ၂၆-၆-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပိဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မကားများ မန်းလွဲ ၁၂း၃၀ နာရီတင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစ

ဦးသန်းရှိန်(နည်းပြ-ငြိမ်း)
[illegible]၊မြစ်ကြီးနား၊အင်းစိန်၊GTI
(အလက-ဝ၊ ဒဂ၊ သနက-၃၊
တစ်တွင်းကျော်း)
အသက်(၆၆)နှစ

ရွှေပြည်သာမြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ်(၂၆၀)၊ အဝေရာလမ်းနေ(ဦးရေမြ-ဒေါ်သိန်း)တို၏သား၊ (ဦးသိန်းမောင်-ဒေါ်ထားတင်)တို၏ သားသမက်၊ ဒေါ်တင်မော်အေး(နည်းပြ-ငြိမ်း၊ GTC မော်ဘီ)၏ ခင်ပွန်း၊ သား/သမီး သုံးယောက်တို၏ဖခင်၊ မြေးသုံးယောက်၏အဘိုးသည် ၃၀-၅-၂၀၁၄ရက်တွင် ကွယလွန်သွားပါ၍ ယင်းနေ့တင်ပင် သင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၆-၂၀၁၄(တနင်္လာနေ့) နံနက် ၁၀ နာရီမ ၁၂နာရီအထိ သာကေတမြို့နယ်၊ သန်လျင်တံတားချဉ်းတပ်လမ်းရှိ မဖျိမ ဂုဏ်ရည်မဟာစည် သာသနာ့ရိပ်သာ၌ တစ်လပြည့် ဆွမ်းကျွေးတရားတော် နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမ ဆွေမျိုးမိတ်သင်္ဂဟများနှင့် တပည့်များအား ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစ

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယကာကြီး
ဦးညွန့်တင်
အသက်(၉၃)နှစ
ရွှေဂုဏ်မြင်စနေအရုဏ်ဝက်အသင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်တက်၊ အနောက်ဈေးဟောင်းလမ်း၊ အမတ်(၃၇)နေ(ဦးစောမောင်-ဒေါ်ပေါကြွယ်)တို့၏သား၊ (ဒေါ်ညို)၏ခင်ပန်း၊ ပဏ္ဍိတာရာမ(အခြေပြု)ကျောင်း ဆရာတော် ဦးပဏ္ဍိစ၏ ခမည်းတော် (ဦးတင်အေး-ဒေါ်မြရီ)၊ (ဦးကျော်စိန်)-ဒေါ်အေးမြိုင်၊ ဒေါ်တင်တင်ဝင်း(ရှမ်းပြည်နယ်ပျားလုပ်ငန်းဌာန)၊ ဦးဇောမော်-ဒေါ်လှဝင်း(အမတ-၁၈၊ တာမေ)၊ ဦးကျော်ဝင်း-ဒေါ်အေးမြင့်ရိန်(စင်ကာပ)၊ ဦးခင်မောင်ဦး-ဒေါ်တင်တင်ထွေးတို၏ ဖခင်၊ မြေး ၁၁ ယောကတို၏အဘိုးသည်၂၃-၆-၂၀၁၄(တနင်္လာနေ့) နံနက် ၇း၀၅နာရီတွင် SSC ဆေးရုံ၌ တယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၄ (သောကြာနေ့) မန်းလွဲ၂နာရီတွင် ရေဝေးသုသာန်သို့ ပိုဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမ ဆွေမျိုး မတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမမှ ကားများ မန်းလဲ ၁၂း၃၀နာရီတွင် ထက်ပါမည်။)

တျန်ရစ်သူမိသားစ

ဒေါ်စန်းမြင့် (၉၂)နှစ်
ထိပ်တန်းရုပ်ရှင်မိခင်ကြီး

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးဒေါင့်တန်လမ်း၊(ဓ/၇၃၄)နေ(ဦးဘစော-ဒေါ်နီ)တို့၏သမီး၊ (ဦးစောမောင်-ဒေါ်ဆိုင်းရင်)တို့၏ သမီးချွေးမ၊ ဦးကိုကို(ထိပ်တန်းရုပ်ရှင်)၏ ချစ်ဇနီး၊ (ဦးကျင်အိပ်-ဒေါ်စိန်)၊ (ဦးတျင်လပ်- ဒေါ်ကျင်ဆိုင်)၊ (ဦးခဲပိန်-ဒေါ်အေးကျင်)၊ (ဦးလရွှေ-ဒေါ်အေးလှိုင်)တို့၏ ညီမ၊ (ဦးဟော်လိန်-ဒေါ်တမ်ရှမ်း)၊ (ဦးတင်စိန်-ဒေါ်ကျင်ရမ်း)၊ (ဦးကြည်လင်-ဒေါ်သန်းဆင့်)၊ ဒေါ်ချိုချိုဆက်၊ ဦးမောင်မောင်-ဒေါက်တာဒေါ်မိမိထန်းတို့အစ်မ၊ မြေး ၁၃ယောက်၊မြစ်ငါးယောက်တို့၏အဘွားသည် ၂၄-၆-၂၀၁၄(အင်္ဂါနေ့) နံနက် ၁း၁၀နာရီတွင် ရွှေဂုတ်အထူးကုဆေးရုံ၌ ကယ်လန်သွားပြီးဖြစ်ပါသဖြင့် ၂၆-၆-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၁၂နာရီတွင် ရေဝေးအအေးတိုက်မ ရေဝေးသုသာန်သို့ ပိဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မကားများ နံနက် ၁၀း၃၀နာရီတွင် ထက်ပါမည်။) [ကယ်လွန်သူအား ရည်စူး၍ ၃၀-၆-၂၀၁၄(တနင်္လာနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ အထက်ပါ နေအိမ်သိ ရက်လည် တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမောင်နမများမသားစ

ဦးအောင်သိန်း
B.E(Civil) D.P.H.E
ဌာနခွဲမှူး(အဆောက်အအုံဌာန
မြို့တော်စည်ပင်)
အသက်(၅၂)နှစ

စစ်တွေမြို့ ချင်းပုံလမ်းနေ ဦးအောင်တော်လ-(ဒေါ်ရှေမြဦး)တို့၏ သားကြီး၊ [ဦးမောင်ဟန် (ပန်းထိမ်ဆရာကြီး)]-ဒေါ်လည္ဆန်စိန်တို့၏သားသမက်၊အမှတ်(၁၇၇)၊ အထက်ပန်းဆိုးတန်းလမ်း၊ စည်ပင်ရေအားထိန်းဝင်းနေ ဒေါ်ခင်သန်းငွေ၏ ချစ်လှစွာသော ခင်ပန်း၊ မသူဇာသိန်း (YTU 1st Year Archi)၊ မရွှေရည သိန်း [Grade-10(D)၊ အထက-၂၊ လသာ]၊ မခင်မြတ်မြတ်သိန်း[Grade-6(E)၊ အထက ၂ လသာ]တို့၏ မေးသဖခင်သည် ၂၃-၆-၂၀၁၄ရက် ည ၉း၄၀ နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မန်းလဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပိဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမ [illegible] မတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မ ကားများ နံနက် ၁၁နာရီတွင် ထက်ပါမည်။)

တချန်ရစ်သူမိသားစ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တလက္ခဏ
(သာသနဓဇ ဓမ္မာစရိယ မဟာဝန္ဒဝါစကပဏ္ဍိတ)
သိက္ခာတော်(၅၃)ဝါ၊ သက်တော်(၇၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း၊ ဝဲပုံ့စာသင်တိုက်၊ မောလက်ာရကျောင်းဆရာတော်ဦးလက္ခဏ(သာသနဓဇ ဓမ္မာစရိယ၊ မဟာဂန္ဓဝါစကပဏ္ဍိတ)သည် (၁၃၇၆ခုနှစ်၊ နယုန်လပြည်ကျော် ၁၁ရက်) ၂၃-၆-၂၀၁၄ (တနင်္လာနေ့) မန်းလဲ၂း၁၅နာရီတွင် ဘဝနတ်ထံပုံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၆ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ရက်) ၂၅-၆-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ အနိမ့်အဂ်ဂိစျာပန မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ကျန်ရစ်သူ တပည့်ရဟန်းသံဃာတော်များနှင့်ဒါယကာ၊ ဒါယိကာမအပေါင်းကိုအား အသိပေးအကြောင်းကြားအပ်ပါသည်။

ဝဲပုံ့စာသင်တိုက်ဆရာတော်နှင့်
တပည့်ဒါယကာ၊ ဒါယိကာမများ

ရဟန်းဒါယိကာမကြီး
ဒေါ်ရင်ရွှေ(ခနောင်) (၇၂)နှစ်

ခနောင်တောထဲကန်နေ (ဦးလသော်-ဒေါ်မြရင်)တို့၏ သမီး၊ (ဦးမောင်ကျော်-ဒေါ်ခင်လ)တို့၏ သမီးချေးမ၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ် (၂၉)လမ်း၊ အမတ်(၃၉)နေ ဗိုလ်ကြီးဝင်းရွှေ(ငြိမ်း)၏ ဇနီး၊ ရဲမှူးကျော်သက်ထန်း(ဗန်းမော်)-ဒေါ်နန်းသယ်သယ်ဝင်း၊ ဒေါ်အိအိမိုး(ဆ-သ-ရ)၊ ဒုရဲအုပ်အောင်မျိုးအေး-ဒေါ်မီမီသက်(စီမံကိန်း)၊ ဦးအေးချို-ဒေါ်သန္တာဝင်း (ဆ-သ-ရ)၊ ဦးကျော်ထင်ခိုင်(Star City)-ဗလ်ကြီးကြေးမုံဝင်း(ငြိမ်း) တို၏ မခင်၊ မြေးခြောကယောက်တ၏ အဘား ဒေါ်ရင်ရွှေသည် ၂၄-၆-၂၀၁၄ ရက် နံနက် ၇း၃၀ နာရီတွင် ကယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပိုဆောင်ဂူသွင်း မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမ မတ်ဆွေသင်္ဂဟများအား အသိပေးအပ်ပါသည်။(နေအိမ်မှကားများ နံနက ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစ

ဦးသောင်းဒန်(ခ)ဦးဘိုဘို
အသက်(၅၁)နှစ
(ဦးစီးအရာရှိ၊ စီမံရေးရာ၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန)

ရန်ကုန်မြို့၊ သုဝဏ၊ မီးဒုံးလမ်းသယ်(၁)၊ တိုက်အမတ်(၁၄၆)၊ အခန်း(၂)နေ ဦးတင်အောင်-ဒေါ်လဲ့လဲ့ဝင်းတို၏ သား၊ ဦးတင်မင်း-ဒေါ်နှင်းရွှေတို့၏ သားသမက်၊ ဦးအောင်ကြီး-ဒေါ်ခိုင်မျိုးမျိုးအေးတို၏ ညီ/မောင်၊ ဦးရဲထွန်း၊ မစောယဉ်ယဉ်တင်တို့၏ အစ်ကို၊ တောင်ကြီးမြို့၊ ရေအေးတင်းရပ်တက်၊ အရှေ့မြို့ပတ်လမ်း၊ ကုန်သယ်ရေးရုံးဝင်းနေ ဒေါ်ကြည်ကြည်ဦး၏ခင်ပန်း၊ မထားအိန္ဒြာဇိလ်၊ မသိမ့်သဥ္ဇာဗိုလ်၊ မယုသန္တာဗိုလ်တို့၏ မေးသဖခင် ဦးသောင်းဒန်(ခ)ဦးဘိုဘို (ဦးစီးအရာရှိ၊ စီမံရေးရာ၊ တန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန)သည် ၂၃-၆-၂၀၁၄ (တနင်္လာနေ့) ည ၈း၀၅ နာရီတွင် ကယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် စဝ်စံထွန်းဆေးရုံကြီးမှ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပိဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမ မိတ်ဆွေသင်္ဂဟအပေါင်းအား သိစေအပပါသည်။

ကျန်ရစ်သူမိသားစ

[illegible]တော်၌ အိပ်ပျော်ခြင်း
ကိုအောင်ထန်း B.A(History)
(တေးရေး၊ တေးဆို၊ ဒါရိုက်တာ ကိုရှိအောင်)
အသက်(၁၄)နှစ်
(ချင်းနစ်မြင်းခရစ်ယာန်အသင်းတော်၊ ရန်ကုန်၏ အသင်းသား)

ချင်းပြည်နယ်၊ မင်းတပ်မြို့နေ (Rev.Hung Om-Daw Ling Hlu)တို၏ သားငယ်၊ ချင်းနစ်ခြင်းခရစ်ယာန်အသင်းတော်၊ ရန်ကုန် လက်ထောက်သင်းအုပ်ဆရာ Rev.Cho Hung Om Ngai @ Om Ngai-Daw Ngun Hlei Sung တို၏ ညီ/မောင်၊ Mg Reuben Om Ngai Kee, Ma Holly Biak Tha Hlei Cer @ Holy Sein, Mg Samuel Bawi Ram Lian Thang @ Samuel Ling တို့၏ ချစ်လှစွာသော ဦးလေးသည် ၂၄-၆-၂၀၁၄ (အင်္ဂါနေ့) နံနက် ၇း၁၀ နာရီတွင် ရန်ကုန်မြို့ အနောက်ပိုင်းဆေးရုံ၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၆-၆-၂၀၁၄ (ကြာသပတေးနေ့) နံနက ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်တရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။[ချင်းနစ်ဖြင်းခရစ်ယာန်အသင်းတော်၊ ရန်ကုန် (CBC)၊ အရှေ့ကြို့ကုန်း (၃)လမ်းမြောက်မ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။]ကျန်ရစ်သူမိသားစ

ဦးဝင်းမြင့် (၆၈)နှစ်
တကက(ငြိမ်း)မ-တ-ရ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ မြို့နယ်၊ (၄၄)ရပတက်၊ ဗန္ဓုလလမ်း၊ အမတ်(၁၁၁၀)နေ (ဦးစစ်ရိန်-ဒေါ်ညွန့်ခင်)တို၏သား၊ (ဦးထန်းနိုင်)-ဒေါ်ခင်စန်းသီတို၏ သားသမက၊ ဒေါ်ဝေးဝေးသန်း၏ခင်ပန်း၊ မောင်စည်သူဝင်း၊ မောင်ရွှေမိုးသာ-မသဲစုဝင်း၊ မောင်မင်းအောင်-မနုဝါဝင်း တို့၏ဖခင်၊ မောင်ပြည်မိုးဟိန်းထက်၏ အဘိုးသည် ၂၃-၆-၂၀၁၄ရက် မွန်းလွဲ ၁၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၄ ရက် ညနေ ၅း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပိုဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မ ကားများ ညနေ ၄း၄၅ နာရီတွင် ထက်ပါ မည။)

တျန်ရစ်သူမိသားစ

ကိုအောင်မင်းထွဋ်(ညီညီ)
B.Sc(Zoo),CDC 34290
Chief Trucking & Forwarding Section
FUJITRANS(MYANMAR)Co,Ltd.
အသက်(၄၅)နှစ

ရန်တန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ခတ္တာလမ်း၊ အမတ်(၁၅)၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာနေ [ဒုရဲမှူးကြီးတင်ထွဋ်-ဒေါ်အေးအေးသိန်း (Dolly)]တို့၏သားငယ်၊ (ဦးမြင့်နွယ်)-ဒေါ်သန်းသန်းခင်တို၏ သားသမက်၊ မကေသီထွဋ် - တိုမြတ်လွင်(Bosun-JSM)၊ဦးဇော်မင်းထွန်း(C/O uniteam)-ဒေါ်သူဇာနိုင်တို၏ညီ/မောင်၊မနီလာနွယ်၏ခင်ပန်း၊ မောင်မင်းသျှင်သီဟ(ပထမနှစ်ဆေး-၁)၏ဖခင်သည် ၂၃-၆-၂၀၁၄ (တနင်္လာနေ့) ညနေ ၆း၄၅နာရီတွင် နင်းဆီကန်းအထူးကုဆေးခန်း၌ ကယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မ ကားများ မန်းတည် ၁၂နာရီတွင် ထက်ပါ မည်။)

ကျန်ရစ်သူမိသားစ

ဦးမြ(ရဲအုပ်-ငြိမ်း) (၈၆)နှစ်

ရန်[illegible]န်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၆)၊ အောင်ချမ်းသာရပ်ကွက်၊ အောင်ချမ်းသာလမ်းနေ ဦးမြ (ဒုရဲအုပ်၊ ငြိမ်း)၏ ဇနီး၊ မမာလာ၊ ဦးရောသန် (ဦးစီးမှူး၊ ဆည်မြောင်းဦးစီးဌာန၊ ကျောက်ဆည်)-ဒေါ်ဝင်းမြင့်၊ မစံသာ (နည်းပညာတက္ကသိုလ်၊ ကြို့ကန်း)၊ မအေးမြ၊ မအေးအေးမြင့်၊ ဦးသန်းစိုး-မယဉ်ယဉ်မြ၊ ဦးတင်မောင်နီ (တည်ဆောက်ရေး-၆၊ ဆည်မြောင်းဦးစီးဌာန)၊ ကိုလင်း (အဆင့်[illegible] သိပ္ပံနည်းပညာ သင်တန်းဌာန မသန်းသန်းအေးတို့၏ [illegible]ယောက်တို၏ အဘိုး ဦးမြသည် ၂၄-၆-၂၀၁၄ ရက် မနးလွဲ ၂း၁၅ နာရီတွင် ရန်တန်ဖြည်သူ့ဆေးရုံကြီး၌ တယ်လွန်သွားပါ၍ ၂၆-၆-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပိုဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါ နေအိမ်မှကားများ မန်းလဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမျိုးမြင့် (၆၈)နှစ်

ရန်ကုန်မြို့ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်တက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၁၀၀)နေ (ဦးဘိုးသယ်-ဒေါ်ခင်မြ)တို့၏ သား၊ ဦးဝင်းမြင့်-ဒေါ်တင်တင်သန့်တို့၏ ညီ၊ ဦးလှစိန်-(ဒေါ်မြင့်ကြည်)တို့၏မောင်၊ ဦး[illegible]မြင့်-ဒေါ်စီစီမာ၊ (ဦးစောမြင့်)-ဒေါ်စန်းစန်းရီ၊ ဦးသိန်းမြင့်တို့၏ အစ်ကိုသည် ၂၀-၆-၂၀၁၄(စနေနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ရန်တန်ဆေးရုံကြီး၌ ကယ်လန်သွားပါသဖြင့် ၂၃-၆-၂၀၁၄ (တနင်္လာနေ့) မန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစ

ယနေ့ **မာတိကာ**

ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း — စာမျက်နှာ - ၅

အမျိုးပျက်စေသည့် အဆိပ်ပန်း မနန်းမဖို့ရာ — စာမျက်နှာ - ၆

ခြေစမ်းပွဲကစားမည့် မြန်မာအသင်း စခန်းစင်လေ့ကျင့် — စာမျက်နှာ - ၉

ပြည်သူ့လွှတ်တော်အစည်းအဝေး

နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများသည် နိုင်ငံတကာစံနှုန်းများထက် သာလွန်သောအခွင့်အရေးများပေးထား

နေပြည်တော် ဇွန် ၂၄

ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် **မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်စင်း၏ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ စတင်အာဏာ သက်ရောက်စေရန်လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များကို ဌာနဆိုင်ရာ အသီးသီးသို့ ဆောလျင်စွာ ညွှန်ကြားပေးနိုင်ခြင်း** အစအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက နိုင်ငံ့ဝန်ထမ်းနည်းဥပဒေသည် နိုင်ငံတော်သမ္မတက ၂၀၁၃ ခုနှစ် မတ် ၈ ရက်တွင်အတည်ပြု လက်မှတ်ရေးထိုးပြီး ပြည်ထောင်စု လွှတ်တော်မှ ဥပဒေအမှတ်(၅)ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည့် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၇၆)၊ ပုဒ်မခွဲ (က)အရ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများက ပြည်ထောင်စုရာထူးဝန်အဖွဲ့က မူကြမ်းပြုစုရေးဆွဲကာ ၂၀၁၄ ခုနှစ် မတ် ၂၀ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/ ၂၀၁၄)၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ၂၀၁၄ ခုနှစ် မတ် ၂၆ ရက်တွင် လက်မှတ်ရေးထိုးထုတ်ပြန် ပြဋ္ဌာန်းခဲပြီးဖြစ်ပါကြောင်း၊ တည်ဆဲဖြစ်သော ၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ (၁၃)၊ ပုဒ်မခွဲ(ခ) အရ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများသည် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ၂၀၁၄ ခုနှစ် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❋

အမျိုးသားလွှတ်တော်အစည်းအဝေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြု

နေပြည်တော် ဇွန် ၂၄

ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေး၌ **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုပြီး ယင်းဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ **ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာ အေးမောင်**က "ပြီးခဲ့တဲ့ခုံရုံးနဲ့ ပတ်သက်လို့ အခြေအတင်ဖြစ်ခဲ့ထားရှိပါတယ်။ အဲဒီမှာ ပြည်ထောင်စုအဆင့်တစ်နေ့ပတ်သတ်ပြီး ဖွဲ့စည်းပုံ ဆိုကြတာတွေ [illegible] အဆင့်တွေ ဖွဲ့စည်းပုံမှာ ဘယ်လိုပြဋ္ဌာန်းထားသလဲ ဆိုတဲ့ကိစ္စကို ခုံရုံးက အဓိပ္ပာယ်ဖွင့်ပေးပါတယ်။ လွှတ်တော်ကော်မတီလယ်တွေဟာ ပြည်ထောင်စုအဆင့်ဟုတ်၊ မဟုတ်ဆိုတာ အငြင်းအခုံဖြစ်တော့ ခုံရုံးက ပြည်ထောင်စုအဆင့်မဟုတ်ဘူး ဆိုတာမျိုးသတ်မှတ်ပါတယ်။ အဲဒီမှာ ခုံရုံးက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက အစမအဆုံး ခြုံငုံမိသလားဆိုတဲ့ မေးခွန်းမေးကြပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တိုင်းက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ တစ်ခုချင်းကို သုံးသပ်ကြပါတယ်။ တစ်ခုခုများ ဘက်လိုက်မတော်ရှိကြသလားလို တွေးကြပါထယ်။

ဒါကြောင့် စစ်မှန်တဲ့ခုံရုံးတစ်ခုဖြစ်အောင် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

နေပြည်တော် ဇွန် ၂၄

ဇွန် ၂၄ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီ ၁၂ မိနစ် ၀၄ စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၁၈၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(ဘော်လခဲမြို့၏ တောင်-အရှေ့တောင်ဘက် သုံးမိုင်ခန့်အကွာ)က် ဗဟိုပြု၍ အင်အားရစ(ခ်)တာစကေး ၃ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အထူးထုတ်ပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အထူးထုတ် လေးမျက်နှာ ပါရှိပါသည်။

ပျူရှေးမြို့ဟောင်းများအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရသဖြင့် မြန်မာနိုင်ငံသားများ ဂုဏ်ယူဝမ်းသာ

သပြေထွန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အတွင်းရှိ ပျူရှေးမြို့ဟောင်းများ ဖြစ်သော ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာမြို့ဟောင်းများအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ၂၀၁၄ ခုနှစ် ဇွန် ၂၂ ရက်တွင် ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပသည့် (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီအစည်းအဝေး [38th Session of the World Heritage Committee (Doha 2014)] က အတည်ပြု သတ်မှတ်လိုက်ကြောင်း သိရသည်။

ဟန်လင်းမြို့ဟောင်းတူးဖော်တွေ့ရှိမှုကို တွေ့ရစဉ်

အဆိုပါဒေသများအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ထပ်မံသတ်မှတ်ခံရမည်သည့် မြန်မာတို့၏ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားမှု၊ အတိတ်ရှိသော၊ သမိုင်းကြီးသောလူမျိုးများ အဖြစ် ပတတ်ခန့်ခန့်တည်တည် တည်ရှိမှုများကို ကမ္ဘာထစ်ဝန်းလုံးက လက်ခံပြီး မြတ်နိုးခံမင်စွာ တန်းသမီး စောင့်ရှောက်ရေးကို သက်ဆိုင်ရာမှ ကမ္ဘာ့အဆင့်သတ်မှတ်ချက် စံချိန်စံညွှန်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် နှလင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာ၊ မြောက်ဦး၊ အင်းလေးကန်၊ မင်းကန်းဒေသ၊ ပြဒါးလင်းဂူ၊ အင်းဝ၊ မန္တလေးနှင့် ဟသာဝတီ ဟူသည့် မြန်မာ့ရှေးဟောင်းနေရာဒေသ ရှစ်ခုအား ၁၉၉၄ ခုနှစ် အောက်တိုဘာလ ၄ ရက်တွင် အဆိုပြုအမွေအနှစ်အဖြစ် တင်သွင်းခဲ့ကြောင်း သိရသည်။ ယင်းအဆိုပြုအမွေ အနှစ်ရှစ်ခုအနက် ပျူမြို့ဟောင်းသုံးမြို့ ဖြစ်သော ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာမြို့များသည် မြို့ပြယဉ်ကျေးမှု အစောဆုံးတန်းကားခဲ့ခြင်း၊ ဗုဒ္ဓဘာသာအစောဆုံး ထွန်းကားခဲ့သည့် ရှေးမြို့ဟောင်းအဖြစ် အတင်အရှားကြွင်းကျန်နေခြင်း၊ ပုဂံခေတ်အား **စာမျက်နှာ ၉ ကော်လံ ၈ သို့** ○

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ
ကြေးမုံ အထူးထုတ် ၂၀၁၄ ခုနှစ် ဇွန် ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့
FIFA WORLD CUP Brasil

STI MYANMAR UNIVERSITY
MBA | BBA | MED | BE
www.stiedu.net
TEL : 507151/52, 377988
09250064451, 0931702299
09420254872

စောင့်ကြည့်ရမည့် အီကွေဒေါ၏ နောက်ဆုံးဆုန်းနိုင်အား

အီကွေဒေါနှင့် ပြင်သစ်။ ထိုပွဲသည် တစ်ခြမ်းသာထွက်ရမည့်ပွဲအဖြစ် အများက လက်ခံယုံကြည်သည်။ အထူးသဖြင့် ထိုပွဲသည် ပြင်သစ်အတွက် အရေးမပါနိုင်တော့။ ပြင်သစ်သည် လက်ရှိအချိန်၌ ခြောက်မှတ်ရပြီး ဖြစ်သည်။ အုပ်စုပွဲစဉ်ပြီးသွားလျှင်ပင် အုပ်စုတွင်း၌ ပြင်သစ်၏ အဆိုပါ အမှတ်ထက်ပို[illegible] အမှတ်လက်ခံရှိသည့် အသင်းမရှိ။ အမြင့်ဆုံး ဖြင်သစ်၏ လက်ရှိရမှတ်နှင့်တူညီနိုင်သော အသင်းသာရှိသည်။ ထိုအခြေအနေတွင် ပြင်သစ်သည် ဂိုးကွာခြားမှုအရလည်း +၆ အထိရှိနေရာ ယခုနောက်ဆုံးပွဲတွင် ဂိုးပြတ် အရေးခန့်မှုလျှင်ပင် အုပ်စုပထမရမည့် အခြေအနေတွင်ရှိနေသည်။ ထို့အတွက်ကြောင့် ပြင်သစ်သည် ခြေကုန်ထုတ်ရန်ခက်သည်။ အင်္ဂကျ ကစားသမားအစုံအလင်ဖြင့် ပွဲထွက်ရန်လည်း မသေချာ။ ထို့ကြောင့် အဆိုပါ အခြေအနေသည် အီကွေဒေါအတွက် အခွင့်အရေးဟုဆိုနိုင်သည်။ တွက်ဆရမည်ကလည်း ထိုအချက်သာဖြစ်သည်။ အီကွေဒေါအနေဖြင့် အဆိုပါ အခွင့်အရေးအား [illegible] ရှိ ခရိုပင် ဖြစ်သည်။

အီကွေဒေါသည် [illegible] နောက်တစ်ဆင့်တက်နိုင်ရန် သေချာပေမည်။ သရေကျ၍ပင်မရ။ အကယ်၍ သရေသာ ကစားနိုင်ခဲ့ပါက တစ်ဖက်တွင် ဆွစ်ဇာလန်က [illegible] ပြိုင်ပွဲက ထွက်သွားရပေမည်။ အသင်း[illegible] သာမန်အသင်းတို့ကြားတွင် အဆင့်ကွာခြားမှုကြီးကြီးမားမားရှိသည်။ စဖွဲ့မှု[illegible] မားမား ခြားနားမှုရှိသည်။ ထို့အတွက်ကြောင့်ပင် သာမန်အသင်းများ၊ အသင်းငယ်များ အနေဖြင့် အသင်းကြီးများနှင့် ရင်ဆိုင်ရသည့်အခါ စိုးရိမ်စိတ်များရှိသည်။ ထိုအခြေအနေတွင် မဖြစ်မနေ အနိုင်ကစားမှုဖြစ်စေ့သည့် သဘောတရား သက်ပင်နေရာ အီကွေဒေါ အနေဖြင့် ယုံကြည်မှုရှိရန်ထက် စိုးရိမ်စိတ်နှင့်

ဖိအားဝင်ရန်သာ ပိုများသည်။ အထူးသဖြင့် အီကွေဒေါသည် နဂိုကတည်းကဝင် စုဖွဲ့မှုအင်အား မပြည့်စုံ။ ဆွစ်ဇာလန်ကိုရှုံးသည်။ ဟွန်ဒူးရပ်စ်ကို ကပ်၍သာနိုင်သည်။ အထူးသဖြင့် ဆွစ်ဇာလန်နှင့် ဟွန်ဒူးရပ်စ် နှစ်သင်းကိုပင် သုံးဂိုးအထိပေးခဲ့ရသော ခံစစ်မှာကျစ်လျစ်မှုမရှိ။ ထိုခံစစ်အင်အားမျိုးနှင့် ပြင်သစ်တိုက်စစ်ကို ထိန်းရန်မှာ ခက်ခဲလွန်းပေသည်။ သို့သော် ဆိုခဲ့သည့်အတိုင်းပင် ပြင်သစ်အတွက် ယခုပွဲသည် အရေးမပါ။ ထို့ကြောင့် အားကုန်မထုတ်လျှင် အီကွေဒေါ ခံသာမည်။ ထို့အပြင် ယခုပွဲသည် အီကွေဒေါအတွက် ဖောင်ဖျက်တိုက်ပွဲဝင်ရမည့် ပွဲမျိုးဖြစ်သည်။ ထို့ကြောင့် မာကျောမှုနှင့် အတင်းဝင်အတင်းထွက် ကစားလာလျှင် အထူးသဖြင့် ပြင်သစ်အတွက် လူမစုံနိုင်သော အခက်အခဲမျိုး ဖြစ်ပေါ်နိုင်သည်။

[ကိုနိုင်]

ဘာရာဇီးရှိဆင်းရဲသူများကို ငွေလှူသည့် ဂါနာကြယ်ပွင့် မွန်တာရီ

ဂါနာကြယ်ပွင့် ဆုလေမွန်တာရီသည် ဘာရာဇီးနိုင်ငံရှိအဆင်းရဲဆုံး အဖွဲ့အစည်းများအနက်မှ အဖွဲ့အစည်းတစ်ခုသို့ ငွေကြေးများပေးပြီးနောက် ထိုလှူဒါန်းမှုသည် ကမ္ဘာ့ဖလားပြိုင်ပွဲကာလအတွင်း ကြည်နူးဖွယ်အကောင်းဆုံး အခိုက်အတန့်တစ်ခု ဖြစ်လာခဲ့သည်။ အေစီမီလန်ကွင်းလယ်ကစားသမားသည် မာစီအီယို အရပ်ဒေသရှိ ဆင်းရဲသားများထံ သွားရောက်လည်ပတ်ရန် လက်ရွေးစင် အသင်းနည်းပြဖြစ်သူ ကွီစီအပီယာ့ခ်ျထံမှ အထူးခွင့်ဖြုချက်ရယူခဲ့ကြောင်း သိရသည်။ ယင်းအရပ်ဒေသရှိ ဆင်းရဲသားများထံ ငွေကြေးများ မပေးမီ မွန်တာရီသည် အမှတ်တရလက်မှတ်များ ရေးထိုးပေးခြင်း၊ ကလေးများနှင့် အမှတ်တရဓာတ်ပုံ အတူတွဲရိုက်ခြင်းများ ပြုလုပ်ခဲ့သည်။

[သုတ]

အာရှအသင်းများသည် ပြိုင်ဘက်အသင်းများထက် ခြေစွမ်းနိမ့်ကျသည်ဟု အီရန်နည်းပြ ကွီယာရော့စ်ဝန်ခံ

အီရန်အသင်းမန်နေဂျာ ကွီယာရော့စ်က အာရှအသင်းများသည် ဥရောပအသင်းများ၊ တောင်အမေရိကအသင်းများနှင့် အဆင့်တူညီသည့် အနေအထားတွင် မရှိကြောင်း ပြောဆိုလိုက်သည်။

အာရှတိုက်ကိုယ်စားပြုအဖြစ် ပါဝင်ယှဉ်ပြိုင်နေသည့် တောင်ကိုရီးယား၊ ဂျပန်၊ ဩစတြေးလျနှင့် အီရန်အသင်းတို့သည် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ပွဲစဉ်များတွင် နိုင်ပွဲများရယူထားနိုင်ခြင်းမရှိသေးပေ။

အဆိုပါ အကြောင်းအရာနှင့်ပတ်သက်ပြီး အီရန်အသင်းနည်းပြ ကွီယာရော့စ်က "အာရှအသင်းတွေဟာ ကမ္ဘာ့ဖလားပြိုင်ပွဲတိုင်း တညီတဲ့ အမှားတွေ ပြုလုပ်နေကြတယ်။ ဒါကြောင့်မို့လည်း ဥရောပအသင်းတွေ၊ အာဖရိကအသင်းတွေ ဒါမှမဟုတ် တောင်အမေရိက အသင်းတွေနဲ့ အဆင့်အတန်းမတူနိုင်ပါဘူး။ ဒါတွေဟာ ဘာဖြစ်လို့လဲဆိုတော့ ပြိုင်ပွဲကျင်းပပုံ၊ လေ့ကျင့်မှုနဲ့ စီစဉ်ဆောင်ရွက်မှုတွေကြောင့်ပါ။ အစဉ်အမြဲ တိုးတက်မှုရှိနေတဲ့ ဥရောပအသင်းတွေရဲ့ အနေအထားတွေကို အာရှအသင်းတွေ ပုံတူကူးယူလို့ မရနိုင်ပါဘူး"ဟု ပြောသွားသည်။

အီရန်အသင်းသည် ယခု ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုပွဲနှစ်ပွဲကစားထားခဲ့ရာ တစ်ပွဲသရေတစ်ပွဲ ရှုံးနိမ့်ထားပြီး အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဘော့စနီးယားအသင်းနှင့် ကစားသွားရမည်ဖြစ်သည်။

[သစ်လွင်]

တံငတောင်စွမ်းပြတဲ့ အဲလက်ဆောင်း

ဒဏ်ရာရတာတောင် မုတ်ဆိတ် နေရာကျမကျ စစ်ကြည့်နေတဲ့ မီရာလပ်စ်

ပေါ်တူဂီကွင်းလယ်လူ ရာအူးလ်မီရာလပ်စ်သည် သူ၏အအားသင့်ဖယ် မုတ်ဆိတ်ကြောင့် မကြာသေးမီနှစ်များအတွင်း ကျော်ကြားခဲ့သူဖြစ်ပြီး ချယ်လ်ဆီးနှင့် လီဗာပူးကစားသမားဟောင်းသည် သူ၏ မျက်နှာတွင်ရှိသော အမွှေးအမင်များကို လုံးပမြိတ်ရိုးကြောင်း ပြသခဲ့သည်။ ယခုအခါ တူရကီကလပ်ဖီနာဘာချီအသင်းတွင် ကစားနေသူ မီရာလပ်စ်သည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အမေရိကန်အသင်းနှင့်ပွဲ၌ နိုင်ပွဲတစ်ပွဲရရှိရန် လိုအပ်နေသော ပေါ်တူဂီအသင်းအတွက် ဝင်ကစားခဲ့သည်။ ထိုပွဲစဉ်တွင် မီရာလပ်စ်သည် အမေရိကန်ကွင်းလယ်ကစားသမား ကိုင်လီဘက်ကာမန်းနှင့် ဘောလုံးယှဉ်လုရာတွင် သူ၏မျက်နှာအား တံတောင်ဖြင့် အထောင်းခံခဲ့ရသည်။ အချိန်အနည်းငယ်ကြာအောင် ဆေးကုသမှုခံယူပြီးနောက် မီရာလပ်စ်သည် ရုတ်တရက်ထကာ သူ၏မုတ်ဆိတ်နေရာကျမကျ စစ်ဆေးနေသည့် ရိုက်ချက်များကို တီဗွီဖန်သားပြင်ပေါ်တွင် ပရိသတ်များ မြင်တွေ့သွားခဲ့သည်။ [သုတ]

၂၀၁၀ အိပ်မက်ဆိုးအောက်က ရုန်းထွက်ပြရမည့် ဆွစ်ဇာလန်

ရက်စွဲ	၂၆-၆-၂၀၁၄
အချိန်	(နံနက် ၂း၃၀)
ကစားမည့်ကွင်း -	Arena Aroazonia

ဆွစ်ဇာလန်။ တစ်နည်းပြောရလျှင် မမားသင့်သောအမှားက ကျူးလွန်ခဲ့ကြသူများ။ အထူးသဖြင့် သူတို့၏ပြေစွမ်းခြေအား နဂိုကတည်းက သာမန်ထက်မပိုသည်က အားလုံးက လက်ခံယုံကြည်ခဲ့ကြသည်။ သို့သော် သူတို့အနေဖြင့် ယခုတစ်ကြိမ်ကမ္ဘာ့ဖလားတွင်မူ အုပ်စုအား ကျော်ဖြတ်နိုင်လောက်အောင်တော့ စွမ်းဆောင်နိုင်မည်ဟု တွက်ခဲ့ကြသည်။ အထူးသဖြင့် သူတို့သည် အုပ်စုတွင်းအကြီးဆုံးပြိုင်ဘက်ပြင်သစ်အား အနိုင်ယူရန်မှာ မဖြစ်နိုင်ဟု နဂိုကတည်းက ယူဆခဲ့ကြသည်။ သို့သော် ဟွန်ဒူးရပ်စ်နှင့် အီကွေဒေါ်တို့ကိုမူ ကျော်ဖြတ်နိုင်လောက်မည်ဟု မှတ်ယူခဲ့ကြသည်။ မျှော်လင့်သည့်အတိုင်းပင် အဖွင့်ပွဲ၌ အီကွေဒေါ်အား အခက်အခဲကြားမှ အနိုင်ယူနိုင်ခဲ့သည်။ သို့သော် သူတို့သည် ပြင်သစ်နှင့်ပွဲ၌ မမှားသင့်သောအမှားကို ကျူးလွန်ခဲ့ကြသည်။ ရှုံးသင့်သည်ထက်ပို၍ပင် ရှုံးနိမ့်ခဲ့ကြသည်။ ဤအချက်သည် သူတို့၏ နောက်တစ်ဆင့်တက်ရောက်ရေးမျှော်လင့်ချက်အား အနည်းငယ် အဟန့်အတားဖြစ်စေခဲ့သည်ဟုဆိုသော် မလွန်နိုင်ပေ။ လက်ရှိအုပ်စုရပ်တည်မှုကိုပင်ကြည့်ပါ-

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ဂိုးကွာမှု	ရမှတ်
ပြင်သစ်	၂	၂	၀	၀	၈	၂	+၆	၆
အီကွေဒေါ်	၂	၁	၀	၁	၃	၃	၀	၃
ဆွစ်ဇာလန်	၂	၁	၀	၁	၄	၆	-၂	၃
ဟွန်ဒူးရပ်စ်	၂	၀	၀	၂	၁	၅	-၄	၀

ဆိုရလျှင် ထိုရပ်တည်မှုအရ ဆွစ်ဇာလန်သည် နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ရှိနေသည်ကမှန်သည်။ အထူးသဖြင့် အီကွေဒေါ်သည် ပြင်သစ်နှင့် နောက်ဆုံးပွဲစဉ်ကစားရမည်ဖြစ်ရာ အနိုင်ရရန် ခက်ခဲလှန်းပေသည်။ ထိုအချိန်တွင် သူတို့သာ ဟွန်ဒူးရပ်စ်ကို အနိုင်ရခဲ့လျှင် ရှုံး/ထွက်သို့ တက်ရောက်နိုင်ရန် အခွင့်အရေးရသွားပေမည်။ သို့သော် ဘောလုံးတွင် မည်သည့်အရာမှ ယတိပြတ်ပြော၍မရသကဲ့သို့ အီကွေဒေါ်အနေဖြင့်လည်း ပြင်သစ်အား အနိုင်မရနိုင်ဟု ယတိပြတ်မပြောနိုင်။ အီတလီ၊ ဥရုဂွေးတို့ပင်လျှင် ကော်စတာရီကာအား ရှုံးနိမ့်ခဲ့သည်က သက်သေဖြစ်သည်။ ထိုအပြင် ပြင်သစ်သည် လက်ရှိအချိန်၌ပင် ခြောက်မှတ်ရထားပြီးဖြစ်သည်။ ဝဲအားလုံးကန်လျှင်ပင် သူတို့ထက်အမှတ်ပိုများနိုင်သူမရှိ။ အမြင့်ဆုံး သူတို့နှင့်အမှတ်တူအသင်းသာ ရှိလာနိုင်သည်။ ထိုသို့သော အခြေအနေမျိုးတွင် ပြင်သစ်သည် ဂိုးကွာခြားမှု၌ +၆ အထိရနေပေရာ ပြင်သစ်သည် အုပ်စုပထမနေရာအတွက်ပင် သေချာနေပြီဟု ဆိုနိုင်သည်။ ထို့ကြောင့် ပြင်သစ်သည် နောက်ဆုံးပွဲစဉ်၌ ခြေကန်ထုတ်ပါမည်လော။ လကန်ထုတ်ပါမည်လော ဆိုသည်မှာ မသေချာသကဲ့သို့ အီကွေဒေါ်သည်လည်း အခွင့်အရေးမရနိုင်ဟု ဆို၍မရပေ။ အကယ်၍သာ အီကွေဒေါ်သည် ပြင်သစ်အား အနိုင်ရခဲ့လျှင် ဆွစ်ဇာလန်အနေဖြင့် ဟွန်ဒူးရပ်စ်ကို နိုင်ရုံနှင့်မဖြစ်နိုင်တော့ပေ။ ဂိုးပြတ်အနိုင်ရပါမှ နောက်တစ်ဆင့်တက်ရောက်နိုင်ရေး မျှော်လင့်ချက်ရှိမည်ဖြစ်သည်။

ဆိုရလျှင် ထိုသို့ဖြစ်ရခြင်းမှာ ပြင်သစ်အား ရှုံးသင့်သောပမာဏထက် ပို၍ ရှုံးနိမ့်ခဲ့သောကြောင့်ပင်။ ထို့ကြောင့်ပင် သူတို့အား မမှားသင့်သောအမှားကို ကျူးလွန်ခဲ့ကြသူများအဖြစ် ကင်ပွန်းတပ်ခြင်းဖြစ်သည်။ နောက်ဆုံးပွဲတွင် အီကွေဒေါ်သည် ဖြစ်ရိုး၊ ဖြစ်စဉ်အတိုင်းပင် ပြင်သစ်အား ရှုံးနိမ့်ခဲ့သည်တိုင် ဆွစ်ဇာလန်သည် ဟွန်ဒူးရပ်စ်အား ရှုံး၍မဖြစ်။ ဆိုရလျှင် ဆွစ်ဇာလန်သည် ဟွန်ဒူးရပ်စ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့လျှင် ဟွန်ဒူးရပ်စ်နှင့် အမှတ်တူသွားမည်ဖြစ်သည့်အပြင် ဂိုးကွာခြားမှုအရာ၌ပါ ဆွစ်ဇာလန်တို့ နိမ့်သွားနိုင်ကာ ပြိုင်ပွဲမှ ထွက်ရပေလိမ့်မည်။ ထို့ကြောင့် ဆွစ်ဇာလန်အနေဖြင့် ယခုပွဲတွင် အနိုင်ရပါမှ အရာအားလုံး စိတ်ချရပေလိမ့်မည်။ ထို့ကြောင့်ပင် ဆွစ်ဇာလန်သည် နောက်ဆုံးပွဲ၌ ခြေကန်ထုတ်လာမည်မှာ သေချာသည်။

ထိုနည်းတူ ဆိုခဲ့သည့်အတိုင်း ဟွန်ဒူးရပ်စ်သည် ဆွစ်ဇာလန်အား နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလျှင် ဂိုးကွာဟမှုအရ ဆွစ်ဇာလန်ကို ကျော်ဖြတ်နိုင်မည်။ ထိုအခြေအနေတွင် အကယ်၍ အီကွေဒေါ်သာ ပြင်သစ်ကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့မည်ဆိုပါက အုပ်စုတွင်းနောက်ဆုံးရပ်တည်မှုသည် ဤသို့ဖြစ်သွားမည်-

အသင်း	[illegible]	[illegible]	[illegible]	[illegible]	[illegible]	ပေးဂိုး	ဂိုးကွာမှု	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
ဟွန်ဒူးရပ်စ်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
အီကွေဒေါ်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
ဆွစ်ဇာလန်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

သို့ဆိုလျှင် ဟွန်ဒူးရပ်စ်သည်ပင် နောက်တစ်ဆင့်ရောက်သွားပေလိမ့်မည်။ ဆိုရလျှင် အီကွေဒေါ်အနေဖြင့် စိတ်ဓာတ်၊ ခြေစွမ်းအကောင်းဆုံးဖြစ်နေသော ပြင်သစ်အား ထိုသို့မရှုံးနိုင်ဟု မဆိုနိုင်။ ထို့ကြောင့် ဟွန်ဒူးရပ်စ်သည်လည်း နောက်ဆုံးပွဲ၌ နောက်ဆုံးမျှော်လင့်ချက်အတွက် ခြေကန်ထုတ်လာမည်က သေချာသည်။ ထိုသို့ဆိုလျှင် ဆွစ်ဇာလန်အနေဖြင့် ရုန်းကန်ရမည်က သေချာသည်။ ဆိုခဲ့သည့်အတိုင်း ဆွစ်ဇာလန်၏ခြေသည်လည်း လက်ရှိအချိန်၌ သာမန်ထက်မပို။ အဖွင့်ပွဲ၌ အီကွေဒေါ်အား ခက်ခဲစွာ အနိုင်ယူခဲ့ရသည်က သက်သေဖြစ်သည်။ အရင်းဆိုရလျှင် ထိုပွဲ၌ ဆွစ်ဇာလန်သည် ကံကောင်း၍သာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ထိုခြေမျိုးအရ ယခုပွဲ၌လည်း ဟွန်ဒူးရပ်စ်အား သိသိသာသာ အသာရရန်ခက်သည်။ ထိုအပြင် သူတို့တွင် အစဉ်အလာဆိုးတစ်ခုလည်းရှိသည်။ ဤသည်မှာ ၂၀၁၀ ကမ္ဘာ့ဖလားတွင် ယခုကဲ့သို့ပင် အနိုင်ရခဲ့ပြီးသည်နောက် နိုင်ပွဲထပ်မံရယူနိုင်ခြင်းမရှိ၍ အုပ်စုနောက်ဆုံးသို့ ရောက်ကာ ပြိုင်ပွဲမှထွက်ခဲ့ရဖူးသည်။ ထိုစဉ်ကလည်း အုပ်စုနောက်ဆုံးပွဲစဉ်တွင် ဟွန်ဒူးရပ်စ်ကို အနိုင်မယူနိုင်၍ ပြိုင်ပွဲမှ ထွက်ခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် ယခုပွဲစဉ်တွင်လည်း ဆွစ်ဇာလန်တို့ ရုန်းကန်ရနိုင်ကာ နိုင်လျှင်ပင် ပြတ်သားဖွယ်မရှိပေ။

နောက်ကျောတွင် ဗန်ပါစီနှင့် ဗန်ဟားလ်ပုံ တက်တူးထိုးအားပေးတဲ့ ဒတ်ချ်ပရိသတ်

ဘရာဇီးနိုင်ငံတွင် ကျင်းပလျက်ရှိသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဟော်လန်အသင်းမှာ ခြေစွမ်းပြလျက်ရှိပြီး ချန်ပီယံစပိန်အသင်းနှင့် ဩစတြေးလျ အသင်းတို့ကို အနိုင်ရကာ ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီးဖြစ်ကာ ကမ္ဘာ့ဖလားရယူနိုင်သည့်အသင်းအဖြစ် ရေပန်းစားနေသည်။ နယ်သာလန်နိုင်ငံမှ အဆိုတော်တစ်ဦးဖြစ်သူ အန်ဒရီပရွန်ခ်သည် ဘရာဇီးနိုင်ငံတွင် ခြေစွမ်းပြလျက်ရှိသော လိမ္မော်ရောင်တပ်သားများအား တက်တူးထိုး၍ အားပေးရန် ဆုံးဖြတ်ခဲ့သည်။

ထို့ကြောင့် သူသည် ရော့တာဒန်ရှိ တက်တူးဆိုင်တစ်ဆိုင်သို့သွားကာ စပိန်အသင်းနှင့်ပွဲတွင် လှလှပပ ခုန်ပျံခေါင်းတိုက်ဂိုးသွင်းခဲ့သော တိုက်စစ်မှူး ဗန်ပါစီနှင့် နယ်သာလန်အသင်းနည်းပြ လူးဝစ်ဗန်ဟားလ်၏ ပုံတူပန်းချီကို သူ၏နောက်ကျောဘက်တွင် တက်တူးထိုးခဲ့သည်။

[သုတ]

ဂိုးသမားနှင့်အတူ သံသယဖြစ်ဖွယ်အောင်ပွဲခံတဲ့ ဒိုင်လူကြီး

ကမ္ဘာ့ဖလားပြိုင်ပွဲဝင် နိုင်ဂျီးရီးယားအသင်းကို လှပိုပွဲပြုလုပ်သည့် စွပ်စွဲချက်များက အရိပ်ဆုံးပမာ ကပ်လိုက်နေချိန်တွင် ဘော့စနီးယားအသင်းနှင့် ကစားပြီးနောက် အွန်လိုင်းများပေါ်တွင် ကသိကအောက်ဖြစ်စရာ ဓာတ်ပုံတစ်ပုံ ထွက်ပေါ်လာခဲ့သည်။ ထိုပွဲစဉ်တွင် နိုင်ဂျီးရီးယားသည် ပီတာ အိုဒန်ဝင်ဂီ၏ဂိုးဖြင့် ဘော့စနီးယားအသင်းကို အနိုင်ရရှိခဲ့သော်လည်း အစောပိုင်းပွဲတွင် အီဒင်ဒီဇီကိုသွင်းယူသည့် ဂိုးတစ်ဂိုးအား ဂိုးမပေးခဲ့သောကြောင့်သာ ကံကောင်းခဲ့ခြင်း ဖြစ်သည်။ ဒိုင်လူကြီး ပီတာအိုလယ်ရီမှာ ထိုဂိုးခွင့်မပြုခဲ့ခြင်းကြောင့် အပြင်းအထန်ဝေဖန်ခံခဲ့ရပြီး ပွဲသိမ်းခရာမှုတ်ချိန်တွင် နိုင်ဂျီးရီးယားဂိုးသမားနှင့် အောင်ပွဲခံနေသော သူ့ကို ကင်မရာသမားများက [illegible] ပြသွားခဲ့သည်။ ပွဲအပြီး နိုင်ဂျီးရီးယား ကစားသမားများက ပြိုင်ဘက် ဘော့စနီးယားကစားသမားများကို နှစ်သိမ့်နေချိန်တွင် ထိုအဖြစ်အပျက်ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အီရန်ကိုအနိုင်ယူရန်ခက်သည့် ဘော့စနီးယား

ရက်စွဲ	၂၅-၆-၂၀၁၄
အချိန်	ည ၁၀း၃၀
ကစားမည့်ကွင်း -	Arena Fonte Nova

ဘော့စနီးယားနှင့် အီရန်။ ထိုပွဲသည် ရည်မှန်းချက်မတူသောပွဲဖြစ်သည်။ ဘော့စနီးယားသည် လက်ရှိအချိန်၌ နှစ်ပွဲကစားပြီးချိန်တွင် နှစ်ပွဲစလုံးရှုံးနိမ့်ထားခဲ့သည်အတွက် ပြိုင်ပွဲမှထွက်ခွာရန် သေချာနေပြီဖြစ်သည်။ သို့သော် အမှတ်ရယူထားနိုင်ခြင်းမရှိသေး၍ ယခုနောက်ဆုံးပွဲစဉ်တွင် သိက္ခာအရအနိုင်ရရှိရန် အားစိုက်လာမည်ကသေချာသည်။ ထိုနည်းတူ အီရန်သည်လည်း လက်ရှိအချိန်၌ တစ်မှတ်သာရထားသည့်အသင်းဖြစ်သော်လည်း နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ရှိနေသေးသောအသင်းဖြစ်သည်။ အကယ်၍ နိုင်ဂျီးရီးယားနှင့် အာဂျင်တီးနားပွဲ၌ နိုင်ဂျီးရီးယားသာ ရှုံးနိမ့်ခဲ့လျှင် အီရန်သည် ယခုပွဲ၌ ၂-၀ ဖြင့် အနိုင်ယူထားနိုင်မည်ဆိုပါက အမှတ်တူအခြေအနေတွင် အီရန်သည်ဂိုးကွာဟချက်အသာဖြင့် နောက်တစ်ဆင့်တက်ရောက်သွားနိုင်မည်ဖြစ်သည်။ အကယ်၍ နိုင်ဂျီးရီးယားသည် အာဂျင်တီးနားအား ဂိုးပြတ်ရှုံးနိမ့်ခဲ့လျှင်မူ အီရန်သည် ယခုပွဲအနိုင်ရရုံနှင့်ပင် နောက်တစ်ဆင့်တက်ရောက်သွားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် အီရန်အနေဖြင့်လည်း အနိုင်ရရန်အားစိုက်လာမည်ဖြစ်ရာ ပွဲမှာအကြိတ်အနယ်ရှိမည်က သေချာပေသည်။

ဆိုရလျှင် အီရန်၏ခြေစွမ်းသည် ယခုပွဲ၌ ကောင်းမွန်သည်ဟုဆိုနိုင်သည့်၊ အာဂျင်တီးနားကိုပင် အကောင်းဆုံးခံကစားနိုင်ခဲ့သည်ကိုတွေ့ရသည်။ အထူးသဖြင့် အီရန်၏ခံစစ်ကြောင်းသည် ယခုပြိုင်ပွဲ၌ ကျစ်လျစ်မှုရှိသည်။ နိုင်ဂျီးရီးယားနှင့်ပွဲတွင် ဂိုးပေးရခြင်းမရှိသကဲ့သို့ အာဂျင်တီးနားနှင့် ပွဲတွင်လည်း မက်ဆီ၊ အဂွေရို၊ ဟစ်ဂွါယင်တို့ ဦးဆောင်လာသော အာဂျင်တီးနားတိုက်စစ်ကိုပင် အကောင်းဆုံးဟန့်တားနိုင်ခဲ့ပေသည်။ ဝဲသမား ဟာဂျီဂျီ၏ လက်စွမ်းမှာ တည်ငြိမ်မှုရှိသကဲ့သို့ ဗွန်တာဇီရီ၊ ပိုလာဒီတို၏ ခံစစ်ဖုန်သည်လည်း တွဲဖက်မိသည်။ မာကျောမှုရှိသည်။ ထိုအပြင် ရိုဂျာအီ၊ ရီဇာတို့ဦးဆောင်သော အီရန်၏ထိုးစစ်သည်လည်း မာကျောမှုနှင့်လျှင်မြန်မှုတို ပေါင်းစပ်ကာ ပြိုင်ဘက်ခံစစ်ကိုအကောင်းဆုံးခြိမ်းခြောက်နိုင်သူများဖြစ်သည်။ ဆိုချင်သည်မှာ အီရန်သည် ဘော့စနီးယားအား အကောင်းဆုံး တုပြန်နိုင်စွမ်းရှိခြင်းဖြစ်သည်။

ဆိုရလျှင် အီရန်သည် ဘော့စနီးယားနှင့် သမိုင်းတစ်လျှောက် ငါးကြိမ်တိတိဆုံခဲ့ဖူးသည်။ အဆိုပါ ငါးကြိမ်တွင် အီရန်သည် ဘော့စနီးယားအား တစ်ကြိမ်မှ ရှုံးနိမ့်ခြင်းမရှိသကဲ့သို့ တစ်ကြိမ်သာ သရေကျခဲ့ဖူးသည်ကို မှတ်တမ်းများရ၍သတွေ့ရပေလိမ့်မည်။

၂၀၀၉	ဘော့စနီးယား	၂-၃	အီရန်
၂၀၀၆	အီရန်	၅-၂	ဘော့စနီးယား
၂၀၀၅	အီရန်	၂-၁	ဘော့စနီးယား
၂၀၀၁	အီရန်	၄-၀	ဘော့စနီးယား
၂၀၀၁	ဘော့စနီးယား	၂-၂	[illegible]

ထို့ကြောင့်ပင် ဤမှတ်တမ်းများအရ အီရန်သည် ဘော့စနီးယားအား အစဉ်အလာပိုင်း၌ အသာရနေသည်။ ဆိုရလျှင် အဆိုပါပွဲများသည် ခြေစမ်းပွဲများဖြစ်သော်လည်း မှတ်တမ်းသည်ယုံကြည်မှုကို စေစားနိုင်စွမ်းရှိသည်။ အစဉ်အလာကောင်းလျှင် ယုံကြည်မှုမြင့်မားနိုင်ပြီး အစဉ်အလာမကောင်းလျှင် ပွဲမစခင်၌ပင် ပြိုင်ဘက်အားစိုးရိမ်နေနိုင်သကဲ့သို့ ယုံကြည်မှုကိုလည်း ထိခိုက်နိုင်ပေလိမ့်မည်။ အထူးသဖြင့် ဘော့စနီးယားသည် ဇက်ကို၊ အိုင်ဘီဆီးဗစ်၊ မက်ဆီမိဗစ်၊ ပျာနစ်တို့ကဲ့သို့သော ကစားသမားကောင်းများရှိသော်လည်း ယခုပြိုင်ပွဲတွင် ထင်သလောက်ခြေစွမ်းမပြနိုင်။ အထူးသဖြင့် အကေတကစစမှူး ဇကကသည အကောင်းဆုံးခြေစွမ်းကမရရှိသကဲ့သို့ ကွင်းလယ်သည်လည်း တိုက်စစ်ကိုပံ့ပိုးမှုအရ ကောင်းမွန်မှုမရှိပေ။ ထို့ကြောင့် ဘော့စနီးယားသည် သိက္ခာအရ အနိုင်ရရှိရန်ကြိုးစားလာမည်ဆိုသော်လည်း အီရန်အား အသာရရန်ခက်ခဲပေလိမ့်မည်။

အထူးသဖြင့် အီရန်ကသာမာကျောမှုနှင့် ခံစစ်ကိုအားပြုကာ ကစားသွားလျှင် ဘော့စနီးယားတို့ကစစ်အနေဖြင့် ဂိုးရရှိရန်ရုန်းကန်ရမည်ကသေချာသည်။ ထိုအပြင် ပွဲတိုင်းဂိုးပေးနေရသော ဘော့စနီးယား၏ ခံစစ်သည်လည်း လျှင်မြန်သော အီရန်၏တန်ပြန်တိုက်စစ်အားထိခိုက်ရန် ခက်ပေလိမ့်မည်။ ထို့ကြောင့် ယခုပွဲတွင် နောက်တစ်ဆင့်တက်နိုင်ရေးဟူသော စိတ်ပိုင်းဖြတ်မှုပြင်းပြင်းနှင့် အီရန်က ခြေကန်ထုတ်လာမည်။

အုပ်စုပထမနေရာအတွက်

အမှားခံမည်မဟုတ်သည့် အာဂျင်တီးနား

နိုင်ဂျီးရီးယားနှင့် အာဂျင်တီးနား။ အနည်းငယ်စိတ်ဝင်စားဖွယ်ကောင်းသော ပြဿနာ၏ ရမည်လော။ အာဂျင်တီးနား အနေဖြင့် နှစ်ပွဲကစား နှစ်ပွဲအနိုင်ဖြင့် နောက်တစ်ဆင့်တက်နေသည်မှာမှန်သည်။ သို့သော် အုပ်စုပထမဖြစ်ရန် မသေချာသေး။ အာဂျင်တီးနားသည် [illegible] ခြောက်မှတ်သာရမည်။ နိုင်ဂျီးရီးယားမှာမူ သုံးမှတ်အား အနိုင်ရခဲ့ပါမူ ခုနစ်မှတ်ရမည်ဖြစ်သည်။ သို့ဆိုလျှင် နိုင်ဂျီးရီးယားသည် အုပ်စု (F) ၌ အုပ်စုပထမရသွားမည် ဖြစ်ရာ နိုင်ဂျီးရီးယားသည်အုပ်စု(E) ၌ အုပ်စုပထမ ရလာနိုင်သည့် ပြင်သစ်အားရှောင်လွဲပြီးသား ဖြစ်သွားမည်ဖြစ်သကဲ့သို့ အာဂျင်တီးနားမှာမူ ပြင်သစ်နှင့် ထိပ်တိုက်တွေ့ရပေတော့မည်။ ထို့ကြောင့် အာဂျင်တီးနားသည် လက်ရှိအချိန်၌ အုပ်စုပထကရန် သေချာနေသော်လည်း နိုင်ဂျီးရီးယားအား ပေါ့ပေါ့တန်တန်ကစား၍ မရ။ ထိုနည်းတူ နိုင်ဂျီးရီးယားသည်လည်း လက်ရှိအချိန်တွင် လေးမှတ်ရနေသည့်တိုင် ထပ်၍ ပေါ့ပေါ့တန်တန်ကစား၍မရ။ အထူး[illegible]ဖြင့် လက်ရှိအချိန်တွင် အီရန်သည် ရမှတ်တစ်မှတ်သာရရှိထားသော်လည်း အကယ်၍ နောက်ဆုံးပွဲစဉ်တွင် ဘော့စနီးယားအား အနိုင်ရခဲ့ပါက လေးမှတ်ရလာမည်ဖြစ်ရာ နိုင်ဂျီးရီးယားသာ အာဂျင်တီးနားကိုရှုံးခဲ့ပါမူ လေးမှတ်ချင်း တူညီသွားပေလိမ့်မည်။ ထိုအခြေအနေတွင် ဂိုးကွာခြားမှုအရ နိုင်ဂျီးရီးယားက +၁ ဖြစ်ကာ အီရန်က -၁ ဖြစ်နေသည်။ ထို့ကြောင့် နိုင်ဂျီးရီးယားသည် အာဂျင်တီးနားအား ရှုံးနိမ့်ခဲ့ပြီး အီရန်က ဘော့စနီးယားအား နှစ်ဂိုးအသာဖြင့် အနိုင်ရခဲ့လျှင် အမှတ်တူအနေအထားနှင့်ပင် နိုင်ဂျီးရီးယားတို့ ပြိုင်ပွဲကထွက်သွားရနိုင်သည်။ ထို့ကြောင့် နိုင်ဂျီးရီးယားသည်လည်း အာဂျင်တီးနားအား ပေါ့ပေါ့တန်တန်ကစား၍မရ။ အနိမ့်ဆုံးသရေလောက်ကစားနိုင်ပါမှ သေချာမည်ဖြစ်ရာ ထိုသည့်စိတ်ဝင်စားဖွယ်ကောင်းနေသကဲ့သို့ အကြိတ်အနယ်ရှိမည်ဟု သေချာသည်။

မိနစ်ရောက်မှပင် အနိုင်ဂိုးရခဲ့ခြင်းဖြစ်သည်။ အာဂျင်တီးနားသည် ကစားသမားအင်အားပြင်း တောင့်တင်းသောအသင်းဖြစ်သည်မှာ မှန်သည်။ အထူးသဖြင့် အာဂျင်တီးနား၏ တိုက်စစ်တွင် ကစားသမားကောင်းများစွာပါ

[illegible]ဖြင့် နိုင်ဂျီးရီးယားသည် ဆိုခဲ့သည့်အတိုင်း ယခုပွဲအနိုင်ရခဲ့မည်ဆိုပါက အုပ်စုပထကရန် သေချာမည့်အပြင် အုပ်စုပထမပင်ရသွားပေမည်။ ထိုအခြင်းအရာသည် မြားတစ်စင်းနှင့်ပစ်မှတ်နှစ်ခုကို ပစ်ခြင်းလည်းဖြစ်ရာ အာဂျင်တီးနားအား အကောင်းဆုံး စိတ်ဓာတ်၊ အကောင်းဆုံးခြေစွမ်းတို့ဖြင့် အနိုင်ယူနိုင်ရန် ကြိုးစားသွားမည်ဟု သေချာသည်။ သို့ဆိုလျှင် နိုင်ဂျီးရီးယား၏ အဆိုပါကစားအားက အာဂျင်တီးနားတို့ လွယ်လွယ်ကျော်ဖြတ်နိုင်ပါမည်လောဆိုသည်မှာ စိတ်ဝင်စားဖွယ်ကောင်းနေပေသည်။ အထူးသဖြင့် အာဂျင်တီးနားသည်လက်ရှိကမ္ဘာ့ဖလားပွဲ၌ ထင်သလောက် ခြေစွမ်းပြနိုင်ခြင်းမရှိ။ အီရန်နှင့် ကစားခဲ့ရာတွင်လည်း နောက်ဆုံး

ပင်နေသည်။ သို့သော် အာဂျင်တီးနားသည် မျှော်မှန်းထားသကဲ့သို့ ခြေစွမ်းမပြနိုင်။ အဂူရို၊ ဟီဂွါယင်တို့သည် ယခုကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပုံမှန်ခြေစွမ်း ပျောက်ဆုံးလျက်ရှိသလို လာဗက်ဇီနှင့် ပကာစီယိစ်တို့သည်လည်း ထင်သလောက် အားကိုးရခြင်းမရှိပေ။ ထို့ကြောင့် အာဂျင်တီးနားသည် ဂိုးရရှိရန် မက်ဆီအပေါ်တွင်သာ အမှီပြုနေရသကဲ့သို့ မက်ဆီအားအကောင်းဆုံးဖန်တီးပေးနိုင်သော ကွင်းလယ် ကစားသမားမရှိခြင်းအတွက်ကြောင့်လည်း မက်ဆီသည်ဂိုးတစ်ဂိုးသွင်းနိုင်ရန်ပင် ခက်ခက်ခခရုန်းကန်နေရကာ အာဂျင်တီးနားသည်လည်း ဂိုးရရန်ရုန်းကန်နေရခြင်း ဖြစ်သည်။

နိုင်ဂျီးရီးယားသည် အာဂျင်တီးနားအား မာကျော့မနှင့် တုံ့ပြန်ကစားသွားမည်ဟု သေချာသည်။ သို့ဆိုလျှင် အာဂျင်တီးနား သည် ပို၍ပင် ရုန်းကန်ရနိုင်ပေသည်။ အထူးသဖြင့် အာဂျင်တီးနားသည် အီရန်နှင့် ရင်ဆိုင်ခဲ့ရစဉ်က မာကျော့စွာ ပိတ်ဆို့တုံ့ပြန်ကစားသွားသော အီရန်အား ခက်ခက်ခဲခဲအနိုင်ယူခဲ့ရသည်။ ဆိုချင်သည်မှာ အာဂျင်တီးနားသည် မာကျော့စွာ တုံ့ပြန်တတ်သောအသင်းများနှင့်တွေ့လျှင် အနိုင်ရရန်ခက်ခဲတတ်သည့်သဘောရှိခြင်းပင်ဖြစ်သည်။ အရင်းဆိုရလျှင် အာဂျင်တီးနားသည် နိုင်ဂျီးရီးယားနှင့် ခြောက်ကြိမ်ဆုံခဲ့ဖူးရာ တစ်ကြိမ်သာပိုးဖြတ်အနိုင်ရဖူးသည်ကို ဤသို့ တွေ့ရပေလိမ့်မည်။

၂၀၁၀ အာဂျင်တီးနား ၃ - ၁ နိုင်ဂျီးရီးယား
၂၀၁၀ နိုင်ဂျီးရီးယား ၄ - ၁ အာဂျင်တီးနား
၂၀၁၀ အာဂျင်တီးနား ၀ - ၀ နိုင်ဂျီးရီးယား
၂၀၀၂ အာဂျင်တီးနား ၀ - ၀ နိုင်ဂျီးရီးယား
၁၉၉၅ [illegible] ၀ - ၀ [illegible]
၁၉၉၄ အာဂျင်တီးနား ၂ - ၁ နိုင်ဂျီးရီးယား

ထို့ကြောင့် အာဂျင်တီးနားအနေဖြင့် နောက်တစ်ဆင့်တက်နိုင်ရေးနှင့် အုပ်စုပထမ ရရှိရေးအတွက် အားစိုက်လာမည့် နိုင်ဂျီးရီးယားကို လွယ်လွယ်နှင့်အသာရရန် ခက်ခဲပေမည်။ သို့သော် အာဂျင်တီးနားသည် တစ်ဦးချင်း ခြေစွမ်းအရ ပိုမိုထက်မြက်မရှိသည်။ အသင်းအား အကျဉ်းအကျပ်ထဲမှ ကယ်တင်နိုင်သည့် ကစားသမားများ ပါ၍များသည်။ ထိုအပြင် အာဂျင်တီးနားသည် ဗိုလ်လုပွဲတက်နိုင်ရန် အထိပင် ရည်ရွယ်ထားသောအသင်းဖြစ်နေသည့်အတွက် ယခုပွဲမျိုးတွင် အမှားခံမည်မဟုတ်။ အကယ်၍တစ်စုံတစ်ရာအမှားအယွင်းဖြစ်ခဲ့ပါက ဆိုခဲ့သည့်အတိုင်း ပြင်သစ်နှင့် ရှေ့ထက်၌ မင် ကြုံတွေ့သွားရနိုင်ကာ ကာတားတက်နိုင်ရေးအတွက်ပင် ခက်ခဲသွားပေလိမ့်မည်။ ထို့ကြောင့် အာဂျင်တီးနားအနေ ဖြင့် ပြင်သစ်ကိုရှောင် နိုင်ရန်အားစိုက်ကစားသွားမည်ဖြစ်သကဲ့သို့ ယခုပွဲ၌လည်း ကပ်၍အနိုင်ရသွားမည်ဟု ယူဆမိသည်။ [ရှိုင်းမင်းမင်း]

အုပ်စု (F) ၏ အမှတ်ရရှိမှုအခြေအနေ

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ဂိုး	ပေး	[illegible]	[illegible]
အာဂျင်တီးနား	၂	၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
နိုင်ဂျီးရီးယား	၂	၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
အီရန်	၂	၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
ဘော့စနီးယား	၂	[illegible]	[illegible]	၂	[illegible]	[illegible]	-၂	[illegible]

အသင်းကစားပုံပိုမိုကောင်းမွန်လာတော့မည်ဟု အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီပြောဆို

အာဂျင်တီးနား အသင်းခေါင်းဆောင် မက်ဆီက လက်ရှိ အာဂျင်တီးနားအသင်း၏ ကစားပုံမှာ တိုးတက်လာသည်ဟု ယုံကြည်နေသည့်အတွက် ယခုထက်ပိုပိုကောင်းမွန်အောင် ကစားနိုင်သည်ဟု ဝန်ခံပြောဆိုလိုက်သည်။

အာဂျင်တီးနားအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲအဖြစ် အုပ်စုပွဲစဉ်ကစားထားရာတွင် နှစ်ပွဲစလုံး အနိုင်ရရှိထားသည့်အတွက် ၁၆ သင်းအဆင့်သို့ တက်ရောက်နိုင်ခဲ့သော်လည်း အသင်း၏ကစားပုံမှာ ကောင်းမွန်မှုပရှိဖြစ်နေသည်။ အဆိုပါနှစ်ပွဲလုံးတွင် ဂိုးသွင်းယူထားသည့် မက်ဆီကလည်း လက်ရှိအသင်း၏ကစားပုံမှာ ၎င်းတို့လိုချင်သည့် အနေအထားမျိုးတင် ရှိမနေကြောင်း ပြောဆိုသွားသည်။

မက်ဆီက "ကစားခဲ့တဲ့နှစ်ပွဲကိုပြန်ပြီးလေ့လာသုံးသပ်မယ်ဆိုရင် ကျနော်တို့အကောင်းဆုံးကစားနိုင်ခဲ့တယ်လို ပြောလို့ရပေမယ့် ကျနော်တို့ကစားပုံ တိုးတက်လာပြီဖြစ်တာမို့ ကျွန်တော်တို့လိုချင်တဲ့ပုံစံကို အပြည့်အဝရလာတော့မှာပါ။ ကျွန်တော်တို့ မျှော်လင့်ထားသလောက် မကစားနိုင်ခဲ့ဘူးဆိုတာ သိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ ပထမရည်မှန်းချက်ကတော့ အောင်မြင်သွားပါပြီ။ အမှားတွေကိုတော့ ဖြင့်ဆင်ဖို့လိုပါသေးတယ်"ဟု ပြောသွားသည်။

အာဂျင်တီးနားအသင်းသည် နိုင်ဂျီးရီးယားနှင့် ကစားရမည့် အုပ်စုနောက်ဆုံးပွဲစဉ်တွင် အနည်းဆုံးရမှတ် တစ်မှတ်ရရှိဖြင့် အုပ်စုပထမနေရာကို ရရှိသွားမည်ဖြစ်သည်။ [သစလင်]

iStock®

- ကုန်ရောင်း/ကုန်ဝယ်စာရင်း
- ငွေစာရင်း
- ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
- လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း

Galaxy Software Services Co., Ltd
ကျွမ်းကျင်ဝန်ထမ်းပေါင်း (၅၀) ကျော်ဖြင့် Customer ပေါင်း (၁၀၀၀) ကျော်ကို မြန်မာတစ်နိုင်ငံလုံးအနှံ့ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။
Website : www.galaxy.com.mm

Contact Us ...
YGN 09-73138079, 09-254151516
09-43064181
MDY 09-31406813, 09-91050973

ယာမင်းသူ
မြို့တွင်း၊မြို့ပြင်၊
နယ်ခရီးမျိုးစုံနှင့်လချုပ်ငှားရန်
ကားမျိုးစုံ ရှိပါသည်။
709255,0951 36421

၄-၆-၂၀၁၄ရက်ထုတ်ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၄)တွင် ပါရှိသော ဒေါ်ယာတားမီး၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေဒေါ်ချိုသိမ့်သိမ့်စင်၏ "ပိုင်ဆိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"အပေါ်အများသိစေရန်ပြန်လည်ရှင်းလင်းကြေညာခြင်း

အထက်ပါကြော်ငြာတွင်ဖော်ပြပါရှိသော မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ နယ်မြေ(၇)၊ အိမ်အမှတ်(၁၁၂)ရှိမြေကွက်အမှတ်(၃၁၃+ ၃၁၄)၊ ဦးပိုင်အမှတ်(၂၈၁+၂၈၃)၊ မြေချိန်ဧရိယာ(၀. ၀၆၆)ဧက(၇၂၀၀)စတုရန်းပေရှိ မြေကွက်(၂)ကွက်၏ မူလပိုင်ရှင်မှာ ကျွန်ုပ်၏ မိတ်ဆွေဦးအောင်စိုးလွင်၏ အဖိုးဖြစ်သူ ဦးမာမက်ရှုရစ်အမည်ဖြင့် ပိုင်ဆိုင်သောမြေကွက်ဖြစ်ပါသည်။ အဖိုးဖြစ်သူမှ ၁၉၆၂ခုနှစ်နောက်ပိုင်းတွင် ဒုတိယသားဖြစ်သူ ဦးတင်မောင်အမည်ဖြင့် အမည်ငှားဂရန်ပြုလုပ်ပေးခဲ့ခြင်းသာဖြစ်ပြီး ၎င်းဂရန်မူရင်းအား ဦးမာမက်ရှုရစ်၏ သားအငယ်ဆုံးဖြစ်သူ ဦးချစ်ဆွေထံထိန်းသိမ်းအပ်နှံ ထားရှိစေခြင်းဖြင့် ယနေ့တိုင်၎င်း၏လက်ဝယ်ရှိနေပါသည်။ အဖိုးဖြစ်သူ ဦးမာမက်ရှုရစ်မကွယ်လွန်မီ တတိယသားဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်စိုးလွင်၏ဖခင် ဦးခင်အောင်အား ၎င်းမြေကွက်(၂)ကွက်မှမြေကွက်(၁)ကွက်ကို ပိုင်ဆိုင်ရယူရန် သားသမီးအားလုံး၏ ရှေ့မှောက်တွင် မှာကြားထားရှိခဲ့ပါသည်။

၄-၆-၂၀၁၄ရက်ထုတ်ကြေးမုံသတင်းစာတွင်ပါရှိသော မြေကွက်(၂)ကွက်၏ပိုင်ရှင် အစစ်အမှန်မှာ ဦးတင်မောင်တစ်ဦးတည်းမဟုတ်ပါ။ အဆိုပါမြေကွက်များမှာ ယနေ့တိုင် အမွေဆိုင်ပစ္စည်းများအဖြစ်တည်ရှိနေပြီး အမွေခွဲဝေရယူခြင်းမရှိသေးပါ။ သို့ရာတွင် ဦးတင်မောင် ကွယ်လွန်ပြီးနောက် ဇနီးဖြစ်သူ ဒေါ်ယာတားမီးမှ ၎င်း၏တစ်ဦးတည်းပိုင်ဖြစ်စေရန် ဂရန်အသစ်ပြုလုပ်ရန် ဆောင်ရွက်နေကြောင်းစုံစမ်းသိရှိရသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေဦးအောင်စိုးလွင်မှမြစ်ကြီးနားခရိုင်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် တရားဝင်ကန့်ကွက်လျှောက်ထားခဲ့ပါသည်။ သို့ပါ၍သတင်းစာဖော်ပြပါ မြေကွက်(၂)ကွက်သည် အမွေဆိုင်ပစ္စည်းအဖြစ် တည်ရှိနေပြီးယနေ့တိုင် အမွေခွဲဝေရယူရခြင်းမရှိသေးသည့်အတွက် ဒေါ်ယာတားမီး၏ တစ်ဦးတည်းပိုင်အဖြစ် ၄-၆-၂၀၁၄ရက်ထုတ်ကြေးမုံသတင်းစာကြော်ငြာစာမျက်နှာ(၄)တွင် ဖော်ပြပါရှိချက်များမှာ မှန်ကန်မှုမရှိသည့်အတွက် ကန့်ကွက်ပါကြောင်း ဒေါ်ယာတားမီးနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

ဦးအောင်စိုးလွင်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းတင်(စဥ်-၄၈၅၇) တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၀၇)၊ သိတာရပ်ကွက်၊ မြစ်ကြီးနားမြို့။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မြင်းခြံမြို့၊ ကားကြီးကွင်းအတွင်း၊ အမှတ်(B-6,B-7)ရှိ ရွှေကမ္ဘာကုန်စည်ပို့ဆောင်ရေး ဂိတ်ပိုင်ရှင်ဦးတင်မောင်-ဒေါ်ခင်သန်းတို့၏သားဖြစ်သူ မောင်ကျော်မျိုးသန့်(ခ)ကာလီဘာ[၉/မခန(နိုင်)၁၀၄၅၀၁] သည်မိဘ၊ ညီအစ်ကို၊ မောင်နှမများ၏ ဆုံးမစကားကို နားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်၍ မိမိသဘောအလျောက်နေအိမ်မှ ထွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)

ဒေါ်ခင်သန်း
[၉/မခန(နိုင်)၀၂၅၀၁၆]

ဒီဇယ်၊ဓာတ်ဆီ
စက်ပြင်သင်တန်း
(နေ့ထိုင်မှုအခမဲ့)
၂၁အနောက်မြင်းမြိုင်ကွင်းလမ်း
တာမွေမီးသတ်ရုံအနီး ရန်ကုန်မြို့
